www.burmeseclassic.com

# စုလှမြ

## ပြန်လာမယ်ဆိုလာခဲ့ပါ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| မျက်နှာဖုံးပုံနှိပ် | ဦးကျော်စိန် (၀၂၉၀၉) |
| | ကျောက်စိမ်းအော့ဖ်ဆက် |
| | အမှတ် ၁၇၁၊ ၃၃ လမ်း၊ရန်ကုန် |
| အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့် (၀၅၉၀၁) |
| | ရာပြည့်အော့ဖ်ဆက် |
| | အမှတ် ၁၉၉၊ လမ်း ၅၀၊ |
| | ပုဇွန်တောင်၊ ရန်ကုန် |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင် (၀၁၆၉၂) |
| | ချိုတေးသံစာပေ |
| | ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃) |
| | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန် |
| စာမူခွင့်ပြုချက် | ၅၀၁၃၂၀၀၅၁၀ |
| အဖုံးခွင့်ပြုချက် | ၅၀၁၂၉၁၀၅၁၀ |
| ထုတ်ဝေခြင်း | ပထမအကြိမ်၊ ဒီဇင်ဘာလ ၂၀၀၅ |
| အုပ်ရေ | ၁၀၀၀ အုပ် |
| တန်ဖိုး | တစ်ရာကျပ် |
| မျက်နှာဖုံးပန်းချီဒီဇိုင်း | SuSan |


# စုလှဖြူ

# ပြန်လာမယ်ဆိုလာခဲ့ပါ

www.burmeseclassic.com



# အပိုင်း(တစ်)

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

ကြီးမားကျယ်ဝန်းလှသော ခြံကျယ်ကြီးထဲတွင် မီးရောင်စုံများက ထိန်လင်းနေဆဲပင်။

ညနေခင်းက ကျင်းပပြီးစီးခဲ့သည့် လက်ထပ်ပွဲက ထင်သည်ထက်ပိုပြီး စည်ကားသိုက်မြိုက်ခဲ့သည်မို့ သူ့ရင်ထဲမှာ ကျေနပ်နေမိသည်။

စားပွဲ၊ ကုလားထိုင်တွေကို မသိမ်းရသေးသောကြောင့် ခြံကျယ်ကြီးထဲတွင် ညနေခင်းကအတိုင်းရှိနေ၏။

အရင်းနှီးအခင်မင်ဆုံး သူငယ်ချင်းများကို အိမ်သို့လိုက်ပို့ပေးပြီးနောက် သူတစ်ယောက်တည်း ပြန်လာခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

အနီရောင် Double cab ကားကြီးကို ကားဂိုဒေါင်တစ်နေရာမှာရပ်ပစ်ခဲ့ပြီး ကားပေါ်မှ သူဆင်းလာခဲ့သည်။

ညနေခင်းကမှ လက်ထပ်ခဲ့သည့်အသစ်စက်စက် သတို့သမီးသည် သူ့ကိုစောင့်မျှော်နေပြီထင်ပါရဲ့. . .

သူ့ရင်ထဲထာဝရစွဲလမ်းနေမိခဲ့သည့် အမြတ်နိုးဆုံးမိန်းကလေး. . . ခုတော့ သူရဲ့တစ်ဦးတည်းသော သတို့သမီး မြနှင်းကေရီမေ. . .

သူမကို သူလက်ထပ်ခွင့်ရရန် အခါခါမျှော်လင့်ခဲ့မိသည် မဟုတ်ပါလား. . .

သူမျှော်လင့်ခဲ့သည့်အတိုင်းပင် သူမနှင့်လက်ထပ်ခွင့်ရခဲ့သောကြောင့် သူဝမ်းသာကြည်နူးမဆုံးဖြစ်ခဲ့ရ၏။

နှစ်နာရီခန့်မျှကြာမြင့်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲကျင်းပနေချိန်တွင် သူမသည် သူနှင့်လက်ချင်းချိတ်တွဲထားရသော်လည်း သူ့ကိုလုံးဝမကြည့်ပါ။

သူ့မျက်နှာကိုမကြည့်သလို သူ့ဘက်သို့ လုံးဝလှည့်





မကြည့်ခဲ့ပေ။

သူက သူမမျက်နှာလေးကို မြတ်နိုးမှုတွေဝေဆာနေသည့်မျက်ဝန်းများဖြင့် အကြိမ်ကြိမ်လှည့်ကြည့်ခဲ့မိသော်လည်း သူမကဖြင့်ယောင်၍ပင် လှည့်မကြည့်ခဲ့သောကြောင့် သူ့ရင်ထဲမကျေမနပ်ဖြစ်ခဲ့မိ၏။

ဧည့်ခံပွဲလာ ပရိသတ်အချို့က သတို့သမီးမျက်နှာကို အကဲခတ်ကြည့်နေကြရာမှ သူ့အတွက်စိတ်မကောင်းသလို အတင်းအဖျင်းပြောနေခဲ့ကြသည်။

သည်လိုနှင့်ပင် မင်္ဂလာပွဲကပြီးဆုံးသွားခဲ့သည်။

သူသည် အိမ်ရှေ့ပေါ်တီကိုဘေးတွင် စိုက်ပျိုးထားသည့်နှင်းဆီပင်မှ အလှဆုံးနှင်းဆီဝါတစ်ပွင့်ကို ခူးယူခဲ့ပြီး ကြီးမားလှသည့်တိုက်ကြီးထဲသို့ ဝင်လာခဲ့၏။

မြနှင်းကေရီမေ. . .

သူမမင်္ဂလာအိပ်ခန်းထဲတွင် ရှိနေပါလိမ့်မည်. . .

အိမ်ကြီး၏အပေါ်ထပ်ရှိ မင်္ဂလာအိပ်ခန်းကို သတို့သားဆင်ယော်စိုးကိုယ်တိုင် ပြင်ဆင်ထားခဲ့သည်မဟုတ်ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com



သူသည် တိုက်အိမ်ကြီး၏ပဥ္စမမြောက်အထပ်ရှိရာသို့ lift (ဓာတ်လှေကား)ဖြင့် တက်လာခဲ့သည်။

ပဥ္စမထပ်ရောက်တော့ တဖိတ်ဖိတ်တောက်ပနေသည့် ကျွန်းသားကြမ်းပြင်ပါကေးကွက်များပေါ် တစ်လှမ်းချင်း နင်းလျှောက်လာခဲ့သည်။

သူ့ရင်ခုန်သံ သူပြန်ကြားနေရသည်။

မြနှင်းဧကရီမေ . . .

သူ့အိပ်မက်တွေအားလုံးကို အမြဲလိုလိုစိုးမိုးခဲ့သည့် မြနှင်းဧကရီမေပါပဲ . . .

ခုတော့ သူမကိုသူပိုင်ဆိုင်ခွင့်ရခဲ့ပြီ မဟုတ်ပါလား . . .

မင်္ဂလာအိပ်ခန်းကျယ်ကြီးသည် ပေခြောက်ဆယ်ခန့်မျှ ကျယ်ဝန်းပြီး ပန်းနုရောင်ဇာကန့်လန့်ကာတစ်ထပ်၊ ပိုးကန့်လန့်ကာစတစ်ထပ်ဖြင့် ရက်စက်စွာလှပနေ၏။

အခန်းအဝင်ဝမှာ သူအတန်ကြာရပ်နေမိပြီးမှ ပန်းနုရောင်ဇာကန့်လန့်ကာစကိုဆွဲဖယ်၍ အထဲသို့ ကြည့်လိုက်မိသည်။





မင်္ဂလာခုတင်ပေါ် တင်ပလ္လင်ထိုင်နေသည့် သူမကို တွေ့လိုက်ရ၏။

သူမသည် မင်္ဂလာဝတ်စုံကို ဝတ်ထားဆဲပင်။

ပန်းနုရောင်ဇာစတ်စုံဖားဖားလေးနှင့် ဇာပဝါကို မချွတ်ရသေးပေ။

သူ့ဘက်ကျောပေးပြီး သူမထိုင်နေသည်။

တစ်ခန်းလုံး သနပ်ခါးရနံ့ကဲနေသည့် ရေမွှေးရနံ့က သင်းပျံ့ကြိုင်လှိုင်နေ၏။

အဝါရောင်နှင်းဆီပန်းအိုးတွေက အခန်းထောင့်တွေမှာ ရှိနေကြသည်။

သူမအနီးသို့ သူအသာတိုးကပ်လာခဲ့၏။

မြနှင်းဧကရီမေက သူ့ကိုလှည့်မကြည့်။

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်နေသည်။

"ဧကရီ"

သူမ၏ပခုံးနှစ်ဖက်ကိုအသာဆုပ်ကိုင်ပြီး ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှက်နေတာလား ကေရီ"

သူမငြိမ်သက်တိတ်ဆိတ်လွန်းနေသည်မဟုတ်ပါလား. . .

"ကေရီ့မျက်နှာလေး ကြည့်ခွင့်ပေးပါတော့"

သူ့နှလုံးသား၏ထာဝရပိုင်ရှင်၊ သူ့အိပ်မက်များကို ထာဝရစိုးမိုးနိုင်လွန်းသူလေး၏မျက်နှာလေးကို သူကြည့်ချင် မြင်ချင်လှပြီ။

ပန်းနုရောင်ဇာပဝါလေးကို သူဆွဲယူလိုက်ပြီး သူမမျက်နှာလေးကို မေးစေ့မှဆွဲမော့ပြီးကြည့်လိုက်သည်။

"ဟင်"

သူနောက်သို့ ခြေနှစ်လှမ်း သုံးလှမ်း ဆုတ်သွားမိသည်။

ပြီးတော့ သူမကို အံ့သြမယုံနိုင်စွာကြည့်နေမိ၏။ နှုတ်မှလည်း အံ့သြမယုံနိုင်လွန်းစွာ အော်ပြောနေမိသည်။ သူမအတွက် ခူးလာသည့်နှင်းဆီပန်းလေးလက်ထဲမှ လွတ်ကျသွားသည်။

"မင်း. . . မင်း ကေရီ ဟုတ်ရဲ့လား"





သူ့အသံက တုန်ယင်နေသလို သူ့အမူအရာက သွေးဆုတ်ဖြူရော်နေသည်။

"ညနေခင်းကပဲ ရှင်နဲ့လက်ထပ်ခဲ့တဲ့ မြနှင်းကေရီမေအစစ်ပါပဲ ကိုဇင်ယော်စိုး"

သူမအသံကကြည်လင်ပြီး ဆွဲဆောင်မှုတစ်ခုရှိနေသည်ဟု သူထင်သည်။

"ကိုယ်ချစ်တဲ့မိန်းကလေးဟာ သည်လောက်အိုသားမမည်းပါဘူး၊ ပြီးတော့ ဒီလောက်မဝဘူး"

ရင်ထုမနာဖြစ်နေသံ၊ အသည်းကွဲသံကြီးဖြင့် သူပြောနေမိသည်။

"ရှင်မြင်တဲ့အတိုင်းပဲပေါ့"

"အမလေးနှုတ်ခမ်းနီဆိုးထားတဲ့ နှုတ်ခမ်းကြီးတွေကလည်းထူလိုက်တာကွာ၊ ပါးပေါ်မှာလည်း ဆားဝက်ခြံတွေနဲ့၊ နှာခေါင်းကပြားပြား"

သူအံ့သြတွေဝေစွာ သူမမျက်နှာကိုငေးကြည့်နေမိသည်။

"အောက်နှုတ်ခမ်းပေါ်မှာ မှဲ့နက်ကြီးတစ်လုံး ဘယ်က



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာလဲ"

"ဒီမှာ သတို့သား၊ မေးခွန်းတွေက မများလွန်းဘူးလား ရှင့်၊ ဒီကနေ့နံနက် လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးတုန်းက ရှင်ဘာဖြစ်လို့ မပြောခဲ့တာလဲ"

"အဲဒီတုန်းက ကိုယ့်မျက်စိထဲမှာ ခုလိုမှကြည့်ရမဆိုးတာ၊ ခုမှ ချက်ချင်းကြီးပြောင်းလဲသွားတာတော့ ဘယ်ကောင်းမပါ့ မလဲနော်၊ ကိုယ်. . . ကိုယ်မှားသွားပြီထင်တယ် ကေရီ"

သူအရူးတစ်ယောက်လိုပြောနေသဖြင့် သူမသူ့ကိုကြည့် ပြီး တဟင်းဟင်းရယ်မောလိုက်၏။

"အဟင်း. . . ဟင်းဟင်း. . . ရှင်အစကပြောတော့ ကျွန်မအရုပ်ဆိုးသွားရင်လဲ ချစ်နေမယ်ဆို၊ ခုတော့ပြောင်းလဲ သွားပြီလား"

"မင်းဟာ ကိုကိုသိပ်စွဲလမ်းခဲ့တဲ့ ကေရီပဲလား"

"သိပ်သေချာတာပေါ့"

"မဖြစ်နိုင်ဘူးထင်တယ်"

"ရှင်ဘယ်လိုလူလဲ၊ ကိုယ်နဲ့လက်ထပ်ခဲ့တဲ့မိန်းကလေးကို





ဘယ်သူဘယ်ဝါဆိုတာ မသိဘူးလား"

"သိပ်သိတာပေါ့၊ မင်းကိုကိုယ်အကြီးအကျယ် စွဲလမ်းခဲ့၊ လိုက်ခဲ့သေးတာပဲ၊ ဒါပေမယ့် ကိုယ်တို့သုံးနှစ်လောက် ဝေးကွာ ခဲ့ကြတယ်၊ ပြန်တွေ့တွေ့ချင်းတောင်းရမ်းပြီး လက်ထပ်ခဲ့ကြ တာပဲ မဟုတ်လား"

သူ့မျက်နှာကို သူမက စေ့စေ့စိုက်ကြည့်ပြီး မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

"ရှင်ပဲသိပ်ချစ်ခဲ့မိပါတယ်ဆို၊ ခုဘာတွေ ဒီလောက် အကြောင်းရှာနေရတာလဲ ဦးဇင်ယော်စိုး"

ဇင်ယော်စိုး သူမတစ်ကိုယ်လုံးကို အကဲခတ်ကြည့်ရှု နေရာမှ သက်ပြင်းရှိုက်နေမိ၏။

သူသိပ်မြတ်နိုးခဲ့ရသည့် မိန်းကလေးသည် ဤမျှအရုပ် ဆိုး၊ အကျည်းတန်သွားလိမ့်မည်ဟု သူဘယ်တုန်းကမျှ မမျှော် ထင့်ခဲ့မိပါ။

"အချစ်မှာ မျက်စိမရှိဘူးဆို၊ မေတ္တာစစ် မေတ္တာမှန် ဆိုတာ ရုပ်ရည်နဲ့မဆိုင်ဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပြောတာလဲ"

"ကြားဖူးတာပေါ့"

"မင်းကြားဖူးတာ ငါနဲ့ဘာဆိုင်လဲကွာ၊ ငါက မင်းသိပ်လှလွန်းလို့ သိပ်ချစ်ခဲ့တာ"

သူမအနီးမှ လှည့်ထွက်ခဲ့ပြီး သူမှန်တင်ခုံရှေ့မှာ ရပ်နေမိသည်။

"ဦးဇင်ယော်စိုး"

သူမက သူ့ကျောဘက်မှာလာရပ်သည်။

"ကျွန်မကို ရှင်အသေအချာကြည့်ပါဦး၊ ကျွန်မဟာ မြနှင်းဧကရီအစစ်ပါပဲ"

"ဒါပေမယ့် မင်းဟာ ကိုယ့်စိတ်ကူးယဉ်ကမ္ဘာနဲ့ အိပ်မက်တွေထဲက ဧကရီလို မလှတာတော့သေချာတယ် မိန်းကလေး"

"ရှင်ပဲကျွန်မကို လက်ထပ်ချင်လှချည်ရဲ့ဆိုပြီး ကျွန်မမိဘတွေဆီမှာ မရမက လာပြောခဲ့တယ်မဟုတ်လား၊ ဒီကိစ္စ ကျွန်မတောင်သိခွင့်မရခဲ့ဘူး၊ ရှင်ကကျွန်မကိုကျော်ပြီး မိဘတွေနဲ့အပိုင်ကိုင်လိုက်တာ"





သူမစကားဆုံးတော့ လျှောင်ပြောင်ရယ်မောနေလေသည်။

သူမ၏လှောင်ပြောင်သရော်ပြုံးတွေကို ရင်မဆိုင်ဝံ့သလို သူလှည့်ထွက်လာခဲ့သည်။

"နေပါဦး"

သူမက သူ့လက်မောင်းတစ်ဖက်ကိုဆုပ်ကိုင်ပြီး တားဆီးလိုက်၏။

"ဒီမှာ ဦးဇင်ယော်စိုး"

"ပြောပါ"

"ရှင့်အပြုအမူတွေက စိမ်းကားလိုက်တာ၊ နောက်မှနောင်တရမနေနဲ့နော်"

"ကိုယ်က ဘာကြောင့်နောင်တရရမှာလဲ"

"ရှင်စိမ်းကားသလို ရှင့်အပေါ်ပြန်ပြီး စိမ်းကားမှာမကြောက်ဘူးလား"

သူဘာမှမပြောဘဲ သူမကိုခြေဆုံးခေါင်းဆုံးကြည့်ပြီး အတော်ခတ်နေမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အလုံးအရပ်ကတော့ ယခင်ကအတိုင်းပါပဲ. . .

အသားရောင်ကညိုသွားပြီး မျက်နှာလေးအတော်အကျည်းတန်သွားတာကလွဲလျှင် တကယ့်ဧကရီရယ်ပါ. . .

"ကိုယ့်ကိုခွင့်လွှတ်ပါ ဧကရီ၊ ကိုယ့်ရင်ထဲမှာ ရှုပ်ထွေးနေလို့ ကိုယ်တစ်ယောက်တည်း အေးအေးဆေးဆေးနေခွင့်ပေးပါ"

တောင်းတောင်းပန်ပန်ပြောပြီး သူအခန်းထဲမှ ထွက်လာခဲ့မိသည်။

ကိုယ်မမှားပါဘူး၊ သူဟာ ဧကရီအစစ်ပဲဖြစ်မှာပါ. . .

သူသည် တတိယထပ်သို့ဆင်းလာခဲ့ပြီး မိုဘိုင်းလ်ဖုန်းကိုဖွင့်လိုက်၏။

မြင့်ဦးထံသို့ ဖုန်းဆက်လိုက်သည်။

"ဟယ်လို မြင့်ဦးလား"

"ဟေ့ကောင် ဘာကိစ္စဖုန်းဆက်တာလဲ၊ ဒါဖုန်းဆက်ရမယ့် အချိန်မဟုတ်ဘူးကွ"

"မင်းကိုမေးစရာရှိလို့ ဆက်လိုက်တာပါ မြင့်ဦး"





"ဘာများလဲ ပြော ပြော"

"သည်ကနေ့ ငါနဲ့လက်ထပ်ခဲ့တဲ့ မြနှင်းဧကရီမေဟာ မင်းရဲ့နှမအစစ်ပဲလား"

"မင်းဘာတွေမေးနေတာလဲ"

"ဩော်. . . ငါဒီနေ့လက်ထပ်လိုက်တဲ့ သတို့သမီးဟာ မင်းရဲ့နှမ မြနှင်းဧကရီအစစ်ပဲလားလို့ ငါမေးနေတာလေ၊ ဖြေပါဦး"

သူ့စကားကြောင့် မြင့်ဦးနားမလည်နိုင်လောက်အောင် အံ့ဩသွားပြီး ခေတ္တတိတ်ဆိတ်သွားသည်။ ပြီးမှ. . .

"ဟေ့ကောင် မင်းရူးနေလား၊ ငါ့နှမ မြနှင်းဧကရီမေအစစ်ပေါ့ကွ၊ မင်းဘာတွေဖြစ်နေတာလဲ ဇင်ယော်စိုး" ဟု မြင့်ဦးက အော်ပြောပြီး ဖုန်းပိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

တိုက်ကြီးတတိယအလွှာရှိ ဆိုဖာအိအိကြီးတစ်လုံးပေါ်တွင် သူတစ်ယောက်တည်း အိပ်ပျော်နေမိသည်မဟုတ်ပါလား. . .

"ဂျိမ်း"

ပြတင်းပေါက်မှန်တံခါးနှင့် နံရံထိရိုက်သံကြောင့် သူ အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။

သူ့လက်မှနာရီကို ကြည့်လိုက်မိ၏။

ညဉ့်ဆယ့်နှစ်နာရီတိတိရှိနေပြီ မဟုတ်ပါလား. . .

သူဆက်ခနဲထထိုင်လိုက်မိပြီး ဝရန်တာသို့ထွက်လာခဲ့၏။





ကေရီ. . .

ကေရီ. . .

ကိုကိုသိပ်ချစ် သိပ်စွဲလမ်းခဲ့ရတဲ့ ကေရီရယ်. . .

ခုတော့ မင်းဟာ ကိုကိုချစ်ခဲ့တဲ့အချိန်ကလို ချောမော လှပလွန်းတဲ့ ကောင်မလေးတစ်ယောက်မဟုတ်တော့ဘူး. . .

ရင့်ကျက်တဲ့ ဣန္ဒြေတွေဖုံးလွှမ်းထားတဲ့ အသက်ခပ်ကြီးကြီး အသားညိုပြီး အရုပ်ဆိုးသွားတဲ့ မိန်းမရွယ်တစ်ယောက်ဖြစ်နေပြီ။

ညနေခင်းကမှ လက်ထပ်ခဲ့သည့် အသစ်စက်စက်ဇနီးလေးမြနှင်းကေရီမေအကြောင်းကို တွေးတောစဉ်းစားနေမိခြင်းရယ်ပါ။

သူမအနားသို့ သွားချင်စိတ်မရှိလောက်အောင် စိတ်ပျက်ငြီးငွေ့ခဲ့ရသည့်အဖြစ်ပါပဲ။

မင်္ဂလာပွဲကျင်းပရန် အစီအစဉ်တွေဆွဲပြီးကတည်းက သူမကို နားမလည်နိုင်အောင်ဖြစ်ခဲ့ရသည်။

သူမကိုလက်ထပ်ခွင့်ရရန် သူမမိဘများထံသွားရောက်

www.burmeseclassic.com

www.burmeseclassic.com



တောင်းရမ်းခဲ့သည့် နောက်တစ်နေ့မှစပြီး သူ့ကိုသူမက အတွေ့မခံတော့ပေ။

သူက မြနှင်းဧကရီမေနှင့်တွေ့ဆုံရန် အခါခါကြိုးစားခဲ့သော်လည်း သူမက လက်မခံဘဲရှောင်နေခဲ့၏။

လက်ထပ်ပွဲပြီးမှပင် သူမနှင့်မျက်နှာချင်းဆိုင်ခွင့်ရခဲ့သည် မဟုတ်ပါလား. . .

ကိုယ့်ကိုမင်း သက်သက်မဲ့လှည့်စားခဲ့တာပဲ ဧကရီ. . .

မင်းမှာအကြောင်းတစ်ခုခုတော့ ရှိနေလိမ့်မယ်ထင်တယ်. . .

ဒါကြောင့်သာ လက်ထပ်ပွဲပြီးမှ မင်းကို ကိုကိုမြင်တွေ့ခွင့်ရခဲ့တာပေါ့. . .

အချစ်မှာ မျက်စိမရှိဘူးဆိုကြပေမယ့် သည်လောက်ပြောင်းလဲသွားတဲ့ မင်းရဲ့လှတစ်မျက်နှာလေးကို ကိုယ်ဘယ်လိုနှမြောတမ်းတမိမှန်း နားမလည်နိုင်လောက်အောင် ခံစားရတယ်. . .

သူစိတ်ပျက်လက်ပျက်ဖြင့် ခြံကျယ်ကြီးထဲသို့ ငေးကြည့်





နေမိသည်။

ညနေခင်းက ကျင်းပခဲ့သည့် လက်ထပ်မင်္ဂလာပွဲလေးသည် သာယာလှပလေစွ။

ခုတော့ ပြန်မတွေးချင့်လောက်အောင် အကျည်းတန်နေပေပြီ။

တစ်ခါတုန်းက ဧကရီသည် သူ့မျက်ဝန်းတွေထဲမှာ အလွန်လှခဲ့၏။

ပုံပြင်ထဲမှ နတ်သမီးလေးတစ်ယောက်လို လှခဲ့သည်။ ခုတော့. . .

သူတစ်ယောက်တည်းတွေးနေစဉ် ခြေသံသဲ့သဲ့ကို ကြားရသည်။

"ဦးဇင်ယော်စိုး"

သူမက သူ့အနီးမှာလာရပ်ပြီး ခပ်တိုးတိုးခေါ်လိုက်၏။

သူနှုတ်ဆိတ်မနေသည်။ ဘာမှပြန်မပြောမိ။

"မအိပ်သေးဘူးလား ကိုကို၊ ညဉ့်နက်လှပြီ"

သူမကိုလှည့်မကြည့်ဘဲ ကျောခိုင်းထားမိ၏။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူနှုတ်မှတစ်ခွန်းချင်း ပြန်ပြောလိုက်သည်။

"ကိုယ်တစ်ယောက်တည်း အေးအေးဆေးဆေးနေပါရစေ"

"ဩော်. . . ခုတော့ ရှင်ကပြေးတဲ့လူ၊ ကျွန်မကလိုက်တဲ့သူ ဖြစ်နေပြီပေါ့နော်"

"ဘယ်လိုပြောလိုက်တာလဲ ဧကရီ"

"ရှင်ကြားတဲ့အတိုင်းပြောလိုက်တာလေ၊ ကျွန်မပြောတာမှန်တယ်မဟုတ်လား"

"ဟုတ်တယ်၊ မင်းအနားကို ကိုယ်မလာချင်ဘူး၊ မင်းကို ကိုယ်ကြည့်ရတာ စိတ်ထဲမှာတစ်မျိုးပဲ"

"ရှင်က သံသယတွေအတော်များတဲ့လူပါလား ဦးဇင်ယော်၊ ကျွန်မဟာ ဧကရီအစစ်ပါ"

သူက သူမမျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေသည်မို့ သူမစိတ်ဆိုးသွားပြီး. . .

"ကျွန်မစကားပြောတာ ဘာအမှားပါလို့လဲ. . . ဦးဇင်ယော်"





"မင်းမမှားပါဘူး၊ ငါသာမျက်စိမှားနေတာ"

"ဦးဇင်ယော်. . . ရှင့်ကို ကျွန်မတဖြည်းဖြည်းနဲ့စိတ်ဆိုးလာပြီ၊ နားလည်လား"

"ကိုယ့်ကိုခွင့်လွှတ်ပါ ဧကရီ ၊ မင်းကိုကိုယ်အနှောင့်အယှက်မပေးသလို ကိုယ့်ကိုလဲမင်း စိတ်အနှောင့်အယှက် မပေးပါနဲ့"

"ရှင်စိတ်ပြောင်းသွားပြီ ထင်တယ်၊ ဒါဆိုရင်တော့ ကျွန်မတို့ ခုချက်ချင်းပဲ ကွာရှင်းလိုက်ကြစို့"

သူမအသံတွေတုန်ယင်ပြီး သူ့မျက်နှာကိုနာကြည်းစွာကြည့်၍ပြောနေသည်။

"ကိုယ်မင်းအနားမှာပဲ ရှိနေမှာပါ ဧကရီ၊ မင်းဟာ ကိုယ်လက်ထပ်ထားတဲ့ကိုယ့်ရဲ့ဇနီးဆိုတာ ကိုယ်မမေ့ပါဘူး ဧကရီ"

"ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပြီ"

သူမလှည့်ထွက်သွားတာကို သူငေးကြည့်နေမိ၏။

သူမက ကြည်ပြာနုရောင်ပိုးပျော့ညဝတ်အင်္ကျီ Paja mas



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပျော့ပျော့ကို ဝတ်ဆင်ထားသည်။

ဆံပင်တွေကကောက်ပြီး တစ်ခေါင်းလုံးလိမ်တွန့်ကောက်ကွေးနေသောကြောင့် သူအံ့သြပြီး စိတ်အပျက်ကြီး ပျက်နေမိသည်။

ပထမဦးဆုံးအကြိမ် သူမကိုမြင်ဖူးခဲ့သည့်နေ့က သူမကိုယ်သူမ 'မေ'ဟု ပြောတတ်ပြီး သူမအသံလေးက ချိုသာကြည်လင်ခဲ့၏။

ခုတော့ အေးဆေးတည်ငြိမ်သည့်အသံပိုင်ရှင် ဖြစ်နေခဲ့ပြီ။

အရာရာဟာ ပြောင်းလဲတတ်တာပါပဲလေ။

ကေရီလည်း သုံးနှစ်အတွင်း ပြောင်းလဲသွားတာ ထင်ပါရဲ့. . .

အတော်ညဥ့်နက်မှပင် ဇင်ယော်စိုးဝရန်တာမှ အိမ်ထဲသို့ လှည့်ဝင်လာခဲ့သည်။

ကေရီရှိရာ ပဥ္စမထပ်သို့ သူတက်လာခဲ့ပြီး အခန်းတံခါးကို ခေါက်လိုက်သည်။



"ခေါက်. . . ခေါက်. . . ခေါက်"

သို့သော် အထဲမှပြန်ထူးသံကို မကြားရပေ။

သူမအိပ်ပျော်သွားပြီထင်သည်။

သူတစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေ၏။

ဤအိမ်ကြီးသည် သူပိုင်ဆိုင်သည့်ခေတ်မီလှပသော ခြောက်ထပ်တိုက်ကြီးဖြစ်သော်လည်း ခုတော့ ဧည့်သည်တစ်ယောက်လို ဤအိမ်ကြီးထဲတွင် ယောင်လည်လည်ဖြစ်နေရသည် မဟုတ်ပါလား. . .

နောက်ဆုံးတော့ တတိယထပ်ရှိ စာကြည့်ခန်းထဲသို့ ဝင်လာခဲ့ပြီး အိစက်ခမ်းနားလှသည့် ဆိုဖာကြီးတစ်လုံးပေါ်တွင် လှဲချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

ဆိုဖာပေါ်တွင် သူပစ်လှဲချလိုက်ပြီး မျက်လုံးတွေ မှိတ်လိုက်သည်နှင့် အိပ်ပျော်သွားလေသည်။

အိပ်မက်ထဲမှာတော့ မြနှင်းဧကရီမေ. . .

သူမသည် ယခင်အိပ်မက်တွေထဲကအတိုင်းပင် လှပ လွန်းနေ၏။

သွယ်လျလျမျက်နှာလေးပေါ်မှာ အကြောစိမ်းလေးတွေ ယှက်ဖြာနေသည်။





ပတ္တမြားနားဆွဲလေးတလှုပ်လှုပ်ဖြင့် အဝါနုရောင် ဇာအင်္ကျီဖားဖားလေးကို ဝတ်ထားသည်။

အဝါရောင်နှင်းဆီပန်းများ တစ်ခေါင်းလုံးမှာပန်ဆင်ထား သည်မို့ နှင်းဆီပန်းရနံ့များ မွှေးပျံ့ကြိုင်လှိုင်နေသည်။

"ကိုကို. . ."

ပန်းပွင့်တွေတောင်လိုပုံနေသည့် မော်တော်ဘုတ်လေး တစ်စီးပေါ်မှာ သူနှင့်ဧကရီယှဉ်တွဲပြီး ချစ်ကြည်နူးစွာ ထိုင်နေ ကြသည်။

သူသည် သူမမျက်နှာလေးကို ငေးကြည့်နေမိ၏။

တောက်ပသည့်သူမမျက်ဝန်းနက်နက်လေးများက ညှို့ယူ နိုင်စွမ်းရှိလှ၏။ နှာတံချွန်ချွန်၊ လှပ၍ပါးလျနီစွေးသောနှုတ်ခမ်း လေးနှစ်လွှာ။

လည်တိုင်ကျော့မှာ အကြောစိမ်းလေးတွေ ယှက်သန်း နေပုံကလည်း လှသည်။

ကျစ်လျစ်သောခန္ဓာကိုယ်လေးကလည်း ရှိုက်ဖိုကြီးသော အသွယ်သွယ်နှင့် အချိုးအဆက်ကျနလှပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

"ဧကရီလေး"

"ဘာကြည့်နေတာလဲ၊ ကိုကို့မျက်လုံးကြီးတွေက ရင်ခုန်စရာကောင်းတယ်"

သူမမျက်နှာလေးကို ရင်ခွင်ထဲဆွဲသွင်းပြီး သူ့မျက်နှာနှင့်ထိကပ်ကာ တရှိုက်မက်မက်နမ်းပစ်လိုက်မိသည်။

ဧကရီ၏နူးညံ့သောအနမ်းတွေက သူ့နဖူးမှတစ်ဆင့် ပါးပြင်နှစ်ဖက်၊ ပါးပြင်မှတစ်ဆင့် လည်တိုင်ဆီ ရောက်လာသည်။

"ကိုကို"

"ဘာလဲ ဧကရီ"

"ဒီမှာလေ. . . ကိုကိုပေးထားတဲ့ စိန်လော့ကက်လေး"

သူမလည်တိုင်မှာဆွဲထားသည့် စိန်လော့ကက်လေးကို ကိုင်ပြီး သူမပြနေ၏။

သူက လော့ကက်လေးကိုလှမ်းယူပြီး သူ့ပါးစပ်ထဲ ငုံထားလိုက်သည်။

"ကိုကိုနဲ့အဝေးကြီးဝေးခဲ့ကြပြီးမှ ဘာဖြစ်လို့ ပြန်ဆုံခဲ့ကြတာလဲ"

"အဲဒါ ကံကြမ္မာကြောင့်ပဲ"

"အချစ်ကြောင့်မဟုတ်ဘူးလား"

"အချစ်ကြောင့်လဲ ပါမယ်ထင်တယ်"

သူက သူမ၏ဖြူနုဝင်းဝါသောလက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်နေရာမှ. . .

"မင်းရဲ့အသားလေးတွေက ဖြူနုဝင်းဝါနေတာပဲနော်၊ ဒါသဘာဝလား၊ ဒါမှမဟုတ် Skin Care တစ်ခုခုလိမ်းလို့လား" ဟု မေးလိုက်၏။

"အို. . . သဘာဝအလှပါ၊ ကိုကိုက သိပ်အလှကြိုက်တာပဲနော်"

"အို. . . သိပ်ဟုတ်တာပေါ့ဗျာ၊ မင်းကိုသိပ်ချစ်တာ မင်းအသိပ်လှနေလို့"

"တကယ်လို့ ကျွန်မ မလှတော့ဘူးဆိုရင် ကိုကိုချစ်နိုင်ပါဦးမလား"

"ချစ်မယ်. . . ထာဝရချစ်သွားမှာ"




ဘာဂျာဂီတာပေ

www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော် ကိုကို၊ ဒါဖြင့်ရင် ကျွန်မရဲ့မျက်နှာကို သေသေချာချာကြည့်ပါဦး"

သူက သူမမျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

ညဦးပိုင်းအချိန်က သူကိုယ်တိုင်စိတ်ပျက်လက်ပျက် ကြည့်နေခဲ့မိသည့် ဧကရီဖြစ်နေသည်။

သူကြောက်လန့်ထိတ်လန့်စွာဖြင့် ဧကရီကိုတွန်းပစ်လိုက်မိသည်။

"အား"

"ဝုန်း"

သူမက မော်တော်ပေါ်မှ ထိုးကျသွားလေသည်။

"ဧကရီ . . အမလေး"

ရေထဲပစ်ကျသွားသည့် သူမကိုကြည့်ပြီး သူထိတ်လန့်ပူပန်စွာအော်ဟစ်နေမိ၏။

"ဦးဇင်ယော်စိုး . . . ဦးဇင်ယော်စိုး"

တံခါးထုသံနှင့်ခေါ်သံတို့ကြောင့် သူလန့်နိုးသွားရ၏။

အိပ်မက်မှလန့်နိုးလာသူမို့ ရင်တထိတ်ထိတ်ခုန်ပြီး မော





ဟိုက်ပင်ပန်းနေသည်။

သူထိုင်ရာမှပြီး တံခါးဆွဲဖွင့်လိုက်မိသည်။

ဝဝတုတ်တုတ် အိမ်ဖော်ကရင်မကြီးကို တွေ့လိုက်ရသည်။

အိမ်ဖော်မကြီးဒေါ်နော်ဖားက သူ့ကိုကြည့်ပြီး . .

"သူဌေးအိပ်မက်မက်ပြီး ကယောင်ကတမ်းအော်ဟစ်နေလို့ အခေါ်လာနိုးတာပါ" ဟု ပြောလေသည်။

သူရေခဲသေတ္တာရှိရာလျှောက်သွားပြီး ရေခဲရေပုလင်းကို သူထုတ်၍ သောက်လိုက်သည်။

"သူဌေးက ဘာဖြစ်လို့ ဒီမှာတစ်ယောက်တည်း လာအိပ်နေရတာလဲ"

"ကျုပ်လား . . . စိတ်ညစ်လို့လာအိပ်နေတာပေါ့"

"ဒီလောက်ချောပြီး ဒီလောက်လှတဲ့မိန်းမကိုရတာတောင် စိတ်ညစ်နေရသလား သူဌေးရယ်၊ သူဌေးလက်ထပ်လိုက်တဲ့ မိန်းမတလေးက သိပ်လှတာပဲ၊ ဒီလောက်လှတဲ့ မိန်းကလေးမျိုး ကျွန်မတစ်သက်မှာ တစ်ခါမှမမြင်ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ."

ဒေါ်နော်ဖားစကားကြောင့် သူမယုံနိုင်လောက်အောင် ပင် အံ့သြနေမိလေသည်။

"ဘာအံ့သြနေတာလဲ သူဌေးရဲ့၊ မိန်းကလေးကလှလို့ လှတယ်ပြောတာကို၊ သူဌေးမို့ ဒီလောက်လှတဲ့မိန်းကလေးကို တစ်ယောက်တည်း ခွဲထားရက်တယ်၊ အဒေါ်တောင် သူက လေးလှလွန်းလို့ တစ်ချိန်လုံးထိုင်ကြည့်နေချင်တာ"ဟု ပြောနေ သောကြောင့် သူနားမလည်နိုင်အောင်ဖြစ်နေမိသည်။

"သူတကယ်လှသလား ဒေါ်နော်ဖား"

"အို. . . သိပ်လှတာပေါ့၊ မနက်စောစောတုန်းကများ ခြံထဲဆင်းပြီး ပန်းခူးနေတာ ပုံပြင်ထဲကနတ်သမီးလေးကျနေ တာပဲ၊ အချိန်တွေကုန်အောင် မှုမနေစမ်းပါနဲ့ သူဌေးလေးရယ် ဒီလောက်လှတဲ့ကောင်မလေးကို အားရပါးရချစ်လိုက်စမ်းပါ တော်"

ဒေါ်နော်ဖားစကားကြောင့် သူ့မျက်နှာကြီး နီရဲသွား လောက်အောင် ရင်ခုန်မိပြီး ရှက်သွေးဖြာသွားရသည်။





တစ်ခုခုတော့ မှားနေပြီထင်တယ်. . .

ငါ့မျက်စိထဲမှာ အကျည်းတန်သွားတဲ့ ကေရီဟာ ဒေါ်နော်ဖားရဲ့မျက်လုံးတွေထဲမှာတော့ ဘာကြောင့်များ ဒီလောက်တောင်လှနေရတာပါလိမ့်. . .

သူတွေးမရအောင်ဖြစ်နေမိသလို ရင်တထိတ်ထိတ်ခုန် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

နောက်တစ်နေ့နံနက်။

သူအိပ်ရာမှနိုးတော့ အခန်းဘေးဝရန်တာသို့ထွက်လာခဲ့ပြီး ထိုဘေးလှေကားမှတစ်ဆင့် ခြံကျယ်ကြီးထဲသို့ ဆင်းလာခဲ့သည်။

ခြံကျယ်ကြီးတစ်နေရာရှိ ရေကူးကန်ကြီးထဲတွင် ရေကူးရန် ထိုဘေးလှေကားထစ်တွေပေါ်မှ သူဆင်းလာခဲ့ခြင်း ဖြစ်သည်။

သူလှေကားတစ်ဝက်ခန့်ဆင်းလာခဲ့ပြီးနောက် ခပ်လှမ်းလှမ်းရှိ ခရေပင်ကြီးအောက်သို့ အမှတ်တမဲ့ကြည့်လိုက်မိ၏။

"ဟင်"





ခရေပင်ကြီးအောက်မှာရပ်နေသည့် သဏ္ဌာန်လေးတစ်ခု။

အစိမ်းရောင်ဝတ်စုံလေးနှင့်။

ကေရီပါလား. . . စောစောစီးစီး ခရေပန်းကောက်နေတာများလား. . .

ကျောခိုင်းအနေအထားရပ်နေသည့် သူမပုံစံလေးကိုကြည့်ရင်း သူ့မျက်ဝန်းများတောက်ပလာသည်။

သူမဟာ လွန်ခဲ့တဲ့သုံးနှစ်ကျော်က ငါသိပ်စွဲလမ်းမြတ်နိုးခဲ့တဲ့ ကေရီအစစ်ပဲ. . .

သူလှေကားထစ်တွေအတိုင်း ပြေးဆင်းလာခဲ့ပြီး သူမအနီးတွင် ရပ်လိုက်၏။

"ဟေး ကေရီ"

သူမလက်မောင်းတစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး ငင်စီးပိုင်နင်းခေါ်လိုက်မိသည်။

"အို. . လွှတ်"

သူမအတင်းရုန်းဖယ်ပစ်လိုက်ပြီး တိုက်ကြီးထဲပြေးဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"ဟော့. . . ဧကရီ"

ဧကရီက ဓာတ်လှေကားထဲပြေးဝင်သွားပြီး ပဉ္စမထပ်ရှိရာတက်သွားသဖြင့် သူကြိတ်မနိုင်ခဲမရဖြစ်ပြီး ဓာတ်လှေကားရှေ့မှာရပ်၍ ကျန်ရစ်ခဲ့ရသည်။

ဓာတ်လှေကားပြန်ခေါ်ပြီးမှပင် သူပဉ္စမထပ်သို့ တက်လာခဲ့ရ၏။

အိပ်ခန်းထဲတွင် သူမကိုမတွေ့ရသောကြောင့် တစ်အိမ်လုံးအနှံ့လိုက်ရှာနေမိသည်။

အခန်းကျယ်ကြီးတစ်ခုထဲသို့ သူမကသောကမျော ပြေးဝင်သွားသည်မို့ သူအပြေးအလွှားလိုက်လာခဲ့မိ၏။

"ဧကရီ. . ."

သူမတံခါးရွက်ကိုတွန်းပိတ်လိုက်သော်လည်း သော့မချမိသူက တံခါးကိုအပြင်မှ ဝုန်းခနဲတွန်းဝင်ခဲ့သည်။

"ဟော့. . . ဧကရီ၊ မင်းမျက်နှာလေးလှနေပါလား"

သူမဘာမှမပြောဘဲ ပြတင်းပေါက်ရှိရာသွားရပ်ပြီး သူ့





ဘက်ကျောခိုင်းထားလိုက်၏။

"ဒါမှ ဧကရီအစစ်၊ မင်းဧကရီမဟုတ်လား၊ ဘာဖြစ်လို့ ဟိုမလှပတဲ့မိန်းမနဲ့ ငါ့ကိုလှည့်စားခဲ့ရတာလဲ ပြောစမ်း"

သူမပခုံးနှစ်ဖက်ကိုဆုပ်ကိုင်၍ သူ့ဘက်ဆွဲလှည့်ပြီး ပြောလိုက်သည်။

"ဘယ်ကမိန်းမလဲ၊ ကျွန်မမသိဘူး"

"ဟိုမရုပ်ဆိုးပေါ့၊ ဧကရီအတု"

"ကျွန်မပဲလေ၊ ရှင့်စိတ်က ထင်နေတာပါ"

"ကိုကို့ကို ဒီလိုလှည့်စားလို့မရဘူးကွ၊ နားလည်လား၊ ဒီလောက်လှတဲ့မင်းရဲ့မျက်နှာလေး ဘယ်တော့မှမပြောင်းလဲရဘူး"

ပြောပြောဆိုဆို သူမကိုယ်လေးကို ထွေးဖက်ပြီးနမ်းရှိုက်နေသဖြင့် ကြံရာမရဖြစ်ပြီး သူ့ကိုယ်ကြီးကို တွန်းပစ်လိုက်သည်။

"ရှင်ခုထွက်သွားစမ်းပါ၊ ကျွန်မကို အရေးမလုပ်ဘဲ ခစ်ထားပြီးမှ သွား. . ."



www.burmeseclassic.com

www.burmeseclassic.com



"မသွားဘူး၊ သိပ်လှတဲ့မင်းအနားမှာ တစ်ဖဝါးမှမခွာဘဲနေမယ်"

သူစိတ်ဆိုးဆိုးနှင့် ပြန်အော်လိုက်သည်။

"ခုထွက်သွားဆို"

သူ့မျက်နှာကို လှမ်းတွန်းရင်း သူမပြောသည်။

"ဘာဖြစ်လို့ ဟန်ဆောင်နေရတာလဲ ကေရီ. . . ပြောစမ်း၊ ဟိုမလှပတဲ့မိန်းမဟာ ဘယ်သူလဲ"

"ကျွန်မတစ်ယောက်ပဲရှိတယ်လေ၊ ရှင်ဘာတွေမေးနေတာလဲ၊ တကယ်တော့ အဲဒီနေ့က ကျွန်မမျက်နှာပေါ်မှာ မိတ်ကပ်တွေဖွေးနေလို့ပါ"

"မင်းညာနေတုန်းပဲလား၊ လာစမ်း. . . ခုလိုက်ခဲ့၊ အကြောင်းပြမယ်"

သူက ကေရီ့ကိုကြမ်းတမ်းစွာ ဆွဲခေါ်လာခဲ့သည်။

သူတို့နှစ်ယောက်အတွက်ပြင်ဆင်ထားသည့် မင်္ဂလာအိပ်ခန်းကျယ်ကြီးထဲရောက်တော့ ဆိုဖာတစ်လုံးပေါ်သို့ တွန်းပစ်လိုက်၏။





ဆိုဖာပေါ် မှောက်လျက်လဲကျသွားသဖြင့် သူမရင်ဘတ်ထဲအောင့်သွားပြီး ကမန်းကတမ်းထထိုင်လိုက်သည်။ သို့သော် သူက သူမအနီးမှာဝင်ထိုင်ပြီး သူမပခုံးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။

"ပြောစမ်း မင်းရဲ့မျက်နှာ ဘာဖြစ်လို့လှနေတာလဲ၊ ဟိုနေ့က ဘာကြောင့်ရုပ်ဆိုးသွားတာလဲ"

"ကျွန်မ. . . ကျွန်မ"

"ကိုယ်မေးတာ ဖြေပါ"

"မိတ်ကပ်နဲ့ ရုပ်ပြောင်းထားတာပါ"

"ဩော်. . . မိတ်ကပ်တစ်ခုတည်းမှ ဟုတ်ရဲ့လား၊ မင်းရုပ်ပြောင်းရုပ်လွှဲပညာတတ်တယ်ထင်ပါရဲ့"

"ကျွန်မဘာလုပ်လို့ သည်လောက်ဒေါသထွက်နေရတာလဲ ဦးဇင်ယော်စိုး"

"ငါ့စိတ်ကသိကအောက်ဖြစ်တာ နာတယ်ကွာ. . . တောက်၊ မင်္ဂလာဦးညမှာ ငါမပျော်ရွှင်နိုင်အောင်၊ မင်းအနားကိုမလာချင်အောင် ပညာပေးလိုက်တာပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး"

သူ့ဒေါသကြောင့်မျက်နှာကြီးတစ်ခုလုံးနီမြန်းပြီး အသံတွေဖါ တုန်ယင်နေသည်မို့ သူမအံ့သြကြောက်လန့်ပြီး ခေါင်းငုံ့ချထားမိ၏။

"မင်းက ကိုကို့ကိုလှည့်စားတာပေါ့ ဟုတ်လား၊ ရက်စက်ခြင်းတစ်မျိုးပေါ့လေ"

"ကျွန်မမှာလည်း ရှင့်ကိုစိတ်နာစရာတွေ အများကြီးပဲသိလား"

"ဘာတွေလဲ ပြော"

"မပြောတော့ဘူး"

"ပြောရမယ်"

"ဒါ ကျွန်မရဲ့လျှို့ဝှက်ချက်ပဲ၊ မပြောဘူး"

"ကိုကို့အပေါ်စိတ်နာစရာတွေ အများကြီးရှိနေတယ်ဆိုရင် ပြောကိုပြောရမယ်၊ ဒါမှ ကိုကိုဖြေရှင်းခွင့်ရမှာပေါ့"

"ဖြေရှင်းမနေနဲ့၊ ရှင်သိထားဖို့က ရှင့်ကိုကေရီမချစ်ဘူး"

"ဘာ"





"ရှင်နားမပင်းဘူးဆိုတာ သေချာလား"

"ဟာတွာ"

သူမကိုယ်လေးကို အရုပ်တစ်ရုပ်လိုမချီလိုက်ပြီး ရေချိုးခန်းထဲရှိ Jacuzzi ရေချိုးကန်ထဲသို့ ပစ်ချလိုက်၏။

"ဗွမ်း"

သူမရုတ်တရက်မို့ လန့်ဖျပ်သွားပြီး ယက်ကန်ယက်ကန်ဖြစ်နေသည်၊ သူက ခါးထောက်ကြည့်နေရာမှ သူမကို ဆွဲထူလိုက်၏။

"ပြောစမ်း၊ ငါ့အပေါ် ဘာမကျေနပ်တာလဲ"

"မပြောဘူး"

"ရတယ်ကွာ၊ မပြောနဲ့"

သူမကိုပွေ့ချီပြီး ရေကန်ထဲပစ်ချပြန်၏။

"ရှင်ဘာလုပ်တာလဲ၊ လူကို ဒီလောက်တောင် အနိုင်ကျင့်မနေနဲ့ သိလား"

သူမဒေါပွပွဖြင့် စွတ်၍အော်လိုက်မိသည်။

"ငါ့ကိုအရူးလုပ်ခဲ့တဲ့၊ လှည့်စားခဲ့တဲ့မိန်းမ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ခတ်ရမယ် နားလည်လား"

ပြောပြီး သူမကိုယ်လေးကို စွေ့ခနဲပွေ့ချီ၍ အိပ်ခန်းအပြင်ဘက်ဝရန်တာသို့ ထွက်လာခဲ့သည်။

"ဟင်. . . ရှင်. . . ရှင်. . . ဘာလုပ်တာလဲ"

"မင်းကိုဝရန်တာကနေ ပစ်ချမလို့"

"ရှင်လုပ်ရဲလို့လား"

"လုပ်ရဲတယ်"

ဝရန်တာမှာရပ်ပြီး သူမကိုယ်လေးကို မြှောက်ချီလိုက်သောကြောင့် သူမကြောက်လန့်တုန်ယင်စွာဖြင့် သူ့လည်တိုင်ကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်သည်။

"တောင်းပန်စမ်း"

"ဘာတောင်းပန်စရာရှိလို့လဲ"

"ငါ့ကိုလှည့်စားခဲ့တဲ့ကိစ္စ၊ ရုပ်ပြောင်းရုပ်လွှဲပညာနဲ့ ငါ့ကိုကြေကွဲအောင် လုပ်ခဲ့တာ"

"ရှင်. . . ရှင် ဒီလောက်ပဲ ဒေါသကြီးသလား၊ ရှင့်ကိုအရင်က ဒီလိုမထင်ခဲ့ဘူး"





သူမမျက်ဝန်းလေးနှစ်ဖက်မှာ မျက်ရည်များစို့နစ်လာပြီးငိုသံရောစွက်နေလေပြီ။

တကယ်တော့ သူမကိုမရက်စက်နိုင်ပါ။ သို့သော် ဒေါသဖြစ်ဖြစ်နှင့် သူမစိတ်ဆင်းရဲအောင် တမင်ပြုမူနေခြင်းဖြစ်သည်။

"တောင်းပန်စမ်း ကိုယ့်ကို. . ."

"ရှင့်မျက်စိမှားတာပဲ၊ ကျွန်မက မိတ်ကပ်တစ်မျိုးလိမ်းထားတာ ဘာဖြစ်သလဲ၊ ရှင်သာ ကိုယ်လက်ထပ်တဲ့မိန်းမကိုမှတ်မိတာ"

"မင်းကများ ငါ့ကိုအပြစ်တင်နေသေးတယ်၊ ငါ့ကို အရုပ်သေးတစ်ရုပ်လို ကစားခဲ့တာမှတ်မိသေးလား"

"ဘယ်တုန်းကလဲ"

"ငါနဲ့ပင်လယ်ကမ်းခြေတစ်ခုမှာတွေ့ဆုံခဲ့ကြပြီး ချစ်သလိုလို ဟန်ဆောင်လှည့်ဖျားခဲ့တယ်၊ ပြီးတော့ သုံးနှစ်လုံးလုံး မေ့ထားခဲ့တယ် မဟုတ်လား"

"ရှင်က အဲဒီအပြိုးတွေနဲ့ ကျွန်မကိုလက်ထပ်ခဲ့တယ်ပေါ့"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"မတောင်းပန်ဘူးလား၊ ဟုတ်လား"

"ဟင့်အင်း"

"မင်းဘယ်လောက်တင်းခံနိုင်မလဲ ကြည့်ကြရသေးတာပေါ့"

သူမကိုယ်လေးကို တင်းတင်းကြပ်ကြပ်ပွေ့ဖက်လိုက်ပြီး ပိုင်စိုးပိုင်နင်း ချစ်ချင်တိုင်း ချစ်နေတော့၏။ သူမစိတ်သည် သူ့နှင့်ဝေးသွားလိုက် နီးလာလိုက်ဖြင့် ရင်တွေ ကတုန်ကယင်ဖြစ်နေပြီး. . .

"ကေရီချမ်းတယ်. . . ကေရီချမ်းတယ်၊ ဟတ်. . . ဟတ်ချိုး"

ကေရီ့တစ်ကိုယ်လုံး ရေတွေစိုနေသောကြောင့် တဖြည်းဖြည်းအေးလာပြီး နှာချေတော့၏။

သို့သော် သူကလုံးဝဂရုမစိုက်။

ကြာတော့ ကေရီ့ရင်ထဲမှာ ဝမ်းနည်းထိခိုက်လာပြီး မျက်ဝန်းနှစ်ဖက်မှာ မျက်ရည်တွေပြည့်လျှံကျလာသည်။





"ကေရီ. . . ကေရီ"

သူမမျက်နှာလေး ဖြူဖျော့နေပြီး မူးမေ့သွားခြင်းပါ။ တစ်ကိုယ်လုံး အေးစက်နေလေသည်။

"ဟင်. . . ကေရီ"

သူမကိုယ်လေးကိုပွေ့ယူပြီး ခုတင်ပေါ်သိပ်ထားလိုက်သည်။

"ကေရီ. . . ကေရီ"

လက်ဖဝါးတွေဆုပ်ကိုင်ပြီး လှုပ်နှိုးနေမိ၏။

သူမလက်များအေးစက်နေတာက အံ့ဩမယုံနိုင်စရာပါ။ စောစောက ရေကန်ထဲမှာ သူမအအေးမိသွားခဲ့ခြင်းဖြစ်လိမ့်မည်။ ရေစိုအဝတ်တွေလဲလှယ်ဝတ်ပေးရန် ခုမှပင် သတိရမိ၏။

"ကေရီ. . . ကိုကိုခေါ်နေတယ်လေ"

သူမကိုယ်လေးနွေးထွေးလာအောင် ပွေ့ဖက်ထားပြီး ပြောနေမိသည်။

"ကေရီ. . . ကေရီ. . . ကေရီ၊ မေ. . . မေ. . . မေ"

စိုးရိမ်ပူပန်စိတ်တွေ တလိမ့်လိမ့်တက်လာပြီး ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘာကိုင်ရမှန်းမသိလောက်အောင် ပျာယာခတ်နေမိသည် မဟုတ်ပါလား. . .

သူမအနီးမှခွာလာခဲ့ပြီး အခန်းထောင့်စားပွဲဆီ လျှောက်လာခဲ့၏။ ဖုန်းခွက်ကောက်ကိုင်ပြီး ဆရာဝန်ထံဖုန်း ဆက်လိုက်သည်။

"ဒေါက်တာပြည်စိုးရှိပါသလား"

"ခရီးသွားပါတယ် ခင်ဗျာ၊ တစ်ပတ်ကြာမှ ပြန်လာပါလိမ့်မယ်"

တစ်ဖက်မှဖြေသံကြောင့် ရင်ထဲမှာ ရှုပ်ထွေးသွားရပြန်၏။

စားပွဲဘေးရေခဲသေတ္တာထဲမှ ရေခဲရေပုလင်းတစ်လုံး ယူထုတ်လိုက်ပြီး သူမနှုတ်ခမ်းမှာတေ့လိုက်၏။

"ဧကရီ ရေသောက်လိုက်ပါလား"

ဧကရီက မလှုပ်။ သူမပါးစပ်ကိုအသာဟပြီး ရေခဲရေအနည်းငယ်လောင်းထည့်ပေးလိုက်မှပင် သူမအနည်းငယ် လှုပ်လှုပ်လာ၏။





"မျက်လုံးလေးတွေဖွင့်ကြည့်ပါဦး ဧကရီရယ်"

သူမမျက်လုံးတွေကို မဖွင့်ပေ။

"ချစ်လေးမျက်လုံးတွေဖွင့်ကြည့်ပါဦးနော်"

သူမမျက်နှာလေးကို ယပ်ခတ်ပေးရင်း သူနှစ်သိမ့်လိုက်၏။

ဧကရီမူးနောက်ရီဝေပြီး အသက်ရှူပါရပ်မတတ်ခံစားနေရလျက် ခုမှပင် အသက်ကောင်းစွာရှူနိုင်တော့၏။

သို့သော် ရင်ထဲမှာ နာကြည်းနေမိသည်။

"သက်သာလာပြီလား ဧကရီ၊ တကယ်တော့ မင်းလေး အအေးမိသွားတာပါ"

သူက သူမနွေးထွေးလာစေရန်ထွေးဖက်လိုက်ပြီး နူးညံ့ညင်သာစွာပြောသည်။

"ရှင့်ကို မုန်းတယ်၊ ရှင်ဟာ ရက်စက်တတ်တဲ့လူ"

သူမအသံက ငိုရှိုက်သံတွေရောစွက်နေပြီး မျက်လုံးတွေဖွင့်ဘဲ ကယောင်ကတမ်းပြောနေခြင်းရယ်ပါ။

"ကိုကိုက ဒေါသဖြစ်တုန်းပြောခဲ့တာပါ ဧကရီရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်စိတ်ထိခိုက်သွားတာလား"

"စောစောက ရှင်သာ ဝရန်တာကပစ်ချခဲ့ရင် သိပ်ကောင်းမှာပဲ၊ ကျွန်မသေချင်တယ်"

"အိုး. . . ဘာဖြစ်လို့လဲ ချစ်လေး"

"ကေရီဆိုတဲ့မိန်းကလေးကို ရှင်ဘယ်တော့မှမပိုင်ဆိုင်နိုင်ဘူး သိလား"

"ဘာ. . . မင်းကိုကိုယ်လက်ထပ်ခဲ့ပြီးပြီလေ၊ မင်းကိုပိုင်ဆိုင်နေပြီပဲကွာ"

"ကေရီ့ကိုပဲ ရှင်ပိုင်ဆိုင်ခွင့်ရမှာ၊ နှလုံးသားကိုတော့ရှင်ဘယ်တော့မှ. . ."

"တော်စမ်း ကေရီ၊ ကိုကိုသည်းမခံနိုင်ဘူးကွာ၊ ဒေါသဖြစ်လာရင် ကိုကိုတို့နှစ်ယောက်ကြားမှာ သည့်ထက်နာကြည်းစရာတွေဖြစ်လာမယ်နော်"

နာကျင်ခံခက်စွာအော်ပစ်လိုက်ပြီးနောက် သူမကိုယ်လေးကို တင်းကြပ်စွာဖက်ထားလိုက်သည်။

❀ ❀ ❀



# အခန်း(၅)

နောက်တစ်နေ့နံနက်တွင် သူမအိပ်ရာမှ နေမြင့်ချိန်ရောက်မှပင် ထလာခဲ့၏။

သူမအိပ်ရာထတော့ နံနက်ဆယ့်တစ်နာရီတိတိရှိနေပြီ။ သူမက သူမခုတင်ဘေးရှိဆိုဖာပေါ်တွင် သတင်းစာဖတ်ရင်း သူမကိုစောင့်နေသည်မို့ သူမအံ့ဩသွားမိ၏။

"ဟော. . .နိုးပြီလား ကိုကို့မိန်းမ"

"ဘာ"

"မိန်းမဆိုတဲ့ဝေါဟာရက ရင်းနှီးကျွမ်းဝင်ပြီးတဲ့လူနှစ်ဦးအတွက်ခေါ်ရတာ နားဝင်မချိုဘူးလား ကေရီ"

"မချိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လေးမျက်နှာက တင်းလွန်းတယ်ကွာ"

"အဲဒါဘာဖြစ်လဲ"

"ကိုကိုက ချစ်လေးရဲ့ရန်သူမှမဟုတ်တာ"

"ကျွန်မရေမိုးချိုးပြီး မေမေတို့အိမ် ခဏပြန်မယ်"

"ကိုကိုလိုက်ပို့မှာပေါ့"

"ဟင့်အင်း၊ ကျွန်မတစ်နေ့လုံးနေပြီးမှ ပြန်လာခဲ့မယ် ဦးဇင်ယော်စိုး"

"ကိုကိုလို့ခေါ်ပါကွာ၊ ချစ်လေး ဘယ်အချိန်သွားမှာလဲ ပြော၊ ကိုကိုလိုက်ပို့မယ်"

"မပို့ရဘူး"

"ဘာဖြစ်လို့လဲ ချစ်လေး"

"ရှင်က သိပ်အလုပ်များတဲ့သူဌေးကြီးလေ၊ ကုမ္ပဏီ... မသွားဘူးလား"

ရန်ကုန်မှာတင် သူ့ကုမ္ပဏီခွဲတွေအများကြီးမို့ သူ... အကောင်းပြောနေသည်ထင်ပြီး. . .

"ဘယ်လောက်ပဲ အလုပ်များများ သည်ရက်တွေ... ကိုကိုအနားယူဖို့ ဆုံးဖြတ်ထားတယ် ချစ်လေး၊ မင်းအနား... နေချင်တယ်၊ ယုယချင်တယ်၊ ကိုကိုတို့ဝေးနေခဲ့ရတာ သုံး... ရှိပြီမဟုတ်လား"

ကေရီက သူ့ဘက်မျက်နှာလွှဲထားပြီး အေးစက်...





...အမူအရာဖြင့် ရေချိုးခန်းထဲဝင်သွားသည်။

ရေချိုးပြီးပြန်ထွက်လာ၊ မှန်တင်ခုံရှေ့ထိုင်ပြီး အလှပြင်နေစဉ် သူကဘေးမှာလာရပ်ပြီး မျက်တောင်မခတ်သလောက်ငေးကြည့်နေသည်မို့ သူမအနေခက်ပြီး မျက်စောင်းထိုးလိုက်မိသည်။

"ဘာဖြစ်လို့ သည်လောက်တောင်ကြည့်နေရတာလဲ"

"လှလို့ပေါ့၊ သိပ်လှလို့လေ"

"အလှတွေပျက်ယွင်းသွားရင် ချစ်ဦးမလား"

သူမအမေးကို သူတော်တော်နှင့်မဖြေဘဲ စဉ်းစားနေပြီးမှ. .

"အချစ်တွေပျက်ယွင်းသွားတဲ့တစ်နေ့ မလှတော့မှာစိုးရိမ်တယ်"

"ဘယ်လို. . . ရှင်က ကျွန်မအပေါ် အချစ်တွေပျက်ယွင်းသွားနိုင်သလား၊ လက်ထပ်ကာစ ဒီလိုပဲပြောရသလား ဦးဇင်ယော်စိုး"

"မင်းလေး ခုလိုသာ စိမ်းစိမ်းကားကားဆက်ဆံနေရင် ...ဘယ်တာလဲ ဘာနဲ့ထုထားတာမို့လဲ၊ အတုံ့အပြန်သဘောနဲ့ အချစ်... ...ပျက်ယွင်းသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ပျက်ယွင်းလဲကောင်းတာပဲ"

"မင်းဘာ့စကားပြောတာလဲ ကေရီ၊ ကိုကိုက သိပ်ချစ်တဲ့ မိန်းမကို လက်ထပ်ထားတာနော်၊ ဒီလိုမပြောဖို့တောင်းပန်ချင်တယ်"

"ဟင့်အင်း. . . ရှင့်ကို ကျွန်မမုန်းတယ်"

"ဟာကွာ. . . အကြောင်းမဲ့သက်သက်ကြီး မုန်းနေရသလား"

"အကြောင်းရှိလို့ပေါ့"

"ဘာအကြောင်းလဲ၊ မင်းမှာ ကျုပ်မသိတဲ့ရည်းစားလေး ရှိခဲ့လို့လား"

သူက သံသယကြီးတတ်သူမို့ ဒေါသဖြင့် မေးလိုက်သည်။

"အို. . . ရှင့်ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိနေပါလား၊ ကျွန်မမှာ ရှင်ထင်တဲ့အတိုင်း ချစ်သူရှိခဲ့ဖူးတယ်လေ"

သူမစကားကြောင့် သူဆောက်တည်ရာမရလောက်အောင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သူမပခုံးနှစ်ဖက်ကို နာကျင်လာသည်အထိ ဆုပ်ကိုင်





ထားပြီး မျက်နှာချင်းဆိုင်ကာ စူးစူးစိုက်စိုက်ကြည့်နေသည်။ ပြီးမှ. . .

"ပြောစမ်း. . . မင်းစကားတွေဟာ အမှန်မဟုတ်ဘူး သို့စားတာပါလို့"

"မပြောနိုင်ဘူး"

"ဒီမှာ ကေရီ ငါလက်ထပ်ထားတဲ့မိန်းကလေးမှာ ချစ်ဦးသူမရှိရဘူး နားလည်လား၊ သည်အတိုင်းပဲ ငါဆုံးဖြတ်ထားတာ၊ မင်းကို လက်ထပ်ကာနီး မင်းအကြောင်းသိချင်လို့ မင်းမိဘနဲ့ မင်းအစ်ကိုမြင့်ဦးကို ငါပွင့်ပွင့်လင်းလင်းမေးခဲ့တယ်"

"သူတို့က ဘာပြောခဲ့လဲ"

"မရှိဘူးတဲ့၊ ကိုယ့်ဂုဏ်သိက္ခာ၊ ချမ်းသာကြွယ်ဝမှုနဲ့ဆိုရင် မဲ့တစ်ပေါက်မစွန်းတဲ့မိန်းကလေးကိုပဲ လက်ထပ်သင့်တယ် နားလည်လား"

သူ့အသံက မထင်မှတ်လောက်အောင် တုန်ယင်နေပြီး မျက်ဝန်းနှစ်ဖက်က စူးရှပြောင်လက်နေသည်မို့ သူ့ကိုကြည့်ပြီး သူမအံ့သြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေရီ"

မမျှော်လင့်သောအပြုအမူကြောင့် ကေရီအံ့သြထိတ်လန့်ရုံမက နာကျင်သွားရ၏။

သူက ကေရီ့နောက်ကျောဘက်မှ ဆံပင်များကိုစု၍ဆုပ်ကိုင်ပြီး ကေရီ့မျက်နှာကို ဆွဲမော့လိုက်ခြင်းရယ်ပါ။

"ပြောစမ်း. . . မင်းမှာ ချစ်သူမရှိခဲ့ဘူးလို့"

"- - - - - -"

"ငါသိပ်သဝန်တိုတယ် နားလည်လား၊ ဘယ်မိန်းကလေးကိုမှ ငါနှလုံးသားပေးပြီး မချစ်ခဲ့ဘူး၊ မင်းနဲ့ပင်လယ်ကမ်းခြေမှာတွေ့ခဲ့တဲ့အချိန်ကစပြီး တစ်ယောက်တည်းကိုပဲ နှစ်နှစ်ကာကာစွဲလမ်းခဲ့တယ်၊ လက်ထပ်ဖို့စောင့်မျှော်နေခဲ့တယ်၊ ငါ့အချစ်ကို အလွဲသုံးစားမလုပ်နဲ့နော် ဒါပဲ"

တစ်ကိုယ်လုံးတဆတ်ဆတ်တုန်ယင်နေပြီး ကြိတ်မနိုင်ခဲမရပြောနေသည့် သူ့မျက်နှာကို မကြည့်ဝံ့လောက်အောင် သူမထိတ်လန့်ကြောက်ရွံ့နေမိသည်မဟုတ်ပါလား. . .

အချစ်ကြမ်းသလို စိတ်ကလည်းကြမ်းပုံရသည်မို့ သူမ





ထိတ်လန့်အံ့သြနေမိ၏။

"ပြောလေ. . . ကိုကိုမြောခိုင်းနေတာ ပြောပါ"

"ကျွန်မ မညာတတ်လို့ပါ ကိုကို"

"ဘာ. . . ပင်လယ်မှာတွေ့တုန်းကပြောတော့ မင်းမှာချစ်သူမရှိဘူးဆို"

"အဲဒီတုန်းက တကယ်မရှိခဲ့ဘူး၊ ရှင်နဲ့ဝေးကွာခဲ့ကြပြီးတဲ့နောက်မှ သူနဲ့တွေ့တာပါ"

သူမအသံက မဝံ့မရဲဖြင့် အနည်းငယ်တုန်ယင်အက်ကွဲနေ၏။

"ဒါဖြင့် မင်းမှာချစ်သူရှိခဲ့တယ်ပေါ့ ဟုတ်လား၊ ဘယ်လောက်ရင်းနှီးခဲ့ကြသလဲ၊ ခု . . . ဘယ်မှာလဲ"

"မရင်းနှီးကြပါဘူး၊ သူနိုင်ငံခြားမှာပါ"

"သူ့အကြောင်းခရေစေ့တွင်းကျ သိချင်တယ်၊ သူနဲ့မင်းပြတ်သားကြရဲ့လား"

"ရှင်သဝန်ကြောင်လှချည်လား"

"ဟုတ်တယ်၊ မင်းကိုချစ်လွန်းလို့ပဲ၊ သူ့နာမည်ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ သူ့အလုပ်အကိုင်က ဘာလဲ”

“သူ့အကြောင်းတွေပြန်မေးနေတော့လဲ ဘာထူးလာမှာမို့လို့လဲ ဦးဇင်ယော်စိုး”

သူဒေါသမထိန်းနိုင်တော့ဘဲ သူမမျက်နှာပေါ် လက်ဝါးတစ်ဖက် ခပ်ကြမ်းကြမ်းကျရောက်သွားတော့၏။

သူမအံ့ဩလွန်းသဖြင့် နာကျင်မှုကို ခေတ္တမေ့လျော့နေမိသည်။

“မင်းကိုချစ်ခဲ့တဲ့ရက်တွေအားလုံး တမ်းတမှုနဲ့ ကုန်ဆုံးခဲ့ရတယ်၊ ဒါပေမယ့် မင်းက ငါ့အပေါ် သစ္စာမဲ့ခဲ့တယ် ကေရီ မင်းငါ့ကို မေ့ထားခဲ့တယ်ကွာ၊ ခုလည်း ငါ့ကိုစိမ်းတားစွာနဲ့ ဦးဇင်ယော်စိုးလို့ခေါ်နေတုန်းပဲ”

သည်လောကသဝန်တိုလွန်း၊ စိတ်နုလွန်းသည့်ယောကျ်ား၏ရင်ခွင်ထဲမှာ သူမဘယ်လိုဆက်လက်ရှင်သန် ရမှာပါလိမ့်. . .

မျက်ရည်တွေပါးပြင်ပေါ် စီးကျလာသည်မို့ လက်ဖမိုးနှင့် သုတ်ပစ်လိုက်ပြီး. . .

“ကေရီဆိုတဲ့မိန်းကလေးဟာ ရိုးရိုးအေးအေး ယုန်သူငယ်လေးလို မနေတတ်ဘူးဆိုတာ ရှင်သိပါတယ်နော်၊ သည်လောကသဝန်တိုတဲ့ရှင်က ဘာဖြစ်လို့ ကျွန်မလိုခေတ်မီမီနေတတ်ပြီး သူငယ်ချင်းများတဲ့မိန်းကလေးကို ချစ်ခဲ့ရတာလဲ၊ လက်ထပ်ခဲ့ရတာလဲဟင်”

သူမရှိုက်သံတွေရောစွက်ပြီး နာကြည်းခံပြင်းစွာ ပြောနေမိသည်။ သူက သူမကိုယ်လေးကိုဆွဲပွေ့လိုက်ပြီး မျက်နှာကို စိုက်ကြည့်နေပြီးမှ. . .

“ဒီနေ့ကစပြီး မင်းဘယ်မှမလည်ပတ်ရဘူး၊ အိမ်ထောင်သည်မိန်းမတစ်ယောက်ရဲ့ ဝတ္တရားကိုနားလည်ရမယ်၊ ဝတ္တရားတျေရမယ် နားလည်လား၊ ကိုကိုက မင်းအပေါ် အမြဲသစ္စာရှိမယ်၊ မပွေရှုပ်ဘူး၊ သိပ်ချစ်မယ်၊ သိပ်ယုယမယ်၊ လိုအပ်သမျှဖြည့်ဆည်းပေးမယ်”

“ကျွန်မကို ရှင်ခုချိန်ကစပြီး ချုပ်ချယ်နေပြီပေါ့”

“ဟုတ်တယ်၊ ကိုကိုပိုင်ဆိုင်တဲ့မိန်းမဟာ 'ကိုကိုပြောတာအားလုံး နားထောင်ရမယ်”

“ရှင်ချစ်ရေးဆိုခဲ့တုန်းကလဲ ရှင့်ဘက်ကသဝန်ကြောင်လို့





ဘဂုဏ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလမ်းခွဲခဲ့တာပဲ၊ ရှင့်ကိုပြန်မချစ်ရလို့ ရှောင်ပြေးခဲ့တာပါ၊ ဒါပေမယ့် ကျွန်မဘဝက ရှင်နဲ့ရေစက်ဆုံခဲ့ရတယ်"

သူမရှုန်းထွက်ရင်း ပြောနေမိသည်။

"မင်းအစ်ကို ကိုမြင့်ဦးကို ကျေးဇူးတင်တယ်ကွာ၊ သူ့မွေးနေ့မှာ အလည်ခေါ်လို့ လိုက်လာတုန်း မင်းနဲ့ပြန်တွေ့ခဲ့ရတာပဲလေ၊ ဘာပဲဖြစ်ဖြစ် မင်းဟာကိုကို့မိန်းမဖြစ်နေပြီ"

"ကျွန်မသိပ်စိတ်ညစ်တယ် ဦး. . ."

သူ့လက်တစ်ဖက်ရှယ်လာသည်မို့ ဦးဇင်ယော်စိုးဟု မခေါ်ဖြစ်တော့ပေ။

"ခေါ်စမ်း ကိုကိုလို့၊ တစ်ချိန်က မင်းကိုယ့်ကိုသိပ်ချစ်ခဲ့ပါတယ်၊ ကိုကိုလို့လဲခေါ်ခဲ့တယ်၊ ပြီးမှ ရှောင်ပြေးခြေရာဖျောက်သွားတာ"

"ကျွန်မ. . . ကျွန်မသိပ်ကြောက်နေမိတယ် ကိုကို၊ ကျွန်မအပေါ် သိပ်သဝန်ကြောင်မှာစိုးတယ်"

"မစိုးရိမ်နဲ့၊ သည်နေ့ သည်အချိန်ကစပြီး ကိုယ်မပါဘဲ ဘယ်မှမသွားရဘူး နားလည်လား၊ ကိုကိုအလုပ်ပြန်ဆင်းတဲ့





နေ့ကစပြီး မင်းဒိုင်ယာရီရေးရမယ်"

"ရှင်"

"ကိုကိုအိမ်မှာမရှိတုန်း မင်းဘာလုပ်နေတယ်ဆိုတာ အစီအစဉ်တကျရေးထားပါ ဒါပဲ"

"အို. . . ဒိုင်ယာရီရေးဖို့ ဝါသနာမပါဘူး"

"မပါလည်း ရေးရမှာပဲလေ၊ ကိုကိုပြောတာ မဆန့်ကျင်ရဘူး၊ ကဲ. . . လက်ဖက်ရည်သောက်ကြရအောင်၊ ဒီမှာ ဒေါ်နော်ဖားလာပို့သွားပြီ"

သူမပေါင်ဒါပါးပါးရိုက်ပြီး သူနှင့်အတူလက်ဖက်ရည်သောက်သည်။ လက်ဖက်ရည်သောက်ပြီးသောအခါ. . .

"ကျွန်မမေမေတို့အိမ် ခဏပြန်ချင်လို့"

"မသွားနဲ့တော့"

"ကိုကိုပဲလိုက်ပို့ပေးမယ်ဆို"

"ဟင့်အင်း ကိုယ်ဘယ်မှမသွားချင်ဘူး၊ မင်းလည်း ကိုကို့အနားမှာပဲ ရှိနေရမယ် သိလား၊ နေ့လယ်စာ ဘာစားချင်လဲဆိုတာ ဒေါ်နော်ဖားကို ဖုန်းနဲ့လှမ်းပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း ကျွန်မမေမေတို့အိမ် ခဏအလည်သွားချင်တယ်”

“မရဘူး”

“ကိုကို”

“ဘာလဲ ကိုကို့ကို ဆန့်ကျင်နေတာလား”

သူ့အသံကဒေါသဖြင့် ကျယ်လောင်လာသည်။

“လာစမ်း. . . လာစမ်းကွာ”

သူမကိုယ်လေးကို သူ့လက်နှစ်ဖက်ဖြင့် ဆွဲယူလိုက်သောကြောင့် သူ့ရင်ခွင်ထဲရောက်သွားသည်။ ထိုနေ့က သူမ ဘယ်မှသွားခွင့်မရ. . . သူ့ရင်ခွင်ထဲမှာပင် မွန်းကြပ်နေလေသည်။




အပိုင်း (နှစ်)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

နောက်တစ်နေ့နံနက်တွင် သူသည်ရေကူးကန်ဘေးရှိ ဆိုင်ခုံလေးပေါ် ထိုင်ရင်း တစ်ယောက်တည်း ကော်ဖီသောက် နေသည်။

သူမအိပ်ရာမှမနိုးသေးသဖြင့် သူတစ်ယောက်တည်း ရေကူးကန်ရှိရာရောက်လာခဲ့ပြီး ရေမကူးမီ ကော်ဖီသောက်နေခြင်းဖြစ်သည်။

မောင်းမကန်ကမ်းခြေတွင် သူနှင့်မြနှင်းဧကရီမေတို့ နှစ်ဦး ဆုံတွေ့ခဲ့ကြသည့်အကြောင်းလေးတွေကို သူအမှတ်ရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်က အတိတ်သို့အလည်တစ်ခေါက်ပြန်ရောက်သွားသည်မဟုတ်ပါလား. . .

ထိုနေ့က မောင်းမကန်ကမ်းခြေတွင် သူမနှင့်မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ကြခြင်းပါ။

ကျောက်ဆောင်စွန်းတစ်နေရာတွင် သူတစ်ယောက်တည်းထိုင်နေရင်း ပင်လယ်ပြင်ကိုငေးကြည့်နေမိ၏။

သူတည်းခိုသည့် ဘန်ဂလိုက ကျောက်ဆောင်များနှင့်နီးကပ်ပြီး အုန်းပင်တန်းများအောက်တွင် ရှိနေသည်။

သူသည် နံနက်စောစောအချိန်ကပင် ဘန်ဂလိုမှထွက်လာခဲ့ပြီး ကျောက်ဆောင်များပေါ်တွင် ထိုင်နေခြင်းဖြစ်သည်။

ခဏကြာတော့ ကျောက်ဆောင်ပေါ်တွင် ထရပ်လိုက်ပြီး ပင်လယ်လေကို တဝရှူလိုက်သည်။

ပြီးတော့ ပခုံးတွင်လွယ်ထားသည့် Camera ကို ဖြုတ်ပြီး အနီးပတ်ဝန်းကျင်ရှုခင်းများကို ဓာတ်ပုံရိုက်နေသည်။

သူက ရေသန့်နှင့်အချိုရည်ဘူးစက်ရုံများကို တည်ထောင်ထားသူ ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်ပြီး အသက်က သုံးဆယ့်တစ်နှစ်





နှံ့သာ ရှိသေးသည်။

ရုပ်ရည်ချောမောခန့်ညားပြီး အရပ်မြင့်မား၍ ကြည်လင်သောအပြုံးကို ပိုင်ဆိုင်ထားသူတစ်ဦးပင်။

သူသည် အပန်းဖြေခရီးများထွက်လေ့ရှိပြီး ခရီးထွက်သည့်အခါတိုင်း အနီးပတ်ဝန်းကျင်ရှုခင်းများကို ဓာတ်ပုံရိုက်လေ့ရှိသည်။

အပျော်တမ်းဓာတ်ပုံဝါသနာရှင်တစ်ဦး ဖြစ်သည်။

သူက အနီးပတ်ဝန်းကျင်ရှုခင်းများကို တစ်ပုံပြီးတစ်ပုံ ဓာတ်ပုံရိုက်ယူနေစဉ် သူ့ Camera မြင်ကွင်းထဲသို့ မိန်းကလေးတစ်ယောက်ဝင်လာသောကြောင့် အံ့သြပြီးကြည့်နေမိသည်။

သူမကလည်း လက်ထဲမှာ ကင်မရာနှင့်။

သူမလည်ပင်းမှာ အဝေးကြည့်မှန်ပြောင်းငယ်တစ်ခုကို ချိတ်ထားသည်။

နှံ့သာရောင်ဝတ်စုံပျော့ပျော့လေးက လေမှာတလွင့်လွင့်။

ထိုမိန်းကလေး၏ကင်မရာမြင်ကွင်းထဲတွင်လည်း သူ၏ အထင်းသားပေါ်လွင်နေသည်မဟုတ်ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကင်မရာထဲမှမြင်နေရပြီး နှစ်ယောက်ပြိုင်တူ ကင်မရာခလုတ်များကို နှိပ်လိုက်မိကြသည်။

ကောင်မလေးက ကင်မရာကိုပိတ်လိုက်ပြီး သူ့အနီးသို့ ပြေးလာ၍ သူမကာစတင်ပြီး ရန်တွေ့လိုက်သည်။

"ရှင်ဘယ်လိုလူလဲ၊ ဘာဖြစ်လို့ ကျွန်မပုံကို ရိုက်ယူလိုက်ရတာလဲ ပြောပါဦး"

"ငါက မင်းရဲ့ပုံကို မရိုက်ပါဘူး၊ မင်းကသာ ငါ့ပုံကို ရိုက်လိုက်တာ"

သူ့စကားကြောင့် မိန်းကလေးဒေါသဖောင်းပြီး ရှူးရှူး ရှားရှားဖြစ်သွားသည်။

"အောင်မာ. . . ပြေူးကပဲ ပြီနေရသေးတယ်၊ ဒီမှာ ရှင်မိန်းကလေးတစ်ယောက်ရဲ့ဓာတ်ပုံကို ခွင့်မတောင်းဘဲ မရိုက်သင့်ဘူးဆိုတာ နားမလည်ဘူးလား"

"မင်းလဲ ငါ့ပုံကိုခွင့်မတောင်းဘဲ ရိုက်လိုက်တာပဲ မဟုတ်လား၊ အတူတူချင်း မင်းကဘာလို့ရန်တွေ့နေရတာလဲ"

"ရှင့်ဓာတ်ပုံကို တမင်ရိုက်တာမဟုတ်ဘူး၊ ပြီးတော့ ရှင်သိအောင်ပြောလိုက်ရဦးမယ်၊ ယောကျ်ားလေးတွေပုံကို ကျွန်မ ဘယ်တော့မှမရိုက်ဘူး"





"ငါကလဲ မိန်းကလေးတွေပုံကို ဘယ်တော့မှမရိုက်ဘူး၊ scene တွေပဲရိုက်တယ်"

သူ့စကားကြောင့် သူမခံပြင်းသွားပုံရသည်။

နှုတ်ခမ်းစူပြီး မျက်စောင်းထိုးလိုက်၏။

"ရှင့် Camera ထဲက negative ထုတ်ပေးစမ်းပါ"

"ဘာလို့ထုတ်ပေးရမှာလဲ၊ ငါရိုက်ထားတဲ့ ရှုခင်းပုံတွေ အလကားပျက်ကုန်မှာပေါ့"

"မရဘူး၊ ကျွန်မက မိန်းကလေးရှင့်၊ ရှင့် Camera ထဲမှာ ကျွန်မပုံတွေပါသွားရင် ဘယ်လိုလုပ်မလဲ"

"ဒါဖြင့်လဲ ကောင်းပြီလေ၊ မင်း negative ထဲမှာပါသွားတဲ့ ငါ့ပုံကိုလဲ ပြန်ပေးရမယ်၊ ဒါပဲ"

"အို. . . ရပါတယ်၊ ရှင့်ပုံကို ကျွန်မကလဲယူမထားပါဘူး၊ ကြက်ခြောက်ဖို့ပဲအသုံးဝင်မယ့်ပုံကြီးကိုများ အခုပေးမယ်"ဟု ပြောပြီး သူမက ကင်မရာထဲမှ နက်ကာတစ်(ဗ်)ကို ဆွဲထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးတော့ ရေစွယ်သို့ပြေးသွားပြီး နက်ကတစ်(ဖ်)ကို ရေထဲသို့မျှောပစ်လိုက်၏။

"ကဲ တွေ့ပြီလား ကိုငှက်ရိုးရဲ့၊ ကျွန်မက မိန်းကလေးပေမယ့် ခပ်ပြတ်ပြတ်ပဲ"ဟု ပြောလေသည်။

"ငါကလဲ ခပ်ပြတ်ပြတ်ပဲဟေ့၊ ဟောဒီမှာ နင့်ခာတ်ပုံ"ဟုပြောပြီး သူကလည်း နက်ကတစ်(ဖ်)ကို ရှို့ခနဲဆွဲထုတ်လိုက်သည်။

ပြီးတော့ သောင်ပြင်ပေါ်သို့ဆောင့်ပြီး ပစ်ချလိုက်၏။

"ကြိုက်သွားပြီ. . . တကယ့်ကို ကြိုက်သွားပြီ"

"ဘာကြိုက်တာလဲ"

"ရှင့်ကိုလေ. . . ရှင့်ကို၊ အဲ. . . ရှင့်ရဲ့မာနကြီးတဲ့မျက်နှာကြီးနဲ့မိန်းကလေးနဲ့အပြိုင် စိတ်ဆိုးမာန်ဆိုးဒေါသထွက်တတ်တဲ့ ရုပ်ကြီးကို ကြိုက်သွားတာ"

စကားဆုံးသည်နှင့် သူမပြေးထွက်သွားတော့၏။

သူမပြေးထွက်သွားပုံလေးက ကပိုကရိုနှင့် ချစ်စရာ





ကောင်းလှ၏။

ဆံပင်နက်လေးများက အခွေအလိပ်ကလေးများဖြစ်ပြီး လေမှာတလွင့်လွင့်နှင့်။

နံ့သာရောင်ဝတ်စုံလေးက လေမှာတဖျတ်ဖျတ် လွင့်နေသည်။

ဩော်. . . ချစ်စရာကောင်းလွန်းတဲ့ မိန်းကလေးရယ်. . .

မင်းလေးကိုမြင်မြင်ချင်း ကိုယ်စိတ်ဝင်စားနေမိပြီ၊ မြင်မြင်ချင်းချစ်မိတယ်ဆိုတဲ့စကားဟာ ဒီလိုများလား. . .

ထိုအချိန်ကတည်းက သူသည်သူမတို့ မြင်မြင်ချင်း စိတ်ဝင်စားခဲ့မိ၏။

သည့်နောက်ပိုင်းရက်များတွင်တော့ သူနှင့်သူမတို့နှစ်ဦး ခင်မင်ရင်းနှီးသွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

ထိုနေ့ညနေခင်း. . .

ဇင်ယော်စိုးသည် သူ့သူငယ်ချင်းကျော်သန်းနှင့်အတူ သောင်ခုံပေါ်တွင် လမ်းလျှောက်လာသည်။

သောင်ခုံအလယ်တွင် ဘန်ဂလိုများစီတန်းနေပြီး အတော်စည်ကားလေသည်။

"ဆရာ ကဏန်းပေါင်းစားကြရအောင်၊ ဟိုအုန်းပင် အောက်ကဆိုင်မှာ ကဏန်းပေါင်းရောင်းနေတယ်"

"ကောင်းသားပဲကွ"

ကဏန်းပေါင်းဆိုင်လေးထဲသို့ ဝင်လာခဲ့ကြ၏။

"ကဏန်းပေါင်းနှစ်ပွဲ"

ကျော်သန်းကလှမ်းမှာလိုက်ပြီးနောက် စားပွဲတစ်လုံး





တွင်ရေနွေးကြမ်းသောက်ရင်း ထိုင်စောင့်နေကြသည်။

"ဟင်. . . ဒ့စ်ကိုပါလား၊ ကမ်းခြေအလည်ရောက်နေ တာလား အစ်ကို"

သူ့ကုမ္ပဏီမှ Sales promoter လူရွယ်တစ်ယောက် လာနှုတ်ဆက်၍ အံ့ဩသွား၏။

"ဩော်. . . မောင်စံအောင်ပါလား၊ မင်းခွင့်တင်သွား တယ်ကြားတာ လက်စသတ်တော့ ဒီရောက်နေတာကိုး"

စံအောင်က အနည်းငယ်ကြောက်ရွံ့အားနာသွားသည့် အမူအရာဖြင့် ခေါင်းညိတ်သည်။ ပြီးတော့. . .

"ကျွန်တော်လည်း သူငယ်ချင်းတွေနဲ့ အပန်းဖြေခရီး ထွက်ရတာကြာလို့ ထွက်လာခဲ့တာပါ အစ်ကို"ဟု တောင်းပန် သလိုပြောလိုက်သည်။

"ခရီးထွက်လာတုန်း ပျော်အောင်နေပေါ့ကွာ"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော်တို့သူငယ်ချင်းအုပ်စုက ရှူပေါင်းဆယ့်ငါးယောက်လေ၊ မိန်းကလေးချည်းပဲ ဆယ် ယောက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"အစ်ကိုတို့က ဘယ်နှစ်ယောက်လဲ"

"တို့နှစ်ယောက်တည်းပါ"

"အတော်ပဲ ဖိတ်ရဦးမယ်၊ ညကျရင် ကျွန်တော်တို့ ဘန်ဂလိုရှေ့မှာ မီးပုံပွဲရှိတယ် ၊ အဲဒါစုပြီး သီချင်းဆိုကြမှာ၊ အစ်ကိုလည်း တစ်ပုဒ်လောက်အားပေးပါဦး"

"အိုကေ"

သူက ပျော်ပျော်နေတတ်သူမို့ နှစ်ခါမခေါ်ရပေ။

"ကဏန်းပေါင်းမှာထားတာ ရပြီခင်ဗျ"

စားပွဲထိုးလေးက ကဏန်းပေါင်းနှစ်ပန်းကန် စားပွဲပေါ် လာချပေးရင်းပြောလိုက်၏။

"စံအောင်. . . မင်းလည်း ကဏန်းပေါင်းစားမလား၊ မင်းတို့အတွက် မှာလိုက်မယ်"

စံအောင်နှင့်အတူပါလာသည့် လူရွယ်အတွက်ပါ ကဏန်းပေါင်းမှာလိုက်သည်။

"ဟေ့ စံအောင်၊ မင်းဒီမှာ ဘာလာစားနေတာလဲကွ၊





ငါတို့ဖြင့် ကောင်မလေးပျောက်လို့ ရှာနေကြတာ မောကြောပဲ"

ဆိုင်ရှေ့တွင် လူရွယ်နှစ်ဦးလာရပ်ပြီး အရေးတကြီးပြောလိုက်သောကြောင့် စံအောင်တို့နှစ်ယောက်ဆိုင်ထဲမှ ရေကြီးသုတ်ပျာ ထွက်သွားကြသည်။

"ဘယ်သူပျောက်နေလို့လဲ"

"ကေရီ"

"ဟင်. . . သူတစ်ယောက်တည်း ပျောက်နေတာလား"

"ဒါပေါ့ကွ၊ မိန်းကလေးတစ်ယောက်တည်း လျှောက်သွားသင့်ဘူး"

"သူက ကဲကိုကဲတာ"ဟု အောင်ချိုကပြောတော့ စံအောင် အသက်ကာပြုရင်း ငြင်းလိုက်၏။

"ဟာ. . . ဘယ်ကဲပါ့မလဲ၊ အဲဒီကေရီက တစ်မျိုးလေးကွ၊ သူ့ဘာသာတစ်ယောက်တည်း ခပ်အေးအေးနေတတ်တာ၊ ထင်မရာတစ်လုံးနဲ့ဓာတ်ပုံလျှောက်ရိုက်နေတာဖြစ်မှာပေါ့ကွ၊ သူနဲ့တွဲတဲ့ စမ်းစမ်းအေးကို မမေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



စံအောင့်စကားကြောင့် အောင်ချိုနှာခေါင်းရှုံ့ပြီး ရယ်ကျဲကျဲလုပ်နေ၏။

မောင်ထွန်းက စဉ်းစားနေရာမှ. . .

"စမ်းစမ်းအေး ဟုတ်လား၊ အင်း. . . မေးကြတယ်၊ စမ်းစမ်းအေးနိုးလာတော့ ကေရီ့ကိုမတွေ့ဘူးတဲ့၊ နေ့လယ်က စမ်းစမ်းအေးအိပ်လိုက်တာ ညနေသုံးနာရီခွဲမှနိုးလာတာကွ"

ကဏန်းပေါင်းစားရင်း ဆိုင်ပြင်ဘက်မှ စံအောင်တို့ပြောသမျှ နားစွင့်နေမိသည်။

ကေရီတဲ့. . . ကင်မရာတစ်လုံးနဲ့မာတ်ပုံလျှောက်ရိုက်နေတာဖြစ်မှာပေါ့တဲ့. . .

ကေရီဆိုတာ မနက်က ကျောက်ဆောင်နားမှာ သူနဲ့တွေ့ခဲ့တဲ့ကောင်မလေးများလား. . .

အဲသည်မိန်းကလေး ဖြစ်နိုင်သည်. . .

သူ့လက်ထဲမှာ ကင်မရာတွေ၊ မှန်ပြောင်းတွေနှင့်၊ စီးထားတာကိုက (Boot shoes) ဘွတ်ရှူး. . .

"ကျော်သန်း"





"ဘာလဲ သူငယ်ချင်း"

"ကဏန်းပေါင်းစားပြီးရင် ငါကျောက်ဆောင်တွေဘက် ခဏလျှောက်ဦးမယ်"

"အိုကေ"

"မင်းဒီမှာပဲ စောင့်နေ"

ကျော်သန်းက တစ်ခုခုစားလျှင် အချိန်အလွန်ဖြုန်းသူမို့ သူမစောင့်နိုင်ဘဲ ဆိုင်ထဲမှထွက်ခဲ့၏။

ဆိုင်အပြင်ရောက်တော့ စံအောင်တို့အုပ်စုကို မတွေ့ရတော့ပေ။

သူတစ်ယောက်တည်း ကျောက်ဆောင်တွေဘက် လျှောက်လာခဲ့၏။

ကမ်းခြေတောင်ဘက်စွန်းရှိ ကျောက်ဆောင်များရှိရာသို့ လျှောက်လာခဲ့ခြင်းဖြစ်သည်။

ရေတက်ချိန်ဖြစ်၍ ကျောက်ဆောင်များဆီသို့ လှိုင်းများ ဒုန်းဒုန်းရိုက်ခတ်နေသည်။

နေဝင်ချိန်နီးဆည်းဆာအလှနှင့် လှိုင်းများရိုက်ခတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် မင်းလယ်ပြင်အလှကို အမိအရဓာတ်ပုံရိုက်ယူနေသူက တော့ သူထင်ထားသည့်အတိုင်း သူမမင်မဟုတ်ပါလား. . .

သူမအနီးသို့ သူလျှောက်လာပြီး အသံပြုလိုက်သည်။

"ဟေး. . . မိန်းကလေး"

သူမဆတ်ခနဲလှည့်ကြည့်ပြီး အံ့သြသွားသည်။

"ဩော်. . . ရှင်ကိုး၊ ဘာကိစ္စရှိလို့လဲ၊ ကျွန်မကို ဓာတ်ပုံ ရိုက်မလို့လား"

"ကင်မရာမပါခဲ့ဘူးလေ၊ မင်းမြင်သားပဲ"

"ဒါဖြင့် ဘာလဲ"

"မင်းနာမည် ဧကရီလား"

"ဟင်. . . ရှင်က သိနေသလား"

"မင်းကို မင်းရဲ့သူငယ်ချင်းတွေ လိုက်ရှာနေကြတယ်၊ စံအောင်လေ သိတယ်မဟုတ်လား"

သူပြောပြလိုက်၍ သူမမျက်မှောင်ကုတ်ပြီး နားထောင် နေရာမှ ကင်မရာပိတ်လိုက်ပြီး တစ်ချိုးတည်းလစ်တော့၏။

"ဟေး. . . ခဏနေဦး"





သူအော်လိုက်မှ ရေစိုနေသည့်ဂျင်းဘောင်းဘီရှည်ကို ဆွဲလိပ်ပြီး သူမရပ်နေသည်။

"ကဲပြော. . . ဘာပြောမလို့လဲ"

"ကိုယ့်ကို ကျေးဇူးတင်စကားလေးတောင် မပြောဘူး ဘားလို့"

သူမအံ့သြသွားပုံဖြင့်. . .

"သင့်ခယူ"ဟု ပြောလိုက်၏။

"ကိုယ်ပြောစရာရှိတယ်"

"ပြောလေ၊ မြန်မြန်ပြော၊ သူတို့လိုက်ရှာနေပြီဆိုတော့ သရိုပြေးမှုဖြစ်တော့မယ်"

"မင်းတစ်ယောက်တည်းလျှောက်ပြီး ဓာတ်ပုံရိုက်မနေနဲ့ ညီနေဝင်ရီတရောအချိန်မှာ အန္တရာယ်တွေ့နိုင်တယ်"

"ဟုတ်ကဲ့၊ ခုလိုသတိပေးတဲ့အတွက် ကျေးဇူးတင်ပါ ယ်၊ ကဲ သွားမယ်နော်"

"မင်းကိုမနက်က မြင်မြင်ချင်းပဲ စိတ်ဝင်စားတယ်၊ မင်းက ရောကောင်မလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ရှင်က ရိသွဲ့သွဲ့ပြောနေပါလား၊ တောက်. . . ကေရီ့ကို ဘာထင်နေလဲ"

"Teenager လေးလို့ ထင်တယ်"

"ကျွန်မဆယ်ကျော်သက်လေးမဟုတ်တော့ဘူးရှင့်၊ အသက်နှစ်ဆယ်ကျော်နေပြီ"

သူမပြေးထွက်သွားပုံလေးက ပင်လယ်ပြင်ပေါ် ပျံဝဲနေသည့် စင်ရော်ငှက်ကလေးတွေအလား ပေါ့ပါးလွတ်လပ်ပြီး သွက်လက်မြူးထူးနေသည်။

သူလေး သိပ်လှတယ်၊ ပြစ်မျိုးမဲ့မတင်အလှနဲ့ မိန်းကလေး. . . ဖြူဖြူသွယ်သွယ်နှင့် အရပ်ကလည်း မြင့်မားသည်။ မျက်နှာပြင်ပေါ်မှာ အကြောစိမ်းများယှက်သန်းနေပုံက ကြည်လေလှလေပင်။

သူမ၏ပုံရိပ်လှလှများက သူ့မျက်ဝန်းတွေထဲမှာ အရိပ်ထင်နေဆဲပင်မဟုတ်ပါလား. . .

သူ့ဘဝတွင် သူမကိုပထမဦးဆုံးအဖြစ် နှစ်နှစ်ကာကာ ချစ်သွားခဲ့မိတာ အံ့ဩစရာရယ်ပါ. . .

ꩾꩾꩾ



# အခန်း(၃)

ထိုနေ့ည။

စံအောင်ဖိတ်ထားသည့်အတိုင်း သူတို့ဘန်ဂလိုရှိရာသို့ ဆော်သန်းနှင့်အတူရောက်လာခဲ့ကြ၏။

စံအောင်တို့ဘန်ဂလိုရှေ့တွင် ရယ်မောသံများ ဆူညံညံကားနေပြီး မီးပုံပွဲကျင်းပလျက်ရှိသည်။

သူတို့အားလုံး မီးပုံကြီးတစ်ခုကို ပတ်ချာဝိုင်းပြီးထိုင်နေကြသည်။

သူတို့အားလုံးလိုလိုပင် ငယ်နုသူများဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာတီး၍ တစ်ယောက်တစ်လှည့် သီချင်းဆိုနေကြသည်။

စံအောင်က သူ့ကိုမြင်တော့ ဖော်ရွေလိုက်လှဲ့စွာ ဆီးကြိုလေသည်။ ပြီးတော့ အားလုံးနှင့်မိတ်ဆက်ပေးသည်။

"ဒါငါတို့ရဲ့ကုမ္ပဏီပိုင်ရှင် စက်ရုံပိုင်ရှင် ဦးဇင်ယော်စိုးပဲ၊ သူတို့အားလုံးကတော့ ကျွန်တော့်ရဲ့သူငယ်ချင်းတွေပါပဲ အစ်ကို"

"ခုလိုကြုံတုန်းကြုံခိုက် အားလုံးနဲ့ခင်မင်ခွင့်ရလို့ ဝမ်းသာပါတယ်"

သူက အားလုံးကို အလိုက်သင့်ပြန်ပြောလိုက်သည်။

ဧကရီက သူ့ကိုစူးစိုက်ကြည့်နေ၏။ သူကလည်း သူမကိုလှမ်းကြည့်ပြီး ရင်ထဲမှာလှုပ်ရှားသွားသည်။

သူမအလှက အခြားမိန်းကလေးများအကြားမှာ ပေါ်လွင်ထင်ရှားနေသည်။

သူမဝတ်ထားတာက ငုဝါရောင်ဝတ်စုံလေးဖြစ်ပြီး ဝါဝင်းသောသူမအသားအရည်နှင့် လိုက်ဖက်လွန်းလှသည်။

ဧကရီ့ဆံပင်နက်နက်များက မီးပုံကြီးမှ မီးရောင်ဖြင့်





တောက်ပနေပြီး ပင်လယ်လေတိုက်ခတ်လိုက်တိုင်း တလွင့်လွင့်နှင့်တစ်မျိုးလှပနေသည်။

သူမမျက်နှာကို သူငေးစိုက်ကြည့်နေမိ၏။

သူမမျက်နှာက ခပ်သွယ်သွယ်ဖြစ်ပြီး မျက်ခုံးမျက်တောင်တွေက နက်မှောင်ထူထဲသည်။ မျက်လုံးများက ရွှန်းလဲ့ပြီးညှို့နိုင်စွမ်းရှိလှသည်။ နှာတံက လုံးလုံး၊ နှုတ်ခမ်းနှစ်လွှာက နီရဲပြီးနှင်းဆီဖူးငုံလေးကဲ့သို့ လှပ၏။ ခန္ဓာကိုယ်အချိုးအဆက်ကလည်း ပြေပြစ်လှပသည်။

သူမအလှတွင် သူယစ်မူးနေမိစဉ်. . .

"အစ်ကိုဇင်ယော်စိုးက သီချင်းဆိုကောင်းတယ်၊ ဂစ်တာတီးတာလဲတော်တယ်၊ သူက ကိုယ်တို့ကုမ္ပဏီဧည့်ခံပွဲတွေမှာဆိုရင် Hollow guitar တီးပြီး သီချင်းဆိုပြလေ့ရှိတယ်၊ အခုလဲ မီးပုံပွဲမှာ သီချင်းတစ်ပုဒ်ဆိုပြဖို့ အစ်ကို့ကို request လုပ်ပါရစေ"

"ဟုတ်တယ်၊ သူဌေးကြီးဦးဇင်ယော်စိုး သီချင်းတစ်ပုဒ်လောက် ဆိုပြပါ" ဟု အားလုံးက လက်ခုပ်လက်ဝါးတီး၍ တောင်းဆိုလိုက်ကြသည်မို့ ဇင်ယော်စိုး ထိုင်ရာမှထရပ်လိုက်

www.burmeseclassic.com



သည်။

စံအောင်က သူ့လက်ထဲသို့ Hollow guitar တစ်လက်ကို ပေးလိုက်သည်။

သူက ဂစ်တာကြိုးများညှိလိုက်ပြီး LOBO ၏ It sure took a long long time သီချင်းကို ဆိုလိုက်သည်။

သူ့အသံက ကြည်လင်အေးမြပြီး နားထောင်နေသူ အားလုံးကို ဆွဲဆောင်နိုင်စွမ်းရှိလှ၏။

သူ့ကိုအားလုံးပင် စိတ်ဝင်စားနေကြသည်။

သီချင်းဆိုပြီးသည်နှင့် သူကပြန်ရန်နှုတ်ဆက်တော့ အားလုံးက တားဆီးလိုက်ကြ၏။

"မီးပုံပွဲပြီးမှပဲ ပြန်ပါ အစ်ကိုရယ်"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့ပွဲလေးပြီးတဲ့အထိ အားပေးပါဦး"

အသက်သုံးဆယ်နီးပါးရှိ မနှင်းဝေက ပြောလိုက်သည်။

သူ့အားနာနာဖြင့် မီးပုံပွဲပြီးသည့်အချိန်အထိနေရန် ဆုံးဖြတ်လိုက်ရသည်မဟုတ်ပါလား. . .





မီးပုံပွဲအပြီးတွင် Pizza ကျွေး၍ ကော်ဖီတိုက်၏။

"ကိုယ်တိုင်လုပ်တဲ့ Pizza မို့ အရသာပိုကောင်းမယ် ထင်ပါတယ်၊ အဲဒါ ကျွန်မတို့အားလုံးပေါင်းပြီးလုပ်တဲ့ Pizza လေ"ဟု ကေသီဆိုသည့်မိန်းကလေးက ပြောသည်။

သူတို့၏အထူးအစီအစဉ်အရ Pizza တစ်ခုကို နှစ်ယောက်စားကြရပြီး Pizza ထည့်ထားသည့်ပန်းကန်ပြားကြီးကို နှစ်ယောက်တစ်တွဲကိုင်ရန် မဲစနစ်ဖြင့် ခွဲဝေခဲ့ကြသည်။

ကံအားလျော်စွာ သူနှင့်ဇော့ရီတို့ Pizza တစ်ခုကို နှစ်ယောက်အတူ စားကြရသည်။

Pizza စားရင်း သူက သူမအကြောင်းကို မေးလိုက်၏။

"ဇေရီက ရန်ကုန်ကပဲမဟုတ်လား၊ ရန်ကုန်ကို ဘယ်တော့ပြန်မှာလဲ"

"နောက်နှစ်ရက်ကြာရင် ပြန်မယ်"

"ဇေရီ့ Name card လေး ကိုယ့်ကိုပေးခဲ့မှာလား"

"ဟုတ်ကဲ့. . . ပေးခဲ့မယ်လေ၊ ဦးဇင်ယော်ကော ဘယ်တော့ပြန်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လဲ သုံးလေးရက်နေပြီးရင် ပြန်မှာပဲ၊ လေယာဉ်တစ်စီးထဲ ပြန်ကြရရင်ကောင်းမှာပဲ"

သူမက ဘာမှပြန်မပြောပေ။

"ရန်ကုန်ရောက်ရင် ကေရီ့ဆီအလည်လာလို့ရမလား"

သူမဘာမှပြန်မပြောသဖြင့် သူလည်းဆက်မပြောဖြစ်တော့ပေ။

ထိုနေ့ည မီးပုံပွဲအပြီးတွင် ကျော်သန်းနှင့်အတူ ပြန်လာခဲ့ကြသည်။

"ဘယ်လိုလဲ သူငယ်ချင်း၊ အဲဒီကောင်မလေးကို မင်းအတော်စိတ်ဝင်စားနေပြီထင်တယ်" ဟု ကျော်သန်းက မေးသည်။

"မင်းက ငါ့ကို အကဲခတ်မိနေပြီလား"

"ဟုတ်တယ်၊ အကဲခတ်မိနေပြီ၊ မိန်းကလေးတွေနဲ့ ပတ်သက်လာရင် မင်းဒီလောက်စိတ်လှုပ်ရှားတာ ငါတစ်ခါမှ မမြင်ဖူးသေးဘူး"

"ငါဒီလောက်ပဲ ကြွေပျက်နေပြီလားကွ"





"ဟုတ်တယ်၊ မင်းကိုကြည့်ရတာ သိပ်ကိုသိသာနေတယ် သူငယ်ချင်း၊ ကောင်မလေးက ထူးထူးခြားခြားလှတဲ့သူပဲ၊ ငါတောင်စိတ်ဝင်စားနေမိပြီ"

ကျော်သန်းစကားကြောင့် သူမျက်လုံးပြူးသွားပြီး. . .

"ဟာကွာ. . မင်းကလဲ ဒီလောက်တောင် မိန်းမရှားသလား၊ ငါစိတ်ဝင်စားနေတဲ့ မိန်းကလေးကိုမှ စိတ်ဝင်စားရအောင် မင်းနဲ့ငါပြိုင်ဘက် မဖြစ်ချင်ပါဘူးကွာ"

သူစိတ်ဆိုးမာန်ဆိုးပြောလိုက်မှပင် ကျော်သန်း တဟားဟားအော်ရယ်လိုက်၏။

"ဆောရီးပဲကွာ. . ဆောရီးပဲ၊ မင်းကိုငါ တမင်နောက်လိုက်တာပါ"

ဘန်ဂလိုပြန်ရောက်တော့ ဂစ်တာကောက်ကိုင်ပြီး သူတစ်ယောက်တည်း စောစောကဆိုခဲ့သည့် It sure took a long long time သီချင်းကို သီဆိုနေမိသည်မဲဟုတ်ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

နောက်တစ်နေ့နံနက်စောစောတွင် သူမနှင့်တွေ့ခဲ့သည်။ ကျောက်ဆောင်စွန်းရှိရာသို့ သူရောက်လာခဲ့ပြီး သူမကိုမျှော်နေမိသည်။

နာရီဝက်ခန့်ကြာတော့ သောင်ပြင်ပေါ်လမ်းလျှောက်လာသည့်သူမကို တွေ့လိုက်ရ၏။

သူမကိုမြင်တော့ သူဝမ်းသာရွှင်မြူးသွားသည်။ သူမအနီးသို့ သူအပြေးတစ်ပိုင်းဖြင့်ရောက်လာခဲ့ပြီး. . .

"ဧကရီတစ်ယောက်တည်းလား"





"တစ်ယောက်တည်းပေါ့။ ဘယ်နှစ်ယောက်မြင်လို့လဲ"ဟု ခပ်ပြုံးပြုံးပြန်မေးလိုက်၏။

"မနက်စောစောကတည်းက ဧကရီ့ကို လာစောင့်နေတာ"

"ဟုတ်လား၊ ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိမှ လာစောင့်ရမှာလား"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ မျက်ဝန်းနှစ်စုံတို့ စကားပြောနေကြ၏။

သူမက မျက်လွှာချပစ်လိုက်ပြီး ရှက်သလိုပြုံးနေသည်။

"မနက်စာစားခဲ့ပြီးပြီလား၊ မင်းကိုကိုယ် မနက်စာကျွေးချင်တယ်"

"ဟုတ်လား. . . ဘယ်ဆိုင်မှာလဲ"

"ကိုယ့်ဘန်ဂလိုပေါ်ကို လိုက်ခဲ့ပါ၊ ကိုယ်ကိုယ်တိုင် မနက်စာပြင်ဆင်ပေးမယ်"ဟု သူကပြောတော့ မငံ့မရဲအမူအရာနှင့် သူမခေါင်းခါယမ်းလိုက်သည်။

သူက ဆက်မပြောတော့ဘဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကိုယ်တို့လမ်းလျှောက်ကြတာပေါ့"ဟု ပြော
သည်။

သူတို့နှစ်ဦးကမ်းခြေအတိုင်း လျှောက်လာခဲ့ကြသည်။

အတော်ဝေးဝေးရောက်တော့ သူမက မောသွားဟန်
ဖြင့်. . .

"ဒီနေရာလေးမှာ ထိုင်ကြရအောင်နော်"ဟု ပြောလိုက်
၏။

ပြီးတော့ သူတို့နှစ်ဦးမျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

သူမက ဒူးကိုလက်နှစ်ဖက်ဖြင့်ပိုက်ပြီး ထိုင်နေသည်။
သူမ၏သွယ်လျလှပသောလက်ချောင်းလေးတွေကို မြင်နေ
သည်။

သူမမျက်နှာကိုမျက်တောင်မခတ်ဘဲ သူငေးကြည့်နေ
သောကြောင့် သူမ မနေတတ်လောက်အောင် ရင်ခုန်နေမိသည်
မဟုတ်ပါလား. . .

"ကေရီ"

"ဟင်"





"စကားပြောလေ"

"ဦးဇင်ယော်စိုးပြောပါလား"

"ကိုယ်ပြောရမယ် ဟုတ်လား ကေရီ ဒါဆို ကိုယ့်ရင်
ထဲမှာရှိတာတွေ ပြောမယ်နော်"

ကေရီက သူ့ကိုထိတ်လန့်တကြား မော့ကြည့်လိုက်၏။

"မင်းကိုကိုယ်ချစ်တယ်၊ မြင်မြင်ချင်းချစ်ခဲ့မိတာပဲ၊ ကိုယ်
ပြောတာယုံရဲ့လား"

"ရှင်က သည်လိုပဲမိန်းကလေးမြင်တိုင်း အချဉ်လိုက်ဖမ်း
နေတဲ့သူလား"

"ကိုယ့်ကိုဒီလိုထင်ရင် မှားသွားလိမ့်မယ်၊ ရန်ကုန်ရောက်
ရင် ကိုယ့်အကြောင်းသိအောင် စုံစမ်းကြည့်ပေါ့၊ မောင်စံအောင်
ကို မေးကြည့်ရင်လဲသိမှာပါ"

သူ့စကားကြောင့် သူမနှုတ်ခမ်းစူသွားပြီး. . .

"ရှင့်အကြောင်း ဘာဖြစ်လို့ စုံစမ်းရမှာလဲ"

"ကိုယ့်အကြောင်းသိထားသင့်တယ်ထင်လို့ပါ"

သည်လောက်မြန်မြန်ဆန်ဆန်ချစ်ရေးဆိုနေသဖြင့် သူမ



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩမယုံနိုင်လောက်အောင် ဖြစ်နေမိသည်။

သူ့ရှေ့မှာဆက်လက်နေရန်သင့်မသင့် တွေးနေမိသည်

သူမ့ပခုံးကို သူကဖွဖွဖက်လိုက်သောကြောင့် သူမရှိန်

ထွက်လိုက်ပြီး. . .

"ကျွန်မဘာန့်ဂလိုပြန်တော့မယ်၊ ရှင်ထင်သလို ခပ်လွယ်

လွယ်ပြန့်ချစ်တတ်တဲ့မိန်းကလေးတွေထဲ ကျွန်မမပါဘူး"

"ကိုယ်လေးလေးနက်နက်ချစ်ခဲ့မိတာပါ ကေရီ၊ ကိုယ့်

အသည်းကွဲအောင် မလုပ်ပါနဲ့"

"အဟင်း. . . အဟင်း. . . အဟင်း"

"လှောင်တာလား ကေရီ"

"ကျွန်မသဘောကျလို့ ရယ်တာလေ"

"ဘာကိုသဘောကျလို့လဲ ကေရီ"

"ဩော်. . . ကေရီနဲ့ရှင်က တွေ့ဖူးမြင်ဖူးခဲ့ကြတာ တ

ရက်နှစ်ရက်ပဲရှိသေးတယ် မဟုတ်လား၊ ဘာကြောင့် ကျွန်မ

ချစ်တယ်လို့ပြောရတာလဲ"

"အချစ်မှာ အချိန်အပိုင်းအခြားမရှိပါဘူး ကေရီ၊ မင်း





မြင်ချင်း ချစ်ခဲ့မိပေမယ့် ကိုယ့်အချစ်က လေးနက်နိုင်မာ

တယ်၊ ကိုကိုမမျိုသိပ်နိုင်လောက်အောင် ဖြစ်နေမိပြီ ကေရီ၊

တုန်ရောက်ရင် ကိုယ်တို့နှစ်ဦး နေ့စဉ်တွေ့ကြရအောင်၊

တော့ ကိုယ့်ကိုလက်ထပ်ခွင့်ပေးပါ"

သူမခေါင်းခါယမ်းလိုက်သည်။ သို့သော် သူမပျော်ရွှင်

သည်းနေမိတာတော့ အမှန်ပင်။

"ကိုကို့ကို စိတ်ဆိုးနေပြီလား ကေရီ"

သူက သူမပခုံးတစ်ဖက်ကို ညင်သာစွာဆုပ်ကိုင်ပြီး မေး

တ်သည်။

သူမခေါင်းခါနေမိပြန်သည်မဟုတ်ပါလား. . .

"ဒါဖြင့် ကိုကို့ကိုချစ်သလား"

သူ့အသံသည် လှိုက်လှဲပြီးတုန်နေ၏။ ပြီးတော့ သူမ

သာရုံ တိုးတိတ်လွန်းသည်။

"ကိုကိုပြောတာ စောနေပေမယ့် တကယ်ချစ်နေမိတာပါ

လေးရယ်၊ ချစ်လေးအဖြေမပေးချင်သေးရင်လဲ ရပါတယ်၊

အေးအေးဆေးဆေးစဉ်းစားပြီးမှ အဖြေပေးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သိပ်အချိန်စောနေတယ် ဦးဇင်ယော်စိုး ဧကေရီမဖြေချင်သေးဘူး"

"ဒီမှာ ရော့၊ ချစ်လေးအတွက် ကိုကို့လက်ဆောင် ဒီperfumeက သနပ်ခါးနံ့လေး သင်းနေတယ်၊ ဒါကိုကို America ရောက်တုန်း ဝယ်လာခဲ့တာ"

သူက ရေမွှေးပုလင်းကိုဖွင့်လိုက်ပြီး သူမပခုံးပေါ် ရှိုးခနဲ ဖြန်းပေးလိုက်၏။ ပြီးတော့ အဖုံးပြန်ပိတ်ပြီး သူမပိုက်ဆံအိတ်ထဲ ထည့်ပေးလိုက်သည်။

"ဟော. . . မိုးရွာလာပြီ၊ ဘယ့်နှယ့် နွေခေါင်ခေါင် မိုးရွာရတယ်လို့"

သူမပြောပြီး ပြေးထွက်သွားတော့၏။

သူက သူမနောက်မှအပြေးတစ်ပိုင်းဖြင့် လိုက်လာခဲ့သည်။

"ဟော့. . . မပြေးနဲ့လေ၊ တော်ကြာ မင်းသူငယ်ချင်းတွေက ဘယ်လိုထင်ကြမလဲ၊ ခဏနေကျရင် မင်းကိုကိုယ် လိုက်ပို့ပေးပါ့မယ်"





သည်တော့မှပင် သူမပြေးနေရာမှရပ်လိုက်ပြီး သူနှင့်အတူ လျှောက်လာခဲ့ကြသည်။

သူက ဘောင်းဘီရှည်မီးခိုးရောင်၊ ရှပ်လက်တိုအပြာ ရောင်နှင့် ခန့်ညားချောမောပြီး နုပျိုနေသည်မို့ သူမနှင့်ယှဉ်ပြီး လျှောက်လာတော့ အသက်အရွယ်ချင်းသိပ်မကွာလှဟု ထင်ရ သည်။

သူမကအပြာနုရောင်ဝတ်စုံလေး တလွင့်လွင့်နှင့် ဦးထုပ် အပြာရောင်ကိုဆောင်းထားပြီး လျှောက်လာသောကြောင့် လိုက်ဖက်လှ၏။

သူတို့စုံတွဲကို ကမ်းခြေရှိလူတွေဝိုင်းကြည့်နေကြ၏။

"အံမယ်. . . ဧကေရီနဲ့တွဲလာတဲ့လူက ခန့်ညားချောမော သားနားလှချည်လား"

"အပျံစားပဲဟေ့"

"ဟင်. . . ညက တို့မီးပုံပွဲမှာ သီချင်းလာဆိုသွားတဲ့ ဆိုင်ရှင်ဆိုတဲ့ လူပါလား"

တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘန်ဂလိုအနီးရောက်တော့ သူကသူမကို နှုတ်ဆက်ပြီး လှည့်ပြန်သွား၏။

"ဟော့. . . ဇေကရီ၊ နင်က အတော်သွက်ပါလား၊ သူဌေး ကြီးတစ်ယောက်ကို မြင်မြင်ချင်း date လုပ်လိုက်တာလား"ဟု နှုတ်သွက်လျှာသွက် ဥမ္မာက ပြောလိုက်သည်။

"ငါက သူ့ကို date မလုပ်ပါဘူး၊ သူကသာ ငါ့ကိုစိတ် ဝင်စားနေတာ"ဟု ခပ်တင်းတင်းပြန်ပြောလိုက်၏။

"ဟုတ်ရဲ့လား မေရယ်၊ ဒီလူ့ကြည့်ရတာ စိတ်ဝင်စား စရာသိပ်ကောင်းတယ်နော်၊ သူ့ကိုနင်က စိတ်ဝင်စားနေတာ မဟုတ်ဘူးလား"

"သူ့ကိုမြင်မြင်ချင်း စိတ်ဝင်စားရအောင် ငါက ဒီလောက် စိတ်မလွယ်ဘူး၊ ငါ့ပတ်ဝန်းကျင်မှာ ယောကျ်ားလေးတွေဝိုင်းဝိုင်း လည်နေတာတောင် ပြန်မကြိုက်သေးဘူး နားလည်ရဲ့လား"ဟု အော်ပစ်လိုက်၏။

"ဟဲ့. . ဥမ္မာ၊ ဘာတွေပြောနေတာလဲ၊ ညကတည်းက နင်အတဲမခတ်မိဘူးလား၊ အဲဒီသူဌေးက ဇေကရီ့ကို စိတ်ဝင်စား





သိုက်တာ၊ လူတိုင်းအကဲခတ်မိတယ်"ဟု ညွန့်ညွန့်က ဇေကရီ့ ဘက်မှလိုက်၍ပြောလိုက်မှပင် ငြိမ်သက်သွားကြတော့၏။

ဇေကရီအလိုလိုနေရင်း စိတ်တိုနေမိသည်။

သူ့ကြောင့် ဇေကရီ စိတ်ရှုပ်ထွေးခဲ့ရသည် မဟုတ်ပါ . . .

နောက်နောင် သူနှင့်မတွေ့ဆုံမိအောင် ရှောင်မှဖြစ် မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

နောက်တစ်နေ့နံနက်မှာပင် သူမတို့အားလုံး ရန်ကု
ပြန်သွားကြကြောင်း သိခဲ့ရ၏။

သူမတို့ ဘန်ဂလိုရှေ့ရောက်တော့ အားလုံးရန်ကုန်
ပြန်သွားကြပြီဖြစ်ကြောင်း ဘန်ဂလိုအစောင့်ကြီးက ပြော
၏။

သူ့ရင်ထဲမှာဟာပြီး ကျန်ရစ်ခဲ့သည်။ သူမက သူ
နှုတ်မဆက်သွားပါလား. . .

ဟုတ်တယ်. . .ခွဲခွာခါနီးနှုတ်ဆက်ရတာ အင်မ
စိတ်ပင်ပန်းစရာကောင်းတယ်. . .

ပြီးတော့ ချစ်ရတဲ့သူကိုနှုတ်ဆက်ရတာ ပို့ပြီးအသည်း





ရလိမ့်မယ်. . .

ထိုစဉ် ကောင်းကင်ပေါ်သို့လေယာဉ်တစ်စီးထိုးတက်
လာပြီး အနောက်မြောက်ဘက်မိုးကောင်းကင်ဆီသို့ ဦးတည်
ပျံသန်းသွားတာကို တွေ့လိုက်ရ၏။

ဩော်. . . အဲဒီလေယာဉ်ကြီးနဲ့အတူ မြနှင်းဧကရီမေ
ဆိုတဲ့ မိန်းကလေးတစ်ယောက်ပါသွားခဲ့ပြီ မဟုတ်ပါလား. . .

နောက်ထပ်သုံးရက်ခန့်ကြာသောအခါ သူနှင့်ကျော်သန်း
တို့နှစ်ဦးလည်း ရန်ကုန်သို့ပြန်လာခဲ့ကြ၏။

ရန်ကုန်ရောက်တော့ သူမကိုတွေ့ဆုံရန် အလိုလို စိတ်
ဆောနေမိ၏။

သူမက သူတောင်းသည့်နေရပ်လိပ်စာမပေးခဲ့သဖြင့်
စံအောင့်ကိုပင် သူမအကြောင်းမေးရတော့၏။

"သူနဲ့ကျွန်တော်က သိပ်တရင်းတနှီးမိတ်ဆွေတွေ
တော့ပါဘူး အစ်ကို၊ သူတို့မိန်းကလေးအဖွဲ့ခေါင်းဆောင်
နှင်းဝေကိုမေးရင်တော့ သိချင်သိလိမ့်မယ်"ဟု စံအောင်က
ပြန်ပြောခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူစိတ်ဓာတ်အကြီးအကျယ်ကျသွားမိသည်။

သူမနှင့်တွေ့ဆုံခွင့်ရရန် ဘယ်လိုလုပ်ရမှာပါလိမ့်. .

သည်လိုနှင့်တစ်လခန့်ကြာသွားပြီးမှ သူနှင့်သူမတို့ မမျှော်လင့်စွာ ပြန်လည်ဆုံတွေ့ခဲ့ကြရသည်။

ဟိုတယ်လ်ကြီးတစ်ခု၏အောက်ထပ်တွင် ဖွင့်ထားသော Beauty saloon တစ်ခုထဲတွင် သူမနှင့်သူ ပြန်လည်ဆုံတွေ့ခဲ့ကြခြင်းဖြစ်သည်။

ထိုနေ့က သူသည် ထို Beauty saloon လေးထဲတွင် ခေါင်းလျှော်ရန်နှင့်ဆံပင်ညှပ်ရန် ရောက်လာခဲ့သည်။

"ခဏစောင့်ရမယ်နော် ဦး၊ မီးတို့တစ်ယောက်မှ မအားကြဘူး၊ အားလုံးလူပြည့်နေတယ်၊ လျှော်ညှပ်တစ်ယောက်ကလည်း ခွင့်ယူထားလို့ အလုပ်ကလက်မလည်ဘူး"

အမျိုးသား၊ အမျိုးသမီးနှစ်မျိုးလုံး လက်ခံသည့်ဆိုင်ဖြစ်သောကြောင့် Beauty saloon အတွင်းရှိ hairdressers များ မအားမလပ်အောင်ပင် အလုပ်များလျက်ရှိ၏။

"ချိုလေးရဲ့ခုံ အားနေတယ်မဟုတ်လား"ဟု counter မှာထိုင်နေသည့် Beauty saloon ပိုင်ရှင်မိန်းကလေးက လှမ်း၍မေးလိုက်၏။

ထိုအသံကိုကြားဖူးသလိုလိုမို့ သူလှည့်ကြည့်လိုက်မိရာ အကြီးအကျယ်အံ့ဩသွားရသည်။

"ဟင်. . ."

သူမသည် ခရမ်းပြာရောင်ဝတ်စုံလေးဖြင့် သူ့ဘက်ဘေးတိုက်အနေအထားထိုင်နေပြီး ကောင်တာတွင် စာရင်းသွင်းလျက်ရှိသည်။

သူမကိုငေးကြည့်နေရာမှ အနီးသို့လျှောက်လာပြီး သူနှုတ်ဆက်လိုက်သည်။

"ဟေး. . . ကေရီ၊ မင်းဘယ်လောက်ပုန်းပုန်း ကမ္ဘာမြေကြီးက ကျဉ်းကျဉ်းလေးပါပဲ၊ မင်းကိုကိုယ်ပြန်တွေ့ရပြီ"ဟု ဝမ်းသာအားရဖြစ်နေသည့် အသံဖြင့်ပြောလိုက်၏။

ကေရီက သူ့ကိုသိလျက်နှင့်မမှတ်မိချင်ယောင်ဆောင်ပြီး ခပ်တည်တည်ပြန်ကြည့်နေသည်မို့ သူ့မျက်နှာစာစ်ခုလုံးနီမြန်းပြီး အရှက်ရသွားသည်။







www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲရှိလူအချို့ကလည်း သူ့ကိုခပ်လှောင်လှောင် ဝိုင်းကြည့်နေကြသည်။

"မင်းဟာ ကောရီအစစ်ပါ။ ကိုယ့်ကိုနောက်မနေနဲ့၊ ကိုယ်စိတ်ဆိုးပြီး မင်းဆိုင်ထဲကလှည့်ထွက်သွားရင် မင်းဆိုင် luck ပိတ်ပြီး ကျန်ရစ်ခဲ့မယ်နော်၊ Customer တစ်ယောက်ကို ဒီလိုမလှည့်စားရဘူး"ဟု အသံမာမာဖြင့်ပြောလိုက်သည်။

သည်တော့မှပင် သူမက ကလေးတစ်ယောက်လို ရယ်မောလိုက်ပြီး. . .

"ဦးဇင်ယော်စိုး. . . ခေါင်းလာလျှော်တာလား"

"ဟုတ်တယ်၊ အလုပ်သမားတွေမအားဘူးဆိုတော့ မင်းကိုယ်တိုင် လျှော်ပေးရမယ်နော် ဒါပဲ"

"ကောရီလျှော်ပေးလို့ဖြစ်မှာမဟုတ်ဘူး၊ ကျွန်မလက်သည်းတွေ အရမ်းရှည်နေတယ်"

"ဖြစ်ပါတယ်ကွာ၊ ကိုယ်နောင်လဲ အမြဲလာပြီး ခေါင်းလျှော်မှာပါ၊ တစ်ပတ်ကိုခုနစ်ရက်လောက်လာလျှော်ရင် လုံလောက်တယ်မဟုတ်လား"





"အိုကေလေ၊ ဒါဖြင့် ဟိုဘက်အစွန်ဆုံးက ခုံပေါ်မှာ ...စောင့်နေပါ၊ ကျွန်မအခုပဲ ခေါင်းလျှော်ပေးမယ်"

သူမက သူ့အားခေါင်းလျှော်ပေးနေစဉ် သူ့ရင်တစ်ခုလုံး ...ရွှားပြီး မျက်နှာကြီးဝွမ်းဆီထိသလို့ပြုံးနေမိသည်။

ထိုစဉ် City FM popular's choice အစီအစဉ်မှ LOBO ၏ ...sure took a long long time သီချင်းသံကိုကြားလိုက်ရသဖြင့် ...ခင်းမဂၢန်ကမ်းခြေမီးပုံပွဲညကို နှစ်ယောက်လုံး သတိရနေ...ကြသည်မဟုတ်ပါလား. . .

သူမခေါင်းလျှော်နေသည့် လက်ချောင်းလေးတွေကို သူ့...တ်ဖြင့် မသိမသာဖမ်းဆုပ်ကိုင်ထားလိုက်သဖြင့် သူမအနည်း...ယ်ရှုန်းလိုက်မိသည်။

သို့သော် သူကမလွှတ်ဘဲ. . .

"မင်းဖုန်းနံပါတ် ကိုယ့်ကိုပေးလိုက်ရမယ်နော် သိလား" ...ပြောလိုက်သည်။

သူမခေါင်းညိတ်လိုက်မှပင် သူကသူမ၏လက်ချောင်း...းများကို လွှတ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ပြီးပြီ"

ခေါင်းလျှော်ပြီးတော့ သူ့ကို dryer မှုတ်ပေးသည်။

"မင်းကိုယ်တိုင် Hair washing လုပ်ပေးတဲ့အတွ
ကျေးဇူးပဲနော်၊ မင်းရဲ့ hand phone ရှိရင် နံပါတ်. . ."

သူက ငွေရှင်းရင်းပြောနေခြင်းပါ။

သူမက hand phone နံပါတ်ရေးထားသည့် ဆိုင်လိပ်စ
ကတ်လေးကို သူ့အားပေးလိုက်သည်။

"ကိုယ်သွားမယ်နော် ကေရီ၊ Bye...bye !"

ရှင်လန်းပျော်မြူးနေသည့်အသံဖြင့် နှုတ်ဆက်လိုက်
ဆိုင်ထဲမှထွက်သွားသည့်သူ့ကို တစ်ဆိုင်လုံးရှိမိန်းကလေး
တအံ့တသြငေးကြည့်ပြီး ကျန်ရစ်ခဲ့ကြ၏။

သူက ရုပ်ရည်ချောမောခန့်ညားရုံမက အရပ်အမော
ကိုယ်လုံးကိုယ်ပေါက်မြင့်မားပြီး ကြည့်ကောင်းသူပင်။

သူဝတ်စားပြင်ဆင်ထားပုံက ခေတ်မီအထက်တန်းကျ
သူပတ်ထားသည့်လက်ပတ်နာရီကလည်း တန်ဖိုးအလွန်ကြ
သည်။ Hand phone ကလည်း အကောင်းစား။





သည်တော့ Boss တစ်ယောက်မှန်း ကြည့်လိုက်ရုံနှင့်
သိသာနေလေသည်။

သူဆိုင်ထဲမှထွက်သွားပြီး နာရီဝက်ခန့်အကြာတွင် သူမ၏
hand phone လေးမြည်လာ၏။

"ဟယ်လို please ကေရီ. . . ကိုယ်ပါ၊ ကိုယ့်အသံကို
သိတယ် မဟုတ်လား"

"သိတယ်. . . သိတယ် ပြောပါ"

"ကိုယ်ဆိုင်ထဲကို နောက်တစ်ခေါက်ပြန်လာချင်တယ်၊
လာလို့ရသလား ကေရီ"

"ကျွန်မတို့ Beauty saloon က လူတစ်ယောက်ကို တစ်နေ့
နှစ်ကြိမ် ခေါင်းမလျှော်ပေးပါဘူး၊ လူကြီးမင်း ခေါင်းလျှော်ချင်
သေးရင် သည့်ပြင်ဆိုင်တစ်ခုခုမှာ သွားလျှော်လိုက်ပါ"

"ခေါင်းလျှော်ဖို့မဟုတ်ဘူး၊ ကေရီနဲ့တွေ့ချင်လို့ပါ"

"ကျွန်မ မအားဘူး"

"မင်းအလုပ်သိမ်းချိန်အထိ ဆိုင်ရှေ့မှာ ကိုယ်စောင့်နေ
မယ် ဟဲ. . ဟဲ. . ဟဲ၊ မင်းကိုယ့်ကို ခြေရာဖျောက်သွားခဲ့ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ကိုယ်က မင်းကိုစက္ကန့်မပြတ်အတိရှတမ်းတနေမိတဲ့သူပါ မိန်းကလေး”

“ရှင်ဘာတွေပြောနေတာလဲ၊ ကျွန်မဖုန်းပိတ်လိုက်တော့မယ်”

“ဒီမှာ ကေရီ မင်းအပေါ် တမ်းတရတဲ့စိတ်တွေ ရင်ထဲမှာ ရိုက်ခတ်နေလို့ အသည်းနှလုံးတစ်ခုလုံး ဖျပ်ဖျပ်လူးနေပြီ၊ မင်းနဲ့သာတွေ့ခွင့်မရရင် ကိုယ်တော့သေမှာပဲ”

သူအရူးအမူးပြောနေသောကြောင့် ကေရီရယ်ချင်လာမိပြီး . . .

“ရေမရှိတဲ့ချောင်းမှာ နွားခေါင်းလေးမော်ပြီး သွားသေလိုက်ပေါ့”ဟု ပြန်ပြောလိုက်မိ၏။

“ကိုယ့်ကိုမနှိပ်စက်ပါနဲ့တော့ ကေရီရယ်၊ တွေ့ခွင့်ပေးပါနော်၊ မင်းထွက်မလာမချင်း ကားပေါ်မှာထိုင်ပြီး စောင့်နေမယ်”

စကားဆုံးသည်နှင့် သူဖုန်းမိတ်လိုက်ပြီး ကားကူရှင်ပေါ် မှီချလိုက်သည်။





သူမနှင့်ပတ်သက်၍ အလူးအလဲခံစားနေရသည့် အချစ် တ်တွေကို သူဘယ်လိုမှတားဆီး၍မရခဲ့ပေ။ သူမကို အသည်း ုံးတစ်ခုလုံးနှင့် ထပ်တူချစ်ခဲ့မိသည်။ မြင်မြင်ချင်း စွဲလမ်းခဲ့ သည်။

ဝေးနေသည့်ရက်များမှာလည်း သူမအပေါ် ချစ်သည့်စိတ် နည်းနည်းလေးမှ လျော့မသွားပေ။

ညနေခြောက်နာရီခွဲအချိန်တွင် သူမတို့ဆိုင်ပိတ်ပြီး သူမ တ်လာလေသည်။

“ရှင်စောင့်နေရတာ ကြာပြီလား”

“သိပ်မကြာသေးပါဘူး၊ ကဲ . . . ကားပေါ် တက်”

“ဦးဇင်ယော်စိုး ကျွန်မကို ဘာပြောစရာရှိလို့ စောင့်နေ လဲ”

“ကိုကိုက မင်းကိုမြောက်ဝင်ရိုးစွန်းထိ ခေါ် မသွားပါဘူး၊ နဲ့သိပ်တွေ့ချင်တဲ့ခံစားချက်လေးတွေ ပြေပျောက်သွားရုံ းပြောခွင့်ရရင် ကျေနပ်ပါပြီ”

“ဒါဖြင့်လဲ ကောင်းပြီလေ၊ ခပ်တိုတိုပဲ ပြောပေါ့”



www.burmeseclassic.com

www.burmeseclassic.com



သူမကားတံခါးဆွဲဖွင့်၍ ဝင်ထိုင်ပြီး ပြောလိုက်သည်။

သူက သူမကိုချိုသာသောအပြုံးများနှင့်လှည့်ကြည့်နေ
မှ ကားကိုစက်နှိုးသည်။ ပြီးတော့ အင်းယားကန်စပ်တစ်နေ
သို့ မောင်းလာခဲ့ပြီး ကားကိုထိုးရပ်လိုက်သည်။

"ဟင်. . . ဘယ်နေရာကိုခေါ်လာတာလဲ၊ စကားပြော
ချင်ရင် coffee shop တစ်ခုခုထဲသွားပြီး ပြောပါလား"ဟု ပြော
ကားတံခါးကို သူမဆတ်ခနဲဆွဲဖွင့်လိုက်သဖြင့် သူမ လက်ကို
သူ့လက်ဖြင့်ဖိကိုင်လိုက်ပြီး သူမကိုယ်လေးကို ရင်ခွင်ထဲဆွဲ
လိုက်သည်။

"ဒါဘာလုပ်တာလဲ၊ ရှင်လူကို ဘယ်လိုထင်လို့လဲ"

သူကဘာမှပြန်မဖြေဘဲ သူမကိုယ်လေးကို အတင်း
ဖက်လိုက်ပြီး မျက်နှာအနှံ့ နမ်းပစ်လိုက်၏။ သူမတအားရုန်း
မယ့်မရ။ သူ့ကိုစိတ်ထဲမှာ နာကြည်းသွားသည်။ သူ့ကို မုန်း
သည်။

"ဒီမှာ ဦးဇင်ယော်စိုး၊ ရှင်နဲ့ကျွန်မနောက်ဆုံးတွေ့ဆုံခြင်း
ဆိုတာ မှတ်ထားလိုက်ပါ"





သူမတကယ်စိတ်ဆိုးနေမှန်းသိ၍ သူဖြေလျှော့ပေးလိုက်
သည်။

"မင်းကို တမ်းတခဲ့ရတဲ့အချိန်တွေ ကြာလှပြီ. . .
ယောက်တော့ ရှိမှာပေါ့"

"အဲလိုပြောရင် ပိုပြီးမုန်းတယ်"

"မင်းကိုငါ ဒီနေ့အပြီးအပိုင်ခေါ်လာတာပဲ"

"ဟင်. . ."

ကေရီ သူမရင်ဘတ်သူမ ဖိလိုက်မိသည်။ ပြီးတော့ သူ့ကို
တစ်စိုက်ကြည့်နေသည်။

"မယုံဘူးလား"

"တင့်အင်း မယုံဘူး"

"ဘာဖြစ်လို့မယုံတာလဲ"

"ရှင့်လို ကြီးကျယ်တဲ့သူဌေးကြီးတစ်ယောက်က ကျွန်မကို
ထင်ပြေးလိမ့်မယ်လို့ ဘယ်တော့မှမထင်ဘူး၊ ယုံလည်း
ရှင်ဒီလောက်မရူးဘူးဆိုတာ ကျွန်မနားလည်တယ်"

"မင်းကိုလက်ထပ်ချင်တယ်၊ လက်ထပ်ခွင့်ပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလက်မထပ်ချင်သေးဘူး ငယ်သေးတယ်"

"မင်းကသာ ကိုယ့်ကိုငြင်းမယ်ဆိုရင် ကိုယ်အသည်းကွဲ သေသွားနိုင်တယ်၊ မင်းကို တစ်စက္ကန့်ခလေးတောင် စိတ်မချ ဘူး သိလား"

သူမ၏လှပလွန်းသော မျက်နှာလေးပေါ် သူ့မျက်နှာ ငုံ့မိုးပြီး ပြောလိုက်၏။

"ကျွန်မတို့ပြန်ကြစို့၊ သည်အကြောင်းတွေကို အေးအေး ဆေးဆေးမှ ဆွေးနွေးကြတာပေါ့"

သူမအသံက အေးတိအေးစက်မို့ သူ့အားမလိုအား ဖြစ်သွားသည်။

"မင်းကိုကြည့်ရတာ နည်းနည်းလေးမှ မတုန်လှုပ် နေဘ်၊ ယောကျ်ားတွေဘယ်နှစ်ယောက်လောက် မင်းကိုချစ် ဆိုခဲ့ဖူးလို့လဲ"

"ရှင့်ကျွန်မကို ဒီလောက်အထင်မသေးပါနဲ့"

"သိပ်ချစ်လို့ပါ ကေရီရယ်"

"ရှင့်ကိုကြည့်ရတာ သဝန်ကြောင်မယ့်ပုံမျိုးပဲ"





"သိပ်ချစ်လို့ သိပ်သဝန်တိုတာပေါ့ ကေရီ၊ ကိုကို ပြောမိ ဆိုမိတာတွေကို ခွင့်လွှတ်နော်"

"ကဲပါ ကျွန်မပြန်ချင်ပြီ၊ ကျွန်မကို လိုက်ပို့ပေးမယ် မဟုတ်လား"

"မင်းအိမ်က ဘယ်မှာလဲ"

"လမ်း(၅၀)မှာ"

"OK, ကောင်းပြီ၊ ကိုယ်လိုက်ပို့ပေးပါ့မယ်"

သူမအိမ်ရှေ့အထိ သူလိုက်ပို့ပေးခဲ့ပြီးနောက် နှုတ်ဆက် ပြီး ပြန်လာခဲ့သည်။


"ဝုန်း"

ဇရက်ကူးကန်အနီးရှိအုန်းပင်တစ်ပင်မှ အုန်းသီးကြွေကျ သဖြင့် သူ့အတွေးမှလန့်နိုးသွားရသည်။

ကေရီနှင့်သူတို့နှစ်ဦး၏ အတိတ်အကြောင်းများက ပြန် သွားတော့လည်း သာယာပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းလှသည် မဟုတ်ပါလား၊ . .



www.burmeseclassic.com



# အပိုင်း(သုံး)

www.burmeseclassic.com

# အခန်း(၁)

သူမို့ဘိုင်းဖုန်းဖြင့် သူမအိပ်ခန်းထဲသို့ လှမ်းဆက်လိုက်ည်။

"ဟယ်လို"

"ချစ်လေးနိုးနေပြီလား"

"နိုးနေပြီ"

"ကိုကိုခြံထဲက ရေကူးကန်ဘေးမှာ ကော်ဖီသောက်နေခါ မျက်နှာသစ်ပြီးရင် ဆင်းလာခဲ့ပါလား၊ ကိုကိုနဲ့ကော်ဖီတ်ရအောင်"

www.burmeseclassic.com



"မသောက်ချင်ဘူး"

"ဘာ"

"ရှင်ကြားတဲ့အတိုင်းပဲလေ၊ ထပ်ပြောရဦးမှာလား"

"ဟော့. . . မင်းဘာဖြစ်နေတာလဲ၊ ကိုယ်ဒီနေ့အလုပ်သွားရမယ်ကွ၊ မင်းနဲ့အတူ ကော်ဖီသောက်၊ စကားပြောပြီးမှ စက်ရုံတွေသွားကြည့်မှာ"

သူမဘာမှမပြောဘဲ ဖုန်းပိတ်လိုက်သဖြင့် သူဒေါသဖြစ်သွားသည်။ ထိုင်ရာမှထလာခဲ့ပြီး တိုက်ကြီးပေါ်တက်လာခဲ့၏။

သူမအပေါ်ထပ်ဧည့်ခန်းထဲမှာထိုင်ပြီး ဗီစီဒီကြည့်နေတာတွေ့လိုက်ရသည်မို့ သူခါးပေါ်လက်နှစ်ဖက်ထောက်လိုက်ပြီး စူးစူးစိုက်စိုက်ကြည့်နေသည်။ ပြီးမှ. . .

"လက်စသတ်တော့ မင်းကဧည့်ခန်းထဲမှာလာထိုင်နေတာကိုး၊ ပြောပါဦး ကိုကိုစောင့်နေမှန်းသိရက်နဲ့ ဘာလို့ ကော်ဖီလာမသောက်တာလဲ"

"မသောက်ချင်လို့"

"တမင်ရွဲ့နေတာပေါ့ ဟုတ်လား"





"ဒီမှာ ဦးဇင်ယော်စိုး၊ ဘာမဟုတ်တဲ့အသေးအမွှားကိစ္စလေးတွေနဲ့ ရမယ်မရှာပါနဲ့"

သူမရန်တွေ့ပစ်လိုက်သဖြင့် သူပိုပြီးစိတ်ဆိုးသွားသည်။

"လာကွာ ကိုကို့ကို အဝတ်တွေထုတ်ပေးရမယ်"

"ဘာအဝတ်လဲ"

"ကိုကိုဒီနေ့အလုပ်သွားမယ်၊ ဝတ်သွားဖို့ အဝတ်တွေရွေးပေးစမ်း"

သူမလက်တစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး ခေါ်လိုက်သည်။ သူမက ရုန်းပစ်လိုက်၏။

"ရှင့်ဘာသာယူဝတ်ပါလား"

"မင်းက ကိုကို့ချစ်ဇနီးပဲ၊ မင်းရွေးပေး"

"ရှင်ကလေးမှ မဟုတ်တာ၊ အပိုတွေလုပ်ခိုင်းမနေနဲ့"

"မင်းပြောလေကဲလေပါလား၊ ငါဆုံးမလိုက်ရ"

"ခြိမ်းခြောက်မနေနဲ့၊ မကြောက်သေးဘူး"

သူက သူမပါးပြင်တစ်ဖက်ကို သူ့လက်ဖြင့်လှမ်းဆွဲပစ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ထစမ်းကွာ၊ ကိုကိုပြောတာလုပ်"ဟု အတင်းအကြ[ပ်] ခေါ်လိုက်သည်။

ကေရီမထုံတက်တေးလုပ်နေသောကြောင့် သူမကို[...] လေးကို အတင်းအကြပ်ဆွဲခေါ်လာခဲ့၏။

"ကဲ . . . အဝတ်တွေရွေးပေးစမ်း"

အဝတ်ဗီရိုရှေ့ရောက်တော့ သူမကိုလွှတ်ပေးပြီး ပြော[...] လိုက်သည်။

"ရှင်အပိုတွေလုပ်ခိုင်းနေမယ့်အစား မြန်မြန်ထွက်သွား[...] ပါလား"

"ဘယ်လို"

"ရှင်က ကေရီ့ကိုခိုင်းဖို့ လက်ထပ်တာလား"

"မင်းဘာတွေမေးနေတာလဲ ကေရီ၊ တစ်မျိုးပါလား"

"ရှင်သာ တစ်မျိုးဖြစ်နေတာ"

"ဒီမှာ ကေရီ၊ အိမ်ရှင်မတစ်ယောက်ရဲ့ဝတ္တရားကို မင်း ဘာတစ်ခုမှ နားမလည်ဘူးလား"

"ဒါတော့ ကျွန်မမတတ်နိုင်ဘူး၊ ဘာတစ်ခုမှချက်ပြုတ်





တတ်တာ မရှိဘူး၊ အိမ်အလုပ်တွေလဲ ဘာမှမလုပ်တတ်ဘူး"

"တယ်လေ ငါ လုပ်လိုက်ရ"

သူက ကေရီ့မျက်နှာကိုရိုက်ရန်ရွယ်လိုက်ပြီးမှ လက်ခနဲ ရပ်ချလိုက်၏။

သူမကို ကျီစယ်နေခြင်းပါ။

သူမက မျက်နှာထားတင်းတင်းဖြင့် သူ့ကိုမကြည့်ဘဲ မျက်နှာလွှဲထားသည်။

"ကိုကို့ကို တကယ်မချစ်ဘူးလား"

သူမမျက်နှာလေးကို လက်တစ်ဖက်ဖြင့်ဆွဲမော့ပြီး မေး လိုက်သည်၊ သူမက သူ့ကိုစိမ်းကားစွာပြန်ကြည့်၏။

"ကိုကို့အပေါ် မကျေနပ်တာရှိလား"

"ကျွန်မကိုလက်ထပ်ခွင့်မတောင်းဘဲ ဘာဖြစ်လို့ မိဘတွေ ဆီ လာတောင်းရတာလဲ"

"မင်းကိုပြောရင် ငြင်းမှာစိုးလို့"

"အဲဒီကိစ္စ ရှင့်ဘက်ကလွန်တယ်"

"ဒါဖြင့်လဲ ကိုကိုတောင်းပန်ပါတယ် ကေရီ"



www.burmeseclassic.com

www.burmeseclassic.com



"မတောင်းပန်နဲ့. . ."

"ကဲ ပြောစမ်း ကေရီ၊ လောလောဆယ် ကိုကိုဘာ
ပေးရမလဲ"

"ကျွန်မနဲ့ခပ်ဝေးဝေးနေပေးပါ"

"ဘာ"

သူမစကားကြောင့် သူနာကြည်းခံခက်စွာ စိုက်
နေရင်း တောက်ခတ်လိုက်၏။

"တောက်"

"ရှင်သိပ်ခံစားသွားရသလား"

"မင်းစဉ်းစားကြည့်ပါလား ကေရီ၊ မင်းအပေါ် ငါဘ
လောက်ချစ်ခဲ့ အရူးအမူးစွဲလမ်းခဲ့သလဲ၊ ခုတော့ မင်းကင
စိမ်းကားနေပြီ"

"လူဆိုတာအချိန်နဲ့အမျှ ပြောင်းလဲတတ်ပါတယ် ဦး
ယော်စိုး"

"ဒါဖြင့် ကျုပ်ဘာလုပ်ရမလဲ"

"ကေရီနဲ့ ကင်းကင်းရှင်းရှင်းနေပါ"





"မင်းပြောလေကဲလေပါလား၊ ကဲကွာ"

သူဒေါသဖြစ်ဖြစ်နှင့် သူမကိုယ်လေးကိုအတင်းအကြပ်
ဖက်ပွေ့ပြီး သူမကို နမ်းနေသည်။ ကေရီမရုန်းနိုင်တော့ဘဲ
မျက်နှာကိုမှောက်ချလိုက်ပြီး မျက်ရည်တွေစီးကျလာသည်။

"ကိုကိုဘယ်လိုခံစားရမယ်ဆိုတာ မင်းတွေးကြည့်စမ်းပါ
ကေရီလေး၊ တကယ်တော့ မင်းကသုံးနှစ်လုံးလုံး ကိုကို့ကို
အကြာကြီးခွဲထားရစ်ခဲ့တာပါ"

"ကေရီ့ကိုခွင့်လွှတ်ပါ၊ ကေရီ့ကိုခွင့်လွှတ်ပါ"

သူမအရူးတစ်ယောက်လိုအော်နေသည်မို့ သူလွှတ်ပေး
လိုက်ပြီး. . .

"ဒီမှာ ကေရီ၊ မင်းဟာ ငါလက်ထပ်ထားတဲ့မိန်းမဆိုတာ
နားလည်တယ်မဟုတ်လား၊ ဘာဖြစ်လို့ ရှောင်ဖယ် ရှောင်ဖယ်
လုပ်နေရသလဲ"ဟု အော်လိုက်၏။ သူ့အသံက ထန်နေသည်။

သူမစိတ်ရှုပ်ထွေးနေသည့် အမူအရာဖြင့် သူ့ရှေ့မှ
ဆတ်ခနဲလှည့်ထွက်လိုက်သည်။

"ကေရီ့ပုံစံကို ပြင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မှက ဘာဖြစ်နေလို့လဲ"

"ကျောက်စိမ်းရောင်အသည်းနဲ့ မင်းရဲ့စိမ်းကားလွန်းတဲ့ မျက်နှာအမူအရာတွေ ပြင်လိုက်ပါ"

"အို. . . အမိန့်ပေးမနေနဲ့"

"မင်းသိထားဖို့က ဇင်ယော်စိုးဟာ မိန်းမပြောတာကို နာခံမယ့်သူမဟုတ်ဘူးဆိုတာပဲ၊ မင်းကသာ ငါပြောသမျှ နာခံ မယ်သိလား ဧကရီ"

"နားမလည်ဘူး"

"ကိုကို့ကို မင်းစိတ်ကောက်နေတာပါ၊ မင်းချစ်လာတဲ့ နေ့အထိ စိတ်ရှည်ရှည်နဲ့စောင့်မယ်"

"မချစ်ဘူး၊ ဘယ်တော့မှမချစ်ဘူး"

"ဒီလိုတော့မပြောပါနဲ့ကွာ၊ ကိုကိုသိပ်စိတ်ထိခိုက်ရတယ်"

သူစိတ်ထိခိုက်နေသည့်အသံဖြင့်ပြောလိုက်ပြီး အခန်းထဲ မှ ထွက်သွားလေသည်။

# အခန်း(၂)

စာကြည့်ခန်းထဲမှာ ငြိမ်ငြိမ်ကလေးထိုင်ပြီး စာအုပ်တစ် အုပ်ဖတ်နေသည့် သူ့မဲအနားမှာ သူကလာထိုင်ပြီး မကျေမနပ် ကြည့်နေသည်။

မျက်တောင်မခတ်ကြည့်နေသည်မို့ ဧကရီအနေခက်ရ သည်။

"ကိုကို"

"ပြော ချစ်လေး"

www.burmeseclassic.com

www.burmeseclassic.com



"ကေရီ့ကို ဘာလို့ဒီလောက်ကြည့်နေတာလဲ"

"ဟား ဟား ဟား"

ရုတ်တရက် သူအော်ရယ်လိုက်၍ သူမအံ့အားသင့်သည်။

"မင်းကို ကျေနပ်စရာဘာရှိလို့လဲ ပြောပါဦး"

"ရှင်ဘာမကျေနပ်တာလဲ"

"မိန်းမတစ်ယောက်ကိုလက်ထပ်ပြီး ခုလိုပဲ အလှကြ[...]နေရမလား"

"ရှင့်ကိုဘယ်သူက အလှကြည့်ခိုင်းနေလို့လဲ"

"ငါကချစ်တိုင်း မင်းကမကြည်ဖြူချင်ဘူး၊ စိမ်းကာ[...]အကြည့်တွေနဲ့ တုံ့ပြန်နေကျပဲမဟုတ်လား"

"ရှင်ဘာပဲပြောပြော ကျွန်မနားမလည်နိုင်တော့ဘူး [...]ချင်သလိုသာ ပြောပေတော့"

"မင်းက မကြင်နာဘဲ ငါကမျက်နှာပြောင်တိုက်နေ[...]လားကွ ဟင်"

"ဝုန်း"





"အမလေး လန့်လိုက်တာ"

သူ့အနီးရှိစာအုပ်ကြီးတစ်အုပ်ကိုကိုင်ပြီး ကျွန်းတံခါးချပ်[...]ရာပစ်ပေါက်လိုက်သောကြောင့် သူမလန့်သွားသည်။

သူ့ကိုမုန်းတီးခဲခက်စွာ ကြည့်လိုက်ပြီး. . .

"ရှင်က တဝုန်းဝုန်းနဲ့ ဒေါသယမ်းအိုး ပေါက်ကွဲပြနေတိုင်း [...]ကြောက်မယ်ထင်လို့လား"

"ဒီမှာ ကေရီ၊ မင်းကိုငါ ခြိမ်းခြောက်နေတာမဟုတ်ဘူး [...]တိုကို့ရင်ထဲမှာ မခံမရပ်နိုင်လို့ ပေါက်ကွဲနေတာ နားလည်[...]"

သူ့မျက်နှာနှင့်အသံက ယုံမှားသံသယဖြစ်စရာမရှိအောင်[...]သွင်နေပါသည်။

"ကေရီစိတ်ညစ်တယ်"

"မင်းကပဲ စိတ်ညစ်ရသေးသလား"

"ညစ်တယ်၊ ကျွန်မနားက ထွက်သွား"

ကေရီ့ကျောပြင်လေး ကော့သွားရသည်။ သူမကျော[...] တစ်ချက်ရိုက်ချလိုက်ပြီး ထသွားသောကြောင့် သူမ



www.burmeseclassic.com

မျက်ရည်ဝဲလျက်ကျန်ရစ်ခဲ့သည်။

"အလကားလူ. . . သူများသားသမီးယူပြီး အနိုင်ကျင့်နေတယ် ဟင့် ဟင့်"

တကယ်ဆို သူမအား နူးနူးညံ့ညံ့ကြင်ကြင်နာနာ ဆက်ဆံသင့်ပါလျက် ခုတော့ အနိုင်ယူလွန်းနေသည် မဟုတ်ပါလား. . .

ဦးဇင်ယော်မာနရယ်. . .

ဇေရီ့ကိုလက်ထပ်ဖို့ကိစ္စလည်း ဇေရီ့ဆီမှာ မတောင်းဆိုခဲ့ဘူးနော်၊ မိဘတွေနဲ့အစ်ကို့ဆီမှာ အတင်းအကြပ်နားဖောက်ပြီး သိမ်းပိုက်ခဲ့တယ်. . .

သည်အကြောင်းတွေကြောင့် မကျေမနပ်ဖြစ်နေရတဲ့ကြားမှာ ရှင်က အနိုင်ယူနှိပ်စက်နေပြန်ပြီ။

သူမတွေးရင်း ဝမ်းနည်းနေမိ၏။ နာကြည်းစိတ်၊ ခံပြင်းစိတ်များကြောင့် ငိုရှိုက်နေမိသည်။

"ချစ်လေး"

ဘယ်လောက်ကြာကြာ ငိုနေမိပါလိမ့်. . . သူမကိုယ်





သားကို သူလာပွေ့ဖက်လိုက်မှပင် သူမသတိဝင်လာရသည်။

"ရှင့်မျက်နှာ မကြည့်ချင်တော့ဘူး"

"ကိုကိုမှားသွားတယ် ချစ်လေး၊ ချစ်လေးက ကိုကို့ကြည်းမယ့်စကားမျိုးကိုမှ ရှာကြံပြောတာမို့ ကိုကိုစိတ်ဆိုးရတာ"

သူမက သူ့မျက်နှာကိုမကြည့်ချင်သလို မျက်နှာလွှဲထားသည်။

"ကိုကို့ကို ပြန်ရိုက်နော် ချစ်လေး"

"မလိုပါဘူး"

"ထုချင်သလောက်ထု"

သူက သူမကိုယ်လေးကို ပခုံးပေါ်မှောက်ချီပြီး ခေါ်လာသည်။ ဇေရီက သူ့ကျောကိုထုရင်း ကိုးရိုးကားရားပါလာခဲ့သည်။ အခန်းထဲရောက်တော့ သူက. . .

"ဇေရီ. . . မင်းကလန်ကဆန်တွေ လုပ်မနေနဲ့၊ မအိပ်သေးရင် ပုတီးစိပ်နေ"ဟု ပြောသည်။

"ရှင်ဝေးဝေးမှာ သွားနေ"



www.burmeseclassic.com

www.burmeseclassic.com



"ဝေးဝေးမှာ နေစေချင်လို့လား၊ တစ်သက်လုံး ဝေးကွာသွားတဲ့တစ်နေ့ မင်းငိုနေရမှာနော်"

သူ့စကားကြောင့် သူမမျက်မှောင်ကုတ်ပြီး ငြိမ်သက်တွေဝေနေမိစဉ် သူရုတ်တရက်ဖက်ပွေ့လိုက်သောကြောင့် သူ့ရင်ခွင်ထဲမှာ နစ်မြုပ်သွားရ၏။



# အခန်း(၃)

နေ့ဂါက်ထပ်သုံးရက်ခန့်အကြာ. . .

"ဟဲလို ချစ်လေး စိတ်ကောက်နေတုန်းပဲလား"

သုံးရက်လုံးလုံး သူ့ကိုစကားမပြောသည့်ဧကရီ့ပခုံးနှစ်ဖက်ကို ပိုင်နိုင်စွာဆုပ်ကိုင်ပြီး မေးလိုက်သည်။

သူ့အမေးကို သူမက မဖြေဘဲမျက်နှာလွှဲထားသဖြင့် သူသက်ပြင်းဆောင့်ရှိုက်ပြီး. . .

"ဘာတွေဖြစ်နေတာလဲကွ၊ မင်းကိုမြင်လိုက်ရရင် တစူစူဆောင့်ဆောင့်နဲ့၊ သူများစုံတွဲတွေများ လက်ထပ်ပြီးရင် ချစ်သွားကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကျွန်မကို ချစ်တယ်ဆိုတာကော ဟုတ်ပါ့မလား"

"ဘယ်လိုမေးလိုက်တာလဲကွာ၊ မင်းကို သိပ်ချစ်လို့ယူ
နေတာပေါ့"

"အိုး . . . ဖယ်ပါ"

သူမတွန်းပစ်လိုက်သည်။

"ပြောတာသေချာ နားထောင်ပါဦး"

သူက စားပွဲဝိုင်းကြီးအနီးရှိကုလားထိုင်တစ်လုံးပေါ် သူ
ကို အသာထိုင်စေပြီး . . .

"ကဲ မျက်စိမှိတ်ထားစမ်း၊ ကိုကိုလက်ဆောင်ပေးမလို့"

"ဘာလက်ဆောင်မှ မယူချင်ဘူး"

သူက ပတ္တမြားဟန်းချိန်းလေးကိုဝတ်ပေးသည်၊ ပြီးတော့
မျက်နှာပေါ် အသာငုံ့နမ်းလိုက်၏။

"ကျွန်မမေမေတို့ဆီ ခဏပြန်ချင်လို့"

"ကောင်းပြီလေ၊ မင်းခြေထောက်နဲ့ မင်းပြန်တာပဲ၊ ကျ
မတားပါဘူး"

"ရှင်လိုက်ပို့ပေး"





"မင်းကို ဘယ်မှသွားခွင့်မပြုဘူးပြောထားလျက်နဲ့ မင်း
ဘာသာပြန်ချင်တဲ့ကိစ္စ ကျုပ်နဲ့မဆိုင်ဘူး"

သူ့အသံက ခပ်ပြတ်ပြတ်။

"ဩော် . . . ရှင်ကဒီလိုလား၊ ကိစ္စမရှိဘူး၊ ကျွန်မလိုင်း
ကားစီးပြီး ပြန်ပါ့မယ်"

"အိုကေ"

သူ့ရင်ဘတ်ကိုတွန်းပြီး ကေရီထွက်လာခဲ့၏။

သူက ကေရီ့နောက်မှလိုက်လာပြီး တားဆီးလိုက်သည်။

"နေပါဦး"

"ဘာလုပ်ဦးမလို့ပဲ"

"ခွင့်ပြုချက်ယူရမယ်"

"ရှင့်ဆီမှာ အခါခါခွင့်တောင်းပြီးပြီပဲ"

"မင်းဘယ်အချိန်ပြန်ရောက်မလဲ၊ ကိုကိုပျင်းနေမှာ"

"အလုပ်မသွားဘူးလား"

"မသွားဘူး၊ ဒီနေ့ အိမ်မှာတစ်နေ့လုံး အနားယူပြီး
အချစ်သည်းမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"မင်းလေးကိုချစ်မလို့"

"ရှင်ဒီလောက်အလုပ်များတာ၊ အလုပ်သွားပါလား"

"ကိုကိုက သူဌေးပဲ၊ မန်နေဂျာတွေ အဆင့်ဆင့်ရှိနေ

တယ်လေ၊ ကိုကိုနားနေလဲ ဘာဖြစ်လဲ"

"ဒါဖြင့်လဲ တစ်ယောက်တည်းနေခဲ့တော့"

သူမပြောပြီး ခြေလှမ်းပြင်လိုက်သည်မို့ သူကပခုံးတ

ဖက်ကို ဆုပ်ကိုင်လိုက်ပြီး. . .

"ဟောဒီကျုပ်နဖူးကိုနမ်းပြီးမှ ဒီအိမ်ထဲကထွက်ခွင့်

နိုင်မယ်"

"ဘာ"

"ကဲ အချိန်ဆွဲမနေနဲ့ နမ်းပါ"

"ရှင်က ပေါက်စနကလေး၊ ပူတူတူးလေးအရွယ်မို့လာ

နဖူးနမ်းခိုင်းတာ"

"မင်းရီးတီးရားတားမလုပ်နဲ့၊ နမ်း"

သူမဘာမှပြန်မပြောဘဲ လှည့်ထွက်သွားတော့၏။





ခြံထဲမှ ခပ်သုတ်သုတ်လျှောက်ထွက်သွားသည့် သူမကို ကြည့်နေရင်း ကိုယ်တိုင်လိုက်မပို့ဘဲ တစ်ယောက်တည်းလွှတ်လိုက်ရတာ အမှားတစ်ခုဖြစ်ကြောင်း တွေးနေမိသည်။

သို့သော် လိုက်ပို့နေလျှင် ခဏ ခဏပြန်မှာကို မလိုလား. . . သူမစိတ်နာကျင်အောင် တစ်ခုခုတော့လုပ်ချင်နေမိ၏။

သူ့အပေါ် မကြည်ဖြူသလို၊ မကြင်နာသည့် သူမအပေါ် ကြည်းနေမိသည် မဟုတ်ပါလား. . .

ဆယ်မိနစ်ခန့်ကြာတော့ ကားမောင်းပြီးလိုက်လာမိသည်၊ အပြင်ဘက် အတော်လှမ်းလှမ်းရောက်သည်အထိ သူမကို တွေ့ရတော့သဖြင့် ကားကိုခြံထဲသို့ ပြန်ကွေ့လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

သူတစ်ယောက်တည်း အိမ်ပြန်လာခဲ့ပြီး အိပ်ခန်းထဲတွင် ပျင်းရိငြီးငွေ့စွာ ထိုင်နေမိ၏။

သည်နေ့ ခေါင်းထဲအုံနေသဖြင့် စက်ရုံတွေရှိရာမသွား တော့ရန် ဆုံးဖြတ်ခဲ့သည်။

သူ့အနီးတွင် သူမကိုရှိနေစေချင်သော်လည်း သူမက သူ့အမေအိမ်သို့ ပြန်သွားခဲ့၏။

တကယ်တော့ ဇေရီ့ကို သူမျိုထားမတတ်ချစ်ခဲ့သည်။

သို့သော် သူချစ်မြတ်နိုးလွန်းသူလေးက သူ့အပေါ်တွင် လုံးဝကြင်နာရိပ်ပင်မပြခဲ့. . .

သူ့အချစ်ကို ဥပေက္ခာပြုခဲ့သည်။





သူမမျက်ဝန်းတွေထဲမှာ ကြည်နူးမှုတွေ ပျောက်ကွယ်နေ သည်မဟုတ်ပါလား. . .

သူမသည် အမြဲလိုပင်မျက်ဝန်းများကို မှိတ်ထားတတ်ပြီး ရင်ထဲမှခံစားချက်များကို တမင်သိုဝှက်ထားတတ်သူ. . .

ရက်အတော်ကြာလာခဲ့ပြီဖြစ်သော်လည်း သူမထံမှ ချိုနုပ်ဖွယ်ကောင်းသည့်အချစ်ကို မရရှိနိုင်သေးပေ။

သူလိုချင်တောင့်တခဲ့သည့် သူမနှလုံးသားကိုရနိုင်တော့ သည်မဟုတ်ကြောင်း နားလည်နေမိပြီ။

သူတစ်ယောက်တည်း ပျင်းပျင်းရှိသည်နှင့် ဟိုသည်မွှေ နှောက်ရင်း သူမမှန်တင်ခုံအောက်ဆုံးအံဝှက်ထဲမှ ဒိုင်ယာရီ စာအုပ်ကိုမြင်တွေ့ပြီး ဖတ်ကြည့်နေမိသည်။

♥ သည်နေ့ မိုးယံနဲ့တူတဲ့ လူတစ်ယောက်ကို အမှတ် မထင်တွေ့ခဲ့ရတယ်၊ မိုးယံလိုပဲ အသားလတ်ဖြူး အရပ်မြင့်တယ်၊ ဆံပင်တွေနက်မှောင်ဖြီး လှိုင်းထနေ တယ်၊ မျက်ခုံးတွေ ထူထဲနက်မှောင်ပြီး နှာတံချွန်ချွန်၊ နှုတ်ခမ်းတွေပိရိပြီး တည်ကြည်ခန့်ညားတယ်...



www.burmeseclassic.com

www.burmeseclassic.com



♥ သူလည်း မိုးယံလိုပဲ၊ မိုးယံလည့်တိုင်မှာ ဆွဲနေကျ ရွှေဆွဲကြိုးသေးသေးလေးကို သူ့လည်တိုင်မှာ ဆွဲထား တာတွေ့ခဲ့ရတယ်၊ နာရီက မိုးယံနာရီလိုပဲ၊ ကြိုးနက် လေးနဲ့...

♥ လူတူမရှား၊ နာမည်တူ မရှားတဲ့...

သိပ်သတိရတာပဲ မိုးယံရယ်...

ဒိုင်ယာရီစာအုပ်ထဲတွင် ကေရီရေးမှတ်ထားသည့် စာ ကြောင်းတွေက သူ့နှလုံးသားကို ဓားထက်ထက်ဖြင့် မွှန်းသလို ခံစားနေရသည်၊ ရေးမှတ်ထားသည့် နေ့စွဲကိုကြည့်တော့ သူနှင့် လက်မထပ်ခင်ရက်များကဖြစ်၏။

မိုးယံတဲ့လား...

ဒါဖြင့် မိုးယံဆိုတဲ့လူဟာ ကေရီရဲ့ချစ်သူဖြစ်ခဲ့တာ ပေါ့...

- - - "ဘာ... ပင်လယ်မှာတွေ့တုန်းကပြောတော့ မင်းမှာ ချစ်သူမရှိဘူးဆို..."

- - - "အဲဒီတုန်းက တကယ်မရှိခဲ့ဘူး၊ ရှင်နဲ့ဝေးကွာခဲ့ ပြီးတဲ့နောက်မှ သူနဲ့တွေ့တာပါ..."

"တော့် ... ကိုကိုနဲ့အလျင်တွေ့ခဲ့၊ ချစ်ခဲ့ကြပြီးမှ မိုးယံဆိုတဲ့ကောင်နဲ့ချစ်ခဲ့ရတယ်လို့ကွာ... ရင်ထဲမှာ နာလိုက် တာ..."

သူတစ်ယောက်တည်း နာကျင်ပေါက်ကွဲစွာပြောနေမိ သည်။

- - - "မရင်းနှီးကြပါဘူး၊ သူနိုင်ငံခြားမှာပါ..."

သူမပြောခဲ့တာတွေကို သူပြန်စဉ်းစားနေမိသည်။

မိုးယံတဲ့... နိုင်ငံခြားမှာပါ တဲ့...

ဒါဖြင့် မိုးယံဆိုတာ မိုးယံဟိန်းဇေများလား...

သူစဉ်းစားနေရင်း မျက်ဝန်းများ တလက်လက်တောက် ပြောင်လာသည်။

မိုးယံဟိန်းဇေဆိုရင်တော့ ငါ့ရင်ထဲပိုပြီး မခံမရပ်နိုင် ဖြစ်ရပါလား...

သည်ကောင်ကို တစ်သက်လုံး အရှုံးပေးလာရတာ... ခုလည်း ငါ့ချစ်သူရဲ့နှလုံးသားကို လုယူတာခံလိုက်ရပြီ။







www.burmeseclassic.com

www.burmeseclassic.com



မိုးယံ. . . မိုးယံ မင်းလည်း မင်းအမေလိုပဲ ဘဝတစ်လျှောက်လုံး ငါ့ကိုအနိုင်ယူခဲ့တယ်. . .

သူမိုဘိုင်းလ်ဖုန်းကိုကောက်ယူလိုက်ပြီး ခေါ်လိုက်သည်။

“ဟယ်လို”

“ဟယ်လို အန်တီလှလား”

“ဟုတ်ပါတယ်ကွယ်၊ ဘယ်သူဆက်တာလဲ”

“ကျွန်တော်ပါ အန်တီလှ၊ ဇင်ယော်စိုး”

“ဟင်. . . ဇင်ယော်စိုး. . .”

တစ်ဖက်မှအံ့ဩလွန်းသဖြင့် တစ်ဝက်တစ်ပျက်နှင့် စကားပြတ်တောက်သွားသည်။

“နေကောင်းတယ်နော် အန်တီလှ”

“အင်း. . . အင်း၊ ကောင်းပါတယ်”

“ဒါနဲ့ မေးချင်တာရှိလို့”

“ပြောပါ”

“မိုးယံဟိန်းဇေ နိုင်ငံခြားကပြန်ရောက်လာပြီလား”

“ဩော်. . . ပြန်ရောက်နေပြီ”





“ဘယ်လောက်ကြာပြီလဲ အန်တီ”

“ဆယ်ရက်လောက်ရှိပြီ၊ ဘာဖြစ်လို့ ဒီလောက်အရေးတယူမေးနေတာလဲ မောင်ဇင်ယော်”

“အကြောင်းရှိလို့ပါ အန်တီ၊ တစ်ခါတည်း ကျွန်တော်ပြောလိုက်ပါရစေ”

“ပြော. . . ပြော”

“ဖေဖေနဲ့မေမေရဲ့အမွေအနှစ် အဲဒီအိမ်ကြီးကို ကျွန်တော်ပြန်လာခဲ့တော့မယ်၊ အဲဒီမှာလာနေမယ်”

သူ့စကားကြောင့် ဒေါ်လှလှအလွန်အမင်း အံ့ဩသွားသည်။

“ကျွန်တော်ပြောတာ အန်တီကြားပါတယ်နော်”

“ကြားတယ်လေ၊ ငါက နားမှမကန်းတာ၊ နေပါဦး တစ်သက်လုံး ဒီစကားမပြောခဲ့တဲ့မင်းက ဘာကြောင့်ခုမှ ပြောနေတာလဲ”

“နေချင်လို့ပေါ့ အန်တီ”

“မင်းမှာ အကြောင်းတစ်ခုခုတော့ရှိနေပြီထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မင်းက သူဌေးပဲ၊ မင်းမှာ အိမ်တွေအများကြီး ရှိနေတာပဲမဟုတ်လား"

"အိမ်တွေဘယ်လောက်ပဲ ရှိနေပါစေ၊ ကျွန်တော့်မိဘ တွေပေးခဲ့တဲ့ အိမ်ကြီးကိုတော့ ကျွန်တော်လာနေချင်တာပေါ့ ဗျာ၊ အဲဒီအိမ်ကြီးက မေမေ့လက်ထက်ပွားလေ၊ ပြီးတော့ အန်တီ့နာမည်နဲ့လဲ မလွှဲပေးခဲ့ဘူး"

သူ့စကားကြောင့် ဒေါ်လှလှအကြီးအကျယ်ဒေါသဖောင်း သွားတော့၏။

"ဒီမှာ မင်းကချေးခြောက်ရေနှုးလုပ်မနေပါနဲ့၊ ငါသိပြီ သားကိစ္စတွေ မင်းပြောနေလဲ အပိုပဲ၊ မင်းနေချင်ရင် ငါ့ကို ခွင့်တောင်းနေစရာမလိုဘူး"

"ခွင့်တောင်းနေတာမဟုတ်ဘူး အန်တီ၊ အသိပေးတာပါ ဟဲ ဟဲ ဟဲ"

ဒေါ်လှလှဆက်နားမထောင်တော့ဘဲ ဖုန်းချသွားသည်။ သူ မခိုးမခန့်ပြုံးနေမိသည်။

- - - မိုးယံ. . . မိုးယံ. . .





- - - မင်းက မိတ္တေးဘက်ကပါလာတဲ့ သားပီပီအစစ အရာရာ ငါ့ကိုအနိုင်ယူခဲ့တယ်. . .

စိတ်ဒုက္ခအမျိုးမျိုးပေးခဲ့တယ်. . .

ငါ့အစစအရာရာ သည်းခံမျိုသိပ်ခဲ့ပါတယ်. . . ဒါပေ မယ့် ကေရီ့ကို မင်းမချစ်သင့်ဘူး. . .

အဲဒီအတွက်တော့ မင်းကိုငါ ဘယ်လိုမှခွင့်မလွှတ်နိုင်ဘူး ယံ. . .

သူမ၏ဒိုင်ယာရီစာအုပ်ကို နောက်တစ်ခေါက်ပြန်ဖတ် ကြည့်နေမိသည်။

သူမဒိုင်ယာရီရေးသည့်ရက်စွဲကိုကြည့်လျှင် ထိုနေ့က သူမ ရန်ကုန်မြေသို့ ပြန်မရောက်သေးပေ။ သူယုံ မိုးယံပြန်ရောက်နေတာ ဆယ်ရက်ကျော်လောက်ရှိပြီ သူမဒိုင်ယာရီရေးထားတာက တစ်လကျော်ခန့်သာ ရှိ သေးသည်။

သူနှင့်သူမ လက်ထပ်ခဲ့တာက နှစ်ပတ်ခန့်သာရှိသေး၏။ မိုးယံနှင့်ကေရီတို့နှစ်ဦး ဘယ်လိုများလွဲခဲ့ကြပါသမို့. . .



www.burmeseclassic.com

www.burmeseclassic.com



မိုးယံပြန်ရောက်နေပြီဆိုတာ သူမသိလျှင် ဘယ်လို

လေမလဲ. . .

မင်းလေးချစ်ခဲ့တဲ့ မိုးယံဟာ ကိုကိုမိထွေးရဲ့သား မိုး

ဟိန်းဇေ မဖြစ်ပါစေနဲ့လို့ ကိုကိုဆုတောင်းပါတယ် ကေရီ. . .

တကယ်လို့ မိုးယံဟိန်းဇေသာ သေချာခဲ့ရင် မင်း

နှစ်ယောက်လုံးကို ကလဲ့စားချေမယ်. . .

ရင်နာကြေကွဲရစေမယ်. . .

ဒိုင်ယာရီစာအုပ်ကိုဆွဲဆုတ်ပစ်လိုက်ရန် စိတ်ကူးလို

ပြီးမှ သက်ပြင်းရှိုက်နေမိ၏။

သ ပြီးတော့ နေရာတကျပြန်ထားလိုက်သည်။

ခွင့်ပေ. . . . ငါနဲ့အလျှင်တွေ့ခဲ့၊ ချစ်ခဲ့ကြပြီးမှ မိုးယံဆို

ပင်ကိုချစ်ခဲ့တဲ့မိန်းမ. . . တောက်. . . ငါ့ရင်ထဲမှာ

ဟဲ့စားနေရပြီ. . .



# အခန်း(၅)

အချစ်တဲ့လား. . .

အချစ်ဆိုသည့်အရာကို သူမယုံကြည်တော့ပါ။ သူယုံ

ကြည်ခဲ့ဖူးသော ချစ်ခြင်းတရားက သူ၏သဝန်တိုမှုများနှင့်အတူ

ဆုံးခဲ့လေပြီ။

သူသည် ကျယ်ဝန်းလှသည့်ခြံကျယ်ကြီးထဲတွင် တစ်

ကတ်တည်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိပြီး သူမပြန်

လာကို လည်တဆန့်ဆန့် စောင့်မျှော်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေအဲတော်စောင်းမှပင် သူမတက္ကစီတစ်စီးဖြင့် ပြန်ရောက်လာခဲ့၏။

ကားရပ်သံကြားလိုက်ရပြီးနောက် ကေရီကားပေါ်က ဆင်းလာသည်။

သူ့ကိုမြင်တော့ မကြည့်ဘဲ အိမ်ကြီးရှိရာသို့လျှောက် သွားသဖြင့် သူခေါ်လိုက်သည်။

"ဟေး . . . ကေရီ၊ ခဏနေဦး"

ကေရီစိတ်ရှုပ်ထွေးနေသည့် အမူအရာဖြင့် ခြေလှမ်း ရပ်တန့်လိုက်သည်။

"ဘာဖြစ်လို့ ခုချိန်မှပြန်လာတာလဲ"

"ခုချိန်မှ ပြန်ချင်လို့ပေါ့"

"မင်းအိမ်က မင်းကိုတစ်ယောက်မှလည်း လိုက်မပို့ ကြဘူးလား"

"မပို့ကြလို့ ရှင်မမြင်တာပေါ့"

"ကိုယ်က တမင်မပို့တာလေ"

"သူတို့မအားကြဘူး၊ ရှင့်လိုယောက်ျားတစ်ယောက် တောင်လိုက်မပို့နိုင်တာ သူများတွေကိုအပြစ်ပြောမနေပါနဲ့"





"ကိုယ်က စိတ်မချလို့မေးနေတာပါ၊ ဒါနဲ့ မင်းမိဘတွေ အိမ်ကိုသွားတာ တကယ်ပဲလား"

သံသယမျက်ဝန်း၊ မခိုးမခန့်အမူအရာများနှင့် သူ့မျက်နှာကိုကြည့်ပြီး သူမအံ့သြနေမိသည်။

"ကျွန်မမိဘအိမ်မသွားလို့ ဘယ်သွားရမှာလဲ"

"မင်းရည်းစားဟောင်းနဲ့ သွားတွေ့နေသလားလို့ မေးနေတာပါ"

"ရှင့်ကလေးကလားနဲ့၊ ဘယ်လိုလူလဲ"

"ငါကလေးကလားမလုပ်တတ်လို့ မင်းကိုလက်ထပ်ခဲ့တာပေါ့၊ မင်းကသာ ကလေးကလားစိတ်မွေးနေတာ၊ လက်ထပ်ထားတဲ့ ငါ့လိုလူကို မင်းကဘယ်လောက်အရေးထားလို့လဲ"

"ရှင်ကတော့ ကျွန်မကိုအရေးထားလို့လား၊ ကျွန်မမိဘအိမ်ပြန်တာတောင် လိုက်မပို့ဘူး၊ မေမေကတောင် အပြစ်တင်နေသေးတယ်"

ကေရီ့စကားကြောင့် သူမထိတရိပြုံးလိုက်သည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောသည်။

"ကိုယ့်ယောက္ခမကို ပြောလိုက်ပါလား၊ မင်းကိုကိုယ် ပိုင်ဆိုင်တယ်လို့၊ ကိုယ့်မျက်စိအောက်မှာပဲ ထာဝရရှိနေရမယ် လို့ မင်းဟာကိုယ်ရဲ့ကမ္ဘာထဲမှာပဲ ကိုယ်ပြောသလိုနေရမယ်လေ ကိုယ်က အလှကြည့်ဖို့နဲ့ချစ်ဖို့၊ ယုယဖို့ လက်ထပ်ထားတာ နားလည်လား၊ မိဘအိမ်ခဏခဏပြန်သွားဖို့ မဟုတ်ဘူး"

"ခုမှ ဒီတစ်ခေါက်ပဲပြန်ရသေးတယ်"

"အဲဒါ ကိုယ်မလွှတ်လို့ပေါ့။ တကယ်လို့သာ ကိုယ်လွှတ် ထားပေးရင် တစ်နေ့တစ်ခေါက် မင်းပြန်မှာပေါ့ မဟုတ်ဘူး လား"

ဧကရီဘာမှပြန်မပြောတော့ဘဲ လှည့်ထွက်လာခဲ့သည် အိမ်ကြီးထဲဝင်လာခဲ့ပြီး သူမအခန်းရှိရာရောက်သော ဆိုဖာပေါ် စိတ်မော်စွာ ပစ်လှဲလိုက်သည်။

သူက သူမအနီးသို့ရောက်လာပြီး တင်ပလ္လင်ထိုင်လိုက် သည်။

သူ့မျက်နှာပေါ်တွင် အပြုံးရိပ်တို့ပျောက်ကွယ်နေ တော့ခက်ထန်နေမှုန်း သူမရိပ်စားနေမိသည်။

သူဘာဖြစ်နေပါလိမ့်. . . မိဘတွေအိမ်ခဏပြန်တာ လောက်ပဲသဘောထားသေးသိမ်ရသလား. . .

"မင်းအံ့သြမယ့်စကားကို ကိုယ်ပြောမလို့"

"ဘာများလဲ"

"မနက်ဖြန်ညနေ ကိုယ်တို့အိမ်ပြောင်းကြရမယ်၊ အဲဒါ ...သွားမယ့်အဝတ်တွေ အဆင်သင့်ပြင်ထားနော် ဧကရီ"

သူ့စကားကြောင့် သူမအံ့သြသွားမိပြီး ရင်ထဲမှာရှုပ်ထွေး ...သည်။

"ဘာဖြစ်လို့အိမ်ပြောင်းမှာလဲ၊ ဒီလောက်ကြီးမားခမ်းနား ...တဲ့တိုက်ကြီးနဲ့ခြံကြီးကို ထားပစ်ခဲ့မလို့လား"

"မင်းက သည်လောက်ခမ်းနားကျယ်ဝန်းလှတဲ့ ငါးထပ် ...တိုက်ကြီးနဲ့ ခြံကျယ်ကြီးထဲမှာနေရတာ မပျော်ရွှင်ဘူးမဟုတ် ... ဒါကြောင့် ကိုယ်အိမ်ပြောင်းတော့မယ်"

"ဘယ်ကိုလဲ"

"မနက်ဖြန် မင်းသိရမှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com



သူပြောတာကို တွေတွေဝေဝေနားထောင်နေမိသည်

သူက တောင့်တင်းသန်မာသည့်လက်ဝါးနှစ်ဖက်ဖြင့် သူမ
နှစ်ဖက်ကိုဆုပ်ညှစ်ပြီး လှုပ်လိုက်မှပင် ထိတ်ခနဲလန့်သွား
သည်။

"မင်းညနေစာ စားလာပြီးပြီလား"

"ဟုတ်"

"ညနေစာစားဖို့ မင်းကိုကိုယ်စောင့်နေမယ်ဆို
နည်းနည်းမှမတွေးဘူးလား"

"ဟင့်အင်း"

"So good ၊ မင်းစိတ်ထဲမှာ ကိုယ်မှမရှိဘဲ ဘယ်တွေး
မလဲ၊ ကိုယ်နားလည်ပါတယ်၊ ကဲ ကိုယ်ညနေစာစားတော့မ
မင်းပြင်ကျွေးမလား"

"ရပါတယ်"

သူမထိုင်ရာမှထရပ်လိုက်ပြီး ခြေလှမ်းခပ်သွက်သွက်
အောက်ဆုံးထပ်ရှိရာဆင်းရန် ဓာတ်လှေကားဘက်သို့ လျှော
သွားလေသည်။





- - - မင်းကငါ့အပေါ် စိတ်မဝင်စားတော့ပေမယ့် ငါက
တော့ မင်းကိုမုန်းလို့ရမှာမဟုတ်ဘူး၊ အချစ်တွေလည်း လျော့
သွားဘူး၊ အချစ်ကို မယုံကြည်တော့ပေမယ့် မင်းကို ယုယနေမိ
မှာပဲ. . . အကြင်နာတွေ ပေးနေမိဦးမှာပဲ. . .

မင်းရဲ့မကြည်ဖြူတဲ့မျက်ဝန်းလေးတွေကို ရင်ဆိုင်ရဦးမှာ
ပါ. . .

သူတစ်ယောက်တည်း အခန်းထဲမှာကျန်နေခဲ့ရင်း တွေး
နေမိသည်မဟုတ်ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com





# အပိုင်း (လေး)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

သူခြံထဲဆင်းလာခဲ့ပြီး ညဦးနက်ချိန်ထိတစ်ယောက်တည်း
င်နေမိသည်။

သူယုံကြည်ခဲ့ဖူးသော ချစ်ခြင်းသည် သူ၏သဝန်တိုမှုများ
အတူ နစ်မြုပ်ပျောက်ဆုံးလုမတတ် ခံစားနေရလေပြီ. . .

ကမ်းခြေမှာဆုံခဲ့ကြသည့်အချိန်မှစ၍ သူမအပေါ် အရှုံး
ွဲ့လမ်းခဲ့မိသလို ချစ်ခဲ့မိသည်။ ပြီးတော့ ရန်ကုန်မှာ ပြန်
ည်ဆုံစည်းခဲ့ကြပြီး ချစ်ခဲ့ကြသည်၊ ပြီးတော့ သုံးနှစ်ခန့် ပေးကွာ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့၏။

ထိုအချိန်အတွင်း ကေရီနှင့်မိုးယံဟိန်းဇေတို့ ဆုံစည် ခဲ့ကြတာဖြစ်နိုင်သည်. . .

ခုတော့ သူမရင်ထဲမှာ မိုးယံဟိန်းဇေသာ စိုးမိုးနေလေ လား . . .

သူသဝန်တိုစိတ်ဖြင့် သွေးတွေဆူဝေနေ၏။

မင်းအနားကို ငါမလာချင်ဘူး ကေရီ မင်းအချစ်ကို တို မယုံကြည်နိုင်တော့ပေမယ့် မင်းကိုယုယချင်တယ်၊ အကြင် တွေပေးနေချင်မိတယ်၊ မင်းရဲ့မကြည်ဖြူတဲ့မျက်ဝန်းတွေ မှိတ်ထားဦးမှာပေါ့၊ ဒါမှ မင်းရင်ထဲကအကြောင်းတွေကို တို နားမလည်နိုင်မှာ. . .

သူတစ်ယောက်တည်း စိတ်ရှုပ်ထွေးစွာတွေးနေမိ ရင်ထဲမှာ သက်သာလိုသက်သာငြား သီချင်းနားထောင် အိတ်ဆောင်ကက်ဆက်လေးကို ဖွင့်လိုက်သည်နှင့် ကက်ဆက် မှ သီချင်းသံကထွက်ပေါ်လာသည်။

သီချင်းက "Sometimes when we touch" ဖြစ်သည်။





And sometimes when we touch
the honesty 's too much.
And I have to close my eyes and hide.
I wanna hold you till I die.
Till we both break down and cry . . .

သီချင်းကို အထပ်ထပ်အခါခါနားထောင်ရင်း သူခုံတန်းရှည်လေးပေါ်တွင် နှစ်ခြိုက်စွာအိပ်မောကျသွားလေသည်။

နောက်တစ်နေ့နံနက် ကေရီအိပ်ရာမှနိုးတော့ နံနက် ရှစ်နာရီရှိနေပြီ။

အိပ်ရာမှနိုးနိုးချင်း သူ့ကိုမတွေ့ရသဖြင့် အံ့အားသင့်နေမိ၏။

သူဘယ်ရောက်နေပါလိမ့်. . . ညက သူဘယ်နေရာမှာ အိပ်နေခဲ့သလဲ. . .

သူ့ကိုတစ်အိမ်လုံးအနှံ့ရှာနေမိသော်လည်း ဘယ်နေရာမှာမှ မတွေ့သဖြင့် စိုးရိမ်ပူပန်နေမိသည်။

တကယ်တော့ ကိုကို့အပေါ် ကေရီမမုန်းပါဘူး ကိုကို၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ဘာသာ အထင်လွဲနေတာပါ. . .

ကိုကို့ကို စိတ်ဆိုးနေတာပါ. . .

ကိုကိုနဲ့ကေရီတို့ ပြန်လည်ဆုံစည်းကြတဲ့အချိန်မှာ ကိုကို့အနေနဲ့ ကေရီ့ကို ပြန်လည်ချစ်ခွင့်ပန်သင့်ပါတယ်၊ ပြီးမှ အေးအေးဆေးဆေး လက်ထပ်ခွင့်တောင်းသင့်ပါတယ် ကိုကို ဒါပေမယ့် ကိုကိုက ကျွန်မကိုဘာမှမဆွေးနွေးတော့ဘဲ မိဘ တွေနဲ့အစ်ကို့ဆီမှာ ခွင့်တောင်းပြီးလက်ထပ်ယူခဲ့တယ်. . .

ကိုကို့လုပ်ရပ်ကို မုန်းတီးနာကြည်းပြီး ကေရီငြင်းပယ် ခဲ့ပေမယ့် ဖေဖေနဲ့မေမေ၊ အစ်ကိုတို့အားလုံးက လက်မခံခဲ့ ကြဘူး၊ ကေရီ့ကို ရှင့်လက်ထဲထိုးအပ်ခဲ့ကြတယ်လေ. . .

ကိုကိုနဲ့ကေရီတို့ဝေးကွာနေကြတဲ့ သုံးနှစ်တာအချိန် ကာလအတွင်းမှာ ကေရီလူတစ်ယောက်နဲ့ ဆုံစည်းခဲ့ရတယ် သူက မိုးယံဟိန်းဇေတဲ့. . .

သူနဲ့ကေရီ တရင်းတနှီးခင်မင်ခဲ့ကြ၊ တွဲခဲ့ကြပေမယ့် သူ့ကိုကေရီနှစ်နှစ်ကာကာ မချစ်ခဲ့ပါဘူး၊ နီးစပ်မှုကြောင့် ချစ်မိသလို သံယောဇဉ်ဖြစ်ခဲ့မိတာပါ. . .





ပြီးတော့ ကေရီနဲ့သူစိတ်သဘောချင်းကွဲလွဲခဲ့ကြတယ်၊ သမ်းခွဲခဲ့ကြတယ်လေ. . . ဘာပဲဖြစ်ဖြစ် သူဟာ ကေရီ့အပေါ် အသည်းနင့်အောင် ချစ်ခဲ့တယ်ဆိုတာကိုတော့ ကေရီနားလည် နေမိပါတယ်. . .

သူ့ကို သူငယ်ချင်းတစ်ယောက်လို တစ်သက်လုံးခင်မင် သွားမှာပါ. . . အကြောင်းတစ်ခုခုတိုက်ဆိုင်လာတဲ့အခါတိုင်း ညည်း သတိရမိတယ်. . .

သူမကော်ဖီမသောက်ဖြစ်တော့ဘဲ တွေးနေမိသည် ထုတ်ပါလား. . .

“မမကေရီ”

“ဘာလဲ”

“သူဌေးခြံထဲက ခရေပင်ကြီးအောက်မှာ အိပ်ပျော်နေ သယ် မမ”

အိမ်ဖော်မလေးမိပု သူမအနီးရောက်လာပြီး ပြောလိုက် ည်၊

“ဟင်. . . သူကလဲ ကလေးလိုပါပဲလား”



www.burmeseclassic.com

www.burmeseclassic.com

“မနက်စောစော ကျွန်မပန်းသွားကောက်တော့ သူ့ရှေ ခြံထဲမှာအိပ်ပျော်နေတာတွေ့ခဲ့ရတယ်”

သူမခြံထဲ ဆင်းလာခဲ့၏။

ခရေပင်ကြီးအောက်ရှိခုံတန်းလေးပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသည့်သူ့ကို တွေ့လိုက်ရသည်။

“ကိုကို . . . ကိုကို”

သူ့လက်မောင်းတစ်ဖက်ကို အသာလှုပ်၍နှိုးလိုက်သည်။ သူ့မျက်လုံးတွေ ရုတ်တရက်ပွင့်လာပြီး သူမကိုတွေ့တော့ အံ့ဩ နေသည်။

“ဟင် . . . ကေရီ”

သူ့အမူအရာက သိပ်မကြည်လင်။

သူမကို စူးစိုက်ကြည့်နေလေသည်။

သူမကို အကဲခတ်ကြည့်နေသည့် သူ့မျက်လုံးတွေ ရင်မဆိုင်ချင်ပါ။

“ချစ်သလား ကေရီလေး”

ကေရီသက်ပြင်းရှိုက်နေမိ၏။ ပြီးတော့ တွေးသည်။





- - - အချစ်ဆိုတဲ့အရာဟာ လူတစ်ယောက်ရဲ့ဘဝ အတွက် သည်လောက်တောင် အရေးကြီးသလား . . .

“ကိုကိုမေးတာဖြေလေ”

“ကိုကို့လိုမြည့်စုံကြွယ်ဝတဲ့ ယောကျ်ားတစ်ယောက် အတွက် အချစ်ဆိုတဲ့အရာဟာ ဒီလောက်တောင်အရေးကြီး သလားဟင်”

“မင်းဘာယ်လိုမေးလိုက်တာလဲ ကေရီ ခုချိန်ထိ ငါ့အပေါ် နားလည်နိုင်သေးဘူးလား”

“ကိုကို့ကို ကျွန်မနားလည်ပါတယ်”

“ဘာ”

သူမပခုံးနှစ်ဖက်ကိုခမ်ကြမ်းကြမ်းဆုပ်ကိုင်ပြီး သူလှဲနေ ရာ ထထိုင်လိုက်၏။ သူနှင့်ကေရီမျက်နှာချင်း ထိကပ်သွားကြ

“မင်းပျော်ရွှင်အောင် ကိုကိုဘာလုပ်ပေးရမလဲ”

“ကေရီပျော်ပါတယ်”

ကေရီအမှန်ပြောနေပေမယ့် သူမယုံကြည်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ကေရီ့အပေါ် သူသံသယဝင်နေမိပြီ. . .

“ကေရီနှုးညှံ့သိမ်မွေ့လာတာကိုမြင်ရတော့ ကိုကိုသ

တယ်၊ စာနာပါတယ် ကေရီ၊ ဒါပေမယ့်. . .”

“ကိုကိုဘာတွေပြောနေတာလဲ၊ ကေရီ့ကို စာနာတ

ဟုတ်လား”

“ဟုတ်တယ်၊ ကေရီ့ကို စာနာတယ်၊ ဘာဖြစ်လို့လဲ

တော့ မင်းရင်ထဲမှာ လူတစ်ယောက်အပေါ် စွဲလမ်းတဲ့ဝေ

တွေရှိနေလို့ပေါ့”

သူ့အသံက လေးနက်တည်ငြိမ်ဟန်ဆောင်ထား

လည်း အဖျားခတ်တုန်ယင်နေသည်။

“ကျွန်မဘာယ်လိုရှင်းပြရတော့မှာလဲ”

“မင်းက ဘာကိုရှင်းပြချင်တာလဲ”

“ရှင်းပြလည်း ရှင်ယုံပါတော့မလား”

သူမတွေဝေစွာ ပြောလိုက်သည်။

သူမကိုကြည့်ပြီး သူကလျှောင်ပြုံးပြုံးလိုက်၏။

“မင်းဘာတစ်ခုမှ ရှင်းပြစရာမလိုတော့ဘူး၊ ဘာဖြ





ဆိုတော့ ကိုယ်အားလုံးသိပြီးနေလို့ပဲ”

ကေရီဘာမှ တုံ့ပြန်ပြောလိုစိတ်မရှိတော့သဖြင့် သူ့အနီး

ညှိုည့်ထွက်လာခဲ့မိသည်။

ကေရီထွက်သွားတော့ သူတစ်ယောက်တည်း ငိုင်တွေစွာ

ရစ်ခဲ့၏။

ဩော်. . . ကေရီ. . . ကေရီ. . .

ကိုကို့ကို မရှင်းပြတော့ဘဲ ကျောခိုင်းထားခဲ့ရက်တယ်

. . . ဒါဟာ အချစ်တဲ့လား. . .

ဘာပဲဖြစ်ဖြစ် ကိုကိုကတော့ မင်းနဲ့ပတ်သက်ဆက်နွှယ်

အတိတ်အကြောင်းအရာမှန်သမျှကို ပြန်လည်အမှတ်ရ

ပါပဲ ကေရီရယ်. . .



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

သူမအပေါ် သူတမ်းတမ်းစွဲချစ်ခဲ့မိပြီမို့ တစ်နေ့မမြ
လျှင် မနေနိုင်ပါ။

ဧကရီ၏ Beauty saloon လေးရှိရာ နေ့စဉ်ရောက်
ခဲ့ပြီး ဧကရီပြန်ချိန်တိုင်း အိမ်သို့ပြန်ပို့ပေးခဲ့သည်။

သူက လက်ထပ်ခွင့်အကြိမ်ကြိမ်တောင်းခဲ့သော်
ဧကရီ့ဘက်မှ လက်မခံခဲ့သေးပေ။

"ဧကရီအသက်အစိတ်လောက်မှ အိမ်ထောင်ပြုဖို့
နဲ့မေမေက ပြောထားခဲ့ကြတယ်၊ ဒါကြောင့် အခု ဘယ်လို
မှ လက်ထပ်ဖို့မဖြစ်နိုင်သေးပါဘူး ကိုကို"

"ဧကရီ့ကို ကိုယ်စိတ်မချဘူး"

"စိတ်မချနိုင်စရာအကြောင်းမရှိပါဘူး" ဟု ဧ





ပြန်ပြောသည်။

"ဧကရီ့ဆီကို နေ့စဉ်လာပြီး ဧကရီနဲ့တွဲသွားတွဲလာဖြစ်
နေတဲ့ ထွန်းထွန်းဝင်းဆိုတဲ့ကောင်ကို ကိုယ်ကြည့်လို့မရဘူး
ဧကရီ၊ သူက ဘာလဲ၊ မင်းနဲ့ဘယ်လိုပတ်သက်နေသလဲ"

သူ့စကားကြောင့် ဧကရီစိတ်ဆိုးသွားသော်လည်း သူ
စိတ်ချနပ်အောင် ရှင်းပြလိုက်သည်။

"သူက ဧကရီနဲ့ကျောင်းနေဖက်သူငယ်ချင်းပါ၊ ငယ်
ငယ်ကတည်းက ရင်းနှီးခဲ့တဲ့သူငယ်ချင်းမို့ သွားအတူ လာအတူ
တတွဲတွဲဖြစ်နေတာပါ"

သည့်နောက်ပိုင်းရက်များတွင် သူမအနီး၌ ထွန်းထွန်း
ဝင်းက အမြဲပါနေသဖြင့် သူမနှင့်နှစ်ယောက်တည်း စကားပြော
ခွင့် မလွယ်ကူပေ။

သူမ၏ Beauty saloon လေးကို ရောက်သွားတိုင်း သူမ
နှင့်ထွန်းထွန်းဝင်းကို တတွဲတွဲမြင်နေရသည်။

ဧကရီနဲ့သည်ကောင် ရိုးမှရိုးရဲ့လား. . .

သံသယဝင်မိသလို ခံပြင်းနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းဝင်းနှင့်ရန်လည်း မဖြစ်ချင်၊ သိုက္ခာကျမှာ ရှား
သည်။ ကြောက်သည်။

သူစိတ်တိုတိုဖြင့် သူမထံသို့ မသွားတော့ဘဲ နှစ်ပတ်ခ
အဆက်ဖြတ်ထားခဲ့မိသည်မဟုတ်ပါလား. . .

သည်အချိန်ကျမှပင် သူကိုသူမ လွမ်းမိသလိုလို ခံစ
နေရ၏။

သူမထံသို့ ဖုန်းလည်းမဆက်။

သူ့ထံမှ ဖုန်းလာနိုးဖြင့် သူမနေ့စဉ်မျှော်နေမိ၏။ သူ့ထံသို့
ဖုန်းဆက်သော်လည်း သူကဖုန်းမကိုင်။ ဖုန်းပိတ်ထားသည်။

ဆယ့်ငါးရက်မြောက်နေ့မှာတော့ သူမထံသို့ ဇင်ယော်
ဖုန်းဆက်ခဲ့၏။

"ဟုတ်ကဲ့. . . မေပြောနေပါတယ်"

"မေ. . . ဟုတ်လား၊ ကိုယ်ကတော့ ဇေကရီလို့ပဲ ခေါ်
မယ်နော်"

"ဘာဖြစ်လို့ ခုမှဖုန်းဆက်ရတာလဲ၊ ရှင့်ကိုကျွန်မ သိ
မှန်းတယ် သိလား"





"ဟုတ်လား. . . မင်းမုန်းနေမှန်းသိလို့ ကိုယ်ကလဲ အခုမှ
ဆက်လိုက်တာပါ"

"ကိုကိုဘာတွေဖြစ်နေတာလဲ၊ ကျွန်မအပေါ် သံသယတွေ
နေတာလား"

"ဟုတ်တယ်၊ ကိုယ့်အချစ်ကိုလက်ခံတယ်ဆိုရင် ဘာဖြစ်
ထွန်းထွန်းဝင်းဆိုတဲ့ကောင်နဲ့ အရောတဝင်နေရတာလဲ
ရဲ့၊ ကိုယ်စိတ်ပျက်သွားလောက်အောင် အူတိုနေမိတာ
သည်ရဲ့လား"

"ရှင်ဒီလောက်သဝန်တိုနေရင် ကျွန်မကိုမေ့ပစ်လိုက်"

"ဟာ. . . မေ့လို့ဘယ်ဖြစ်ပါ့မလဲ၊ မင်းက ကိုယ့်ရဲ့ဘဝ
ပဲ၊ မင်းကသာ ကိုကို့ကိုမေ့ပစ်လိုက်မယ်ဆိုရင် ကိုကို့ဘဝ
ပျက်ယွင်းမဲ့သွားမှာပေါ့"

သူမဘာမှမပြောဘဲ ခေတ္တတိတ်ဆိတ်ငြိမ်သက်နေသည်။

"ဇေကရီ ကိုယ့်ကိုတွေ့ခွင့်ပေးပါ၊ မင်းကိုကိုယ် သိပ်တွေ့
နေတယ်"

"တွေ့ခွင့်ပေးရင် ရှင်ဘာတွေပြောမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုသိပ်ချစ်တဲ့အကြောင်းတွေပြောမယ်၊ ပြီးတော့ ထွန်းထွန်းဝင်းဆိုတဲ့ကောင်နဲ့ လုံးဝစကားမပြောရဘူးလို့ တား ဆီးပိတ်ပင်မယ်"

"ရှင်ပြောလေ ကဲလေပါလား။ ဘာဖြစ်လို့ ဒီလောက် စောင် သံသယဝင်နေရတာလဲ ကိုကို၊ ရှင့်ကိုကျွန်မ နား လည်နိုင်တော့ဘူး"

"ကိုကိုကလဲ မင်းကို နားမလည်ဘူး၊ ဘာဖြစ်လို့ ဒီကောင်ကို အရောဝင်နေရတာလဲလို့"

"သူနဲ့ပတ်သက်ပြီး ရှင့်ကို အကြိမ်ကြိမ် ရှင်းပြခဲ့ပြီး မဟုတ်လား ဦးဇင်ယော်စိုး"

"ကဲပါ ကိုယ်တို့မနက်ဖြန်တွေ့ကြရအောင်၊ မနက်ဖြ တွေ့ကြမယ်နော် ဒါပဲ၊ မင်းကိုကိုယ်လာခေါ်မယ် စောင့်နေ"

စကားဆုံးသည်နှင့် သူဖုန်းချလိုက်၏။

သူမတွေတွေဝေဝေနှင့်တစ်ယောက်တည်း သက်ပြင်း ရှိုက်နေမိသည်။

❀ ❀ ❀



# အခန်း(၃)

နောက်တစ်နေ့ညနေခင်းတွင် သူမကိုသူလာခေါ်ပြီး ...သည့် Hot pot ဆိုင်လေးတစ်ခုအတွင်း ရောက်လာခဲ့ သည်။

နှစ်ယောက်အတူ Hot pot စားရင်း စကားပြောဖြစ်ကြ၏။

"ကိုယ့်ကိုချစ်တယ်ဆိုရင် လက်ထပ်ခွင့်ပေးပါတော့"

"မဖြစ်နိုင်သေးဘူးလို့ ကိုကို့ကိုအဖြေပေးပြီးပြီပဲ၊ ထပ် ...နဲ့တော့ကွာ"

သူက သူမအနီးတိုးကပ်ပြီး မျက်နှာကိုစိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်မို့. . .

"အဲလိုမကြည့်နဲ့ကွာ"

"ကြည့်တော့ဘာဖြစ်လဲ၊ တွန့်တိုနေလိုက်တာ"

"တွန့်တိုလို့ မဟုတ်ဘူး၊ ကိုကိုက စိုက်ကြည့်နေ‌ေ
အနေရခက်တာပေါ့"

"ဒါမင်းအတွက် ကိုယ့်လက်ဆောင်"

အနက်ရောင်ကတ္တီပါဘူးထဲမှ ရွှေကြိုးလေးကိုယူထုတ်
သူကပေးလိုက်၏။

ရွှေကြိုးက စိန်လော့ကက်လေးနှင့်မို့ အတော်ပင်တန်
ရှိလှ၏။

"ကျွန်မ ဒါတွေမမက်မောပါဘူး၊ ဒီလောက်တန်ဖိုးဗြ
တဲ့ပစ္စည်း မပေးပါနဲ့လား"

"ကိုယ်ကိုယ်တိုင်ဆွဲပေးချင်တာ၊ ဒါပေမယ့် ဆိုင်ထဲ
လူတွေရှိနေလို့၊ အိမ်ရောက်မှ မင်းဘာသာဆွဲလိုက်ပါ"

"ဟင့်အင်း. . မယူဘူး"

"ဒီလိုမလုပ်နဲ့လေ၊ ဒီနေ့မှပြန်တွေ့ရလို့ ပျော်ရွှင်နေ
ခံစားချက်တွေ အလဟဿဖြစ်မသွားချင်ဘူး"

Hot pot စားပြီးကြသောအခါ ပြန်လာခဲ့ကြသည်။





သူကကားကို လူရှင်းသည့်သစ်ပင်ရိပ်တစ်ခုအောက်တွင် ထိုးရပ်လိုက်ပြီး ကတ္တီပါဘူးထဲမှရွှေကြိုးကိုဆွဲထုတ်၍ အတင်းအကြပ်ဆွဲပေးလိုက်၏။

သူမငြင်းနေသည့်ကြားမှပင် ရွှေကြိုးက သူမလည်တိုင်တွင် ဆွဲပြီးသားဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

ထိုနေ့က သူနှင့်သူမတို့နှစ်ဦး အကြီးအကျယ်စိတ်ဆိုးခဲ့ကြသည်။

သူနှင့်ညနေစာစားရန် ချိန်းဆိုထားပြီးမှ ဆိုင်သို့ သူရောက်လာချိန်တွင် သူမကိုမတွေ့ရပေ။

"ကေရီဘယ်သွားသလဲ"

"မကေရီတို့ မရှိကြဘူး၊ ဒီနေ့ညနေ Stage show ကြည့်ဖို့ မမြသွေးတို့ မချိုလေးတို့နဲ့အတူ ထွက်သွားကြပြီ"

"Stage showဟုတ်လား၊ ဘယ်က stage show လဲ"

"အဲဒီစတိတ်(ချ်)ရှိုးက သည်ကနေ့ညနေ ယုဇနဂါးဒင်း





ဟလေ၊ ကိုထွန်းထွန်းဝင်းက ခုထွက်မယ့် စီးရီးစ်အတွက် ပျော်ပြောတဲ့အနေနဲ့ အဲဒီရှိုးမှာဆိုလိမ့်မယ်၊ ဒါကြောင့်ဖိတ်ထားလို့ သွားကြတာ"ဟု ပြောလိုက်သောကြောင့် သူထောင်းခနဲ ဒေါသဖြစ်သွားပြီး ယုဇနဂါးဒင်းဟိုတယ်လ်ရှိရာ ကားကိုမောင်းထွက်ခဲ့သည်။

ဟိုရောက်တော့ သူပါလက်မှတ်ဖြတ်ပြီး Stage show ခန်းမထဲဝင်လာခဲ့သည်။

ထွန်းထွန်းဝင်းဆိုချိန်တွင် သူမကပျော်ရွှင်နေပြီး ပန်းစည်းတစ်စည်းသွားပေးသည်။

သည်မြင်ကွင်းကိုကြည့်ပြီး သူတစ်ကိုယ်လုံးအေးစက်သွာင့်တင်းသွားသည်အထိ သဝန်ကြောင်ခဲ့မိသည်မဟုတ်ပါလား. . .

ပွဲပြီးအောင်မကြည့်ဖြစ်တော့ဘဲ အိမ်ပြန်လာခဲ့သည်။ တိုးနာရီခွဲတော့ သူမထံ ဖုန်းဆက်လိုက်၏။

သူမ၏ဟန်းဖုန်းလေးမြည်လာသောကြောင့် သူမ ကမန်းကတမ်းဖုန်းကိုဖွင့်ပြီး နားမှာကပ်လိုက်သည်။

"ဟယ်လို ကေရီပါ၊ အခုပြောနေတာ ကိုကိုလားဟင်"

"ဟုတ်တယ် ကိုကိုပါပဲ၊ ကေရီ့မှာ ကိုကို့အပြင် ဖုန်းဆက်မယ့်သူတွေ ဘယ်နှစ်ယောက်ရှိသေးလို့လဲ"

သူအတော်စိတ်တိုနေကြောင်း သူ့အသံက သိသာနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုကိုစိတ်တိုနေသလားဟင်"

"ကိုကိုစိတ်တိုတာ မင်းသိနေသလား၊ ဒါနဲ့ မင်းဘယ်အချိန်ကပြန်ရောက်တာလဲ"

သူက ဧကရီ့အမေးကိုမဖြေဘဲ မေးခွန်းပြန်ထုတ်သည်။

"အခုပဲ ပြန်ရောက်တယ်၊ ရောက်ရောက်ချင်း ကိုကို့ဆီ ဖုန်းဆက်မလို့ပဲ"

"ကိုကို့ကို သတိရသေးတယ်ဆိုပါတော့"

"ဟုတ်တယ်၊ ညနေက ကိုကိုနဲ့ညနေစာစားဖို့ချိန်းထားပြီးမှ အရေးတကြီးကိစ္စတစ်ခုပေါ်လာလို့ ဧကရီထွက်သွားတာ ဆောရီးပဲနော် ကိုကို"

"မင်းရဲ့အရေးတကြီးကိစ္စက ဘာလဲ၊ ထွန်းထွန်းဝင်း သီချင်းဆိုတာကို သွားကြည့်တဲ့ကိစ္စလား"

သူမေးပုံပြောပုံကြီးကြောင့် သူမစိတ်ထဲမှာ တင်းခနဲ ဖြစ်သွားမိသည်။

"ကိုယ်မေးတာ ဖြေလေ"

"ဟုတ်တယ်၊ သူ့ရှိုးပွဲကိုဖိတ်ထားလို့ သွားအားပေးခဲ့တာပါ"

"ပန်းစည်းတစ်စည်းကော ပေးခဲ့တယ်မဟုတ်လား"

သူ့အမေးကြောင့် သူမအံ့အားသင့်သွားပြီး ရုတ်တရက်





ဘာပြန်ပြောရမှန်းမသိလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

"ထွန်းထွန်းဝင်းဆိုတဲ့ကောင်နဲ့မင်းက ဘယ်လိုတွေလဲ၊ ကိုကိုနဲ့ညနေစာစားဖို့ချိန်းထားပြီးမှ ဘာကြောင့်သူရှိတဲ့နေရာကို သွားရတာလဲ"ဟု မကျေမနပ်ပြောလိုက်သည်။

"ဩော်. .. ကိုကိုက ကျွန်မကို သူနဲ့စွပ်စွဲနေတာကိုး"

"မစွပ်စွဲပါဘူး၊ ဒါပေမယ့် ဒီကောင့်ကိုမင်းသိပ်ဂရုစိုက်တာကိုတော့ ကိုယ်နားလည်တယ်"

"ဒီနေ့ကိုကိုပြောပုံဆိုပုံတွေ တစ်မျိုးကြီးပဲ၊ လေသံလည်း သိပ်မာတယ်၊ ကျွန်မသိပ်စိတ်ညစ်တယ် သိလား၊ ကျွန်မကို တကယ်ချစ်ရင် လေသံမာမာနဲ့ မပြောပါနဲ့"

သူမအသံက ပြောရင်းငိုသံပါလာသည်။

"ကိုကိုတစ်ခုပြောမယ် နားထောင်စမ်း၊ နောက်နောင် ကိုကိုမပါဘဲ ဘယ်မှမသွားရဘူး"

"ကိုကိုက ကျွန်မကိုမပိုင်ဆိုင်ရသေးဘဲနဲ့ ဒီလောက်အောင် ချုပ်ချယ်နေပြီလား"

"ဟုတ်တယ်၊ မင်းဟာ ငါလက်ထပ်မယ့်မိန်းကလေးပဲ၊ ဒါကြောင့် ငါနည်းနည်းမှ စိတ်မချနိုင်ဘူး၊ နောက်နောင် ငါမသိဘဲသွားရင် မင်းကိုကောင်းကောင်းဆုံးမရလိမ့်မယ်၊ ပြီးတော့ ထွန်းထွန်းဝင်းဆိုတဲ့ကောင်ကို ဆွဲထိုးရလိမ့်မယ် ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် သူဖုန်းပိတ်ပစ်လိုက်သည်။

စိတ်မောမောနှင့် အိပ်ရာထက်လှဲပစ်လိုက်သည်။

ထိုကိစ္စဖြစ်ပြီးနောက်တစ်နေ့မှစ၍ သူမကို လုံးဝမ ရတော့ပေ။

သူမဆိုင်လေးသို့ သူနေ့စဉ်ရောက်ခဲ့သော်လည်း အကြောင်းဘာတစ်ခုမှစုံစမ်း၍မရဘဲ သူမတို့မိသားစုအား ခရီးထွက်သွားသည်ဟုသာ သိရှိခဲ့ရ၏။

သူမအိမ်သို့ သူလိုက်လာခဲ့ပေမယ့် သော့ခတ်ထားသ သော့ခလောက်ကြီးကြီးကိုသာ နေ့စဉ်မြင်တွေ့ခဲ့ရပြီး သူမ လုံးဝဆုံတွေ့ခွင့်မရတော့ပေ။

သည်လိုနှင့်သူ့အသည်းတွေ တစ်စစီကြေမွခဲ့ရသည်

ရက်လနှစ်တို့ တရွေ့ရွေ့ကုန်ဆုံးခဲ့လေသည်။



# အခန်း(၅)

ရာသီစက်ဝန်းသုံးပတ်တိတိလည်ခဲ့ပြီးမှပင် သူမနှင့်သူ ပြန်လည်ဆုံစည်းရန် အကြောင်းဖန်လာခဲ့သည်။

ထိုနေ့က သူ၏ကုမ္ပဏီသို့ မြင့်ဦးရောက်လာပြီး သူ့ အိမ်နေ့သို့လာရန် ဖိတ်ခဲ့၏။

"ဟေ့ကောင် မြင့်ဦး၊ မင်းဘယ်နေ့က ပြန်ရောက်တာ လဲကွ၊ မဆုံတာတောင်ကြာလှပြီ"

မြင့်ဦးကသင်္ဘောအရာရှိ Chief officer တစ်ယောက် ဖြစ်ပြီး သင်္ဘောပေါ်မှာ အနေများသည်။ သင်္ဘောဆင်းလာ မှသာတော့ သူ့ဆီမကြာခဏလာလည်လေ့ရှိ၏။

"ခုနောက်ဆုံးတစ်ခေါက် နိုင်ငံခြားမှာ ငါအတော်ကြာ



www.burmeseclassic.com

ခဲ့တယ်ကွ၊ လေးနှစ်ဆိုပါတော့၊ သင်္ဘောတစ်စီးပြီး တစ်စီး ပြောင်းတက်ခဲ့တာလေ၊ လွန်ခဲ့တဲ့လကမှ သင်္ဘောဆင်းပြီး ပြန်ရောက်လာခဲ့တာ၊ ငါ့ရဲ့အသက်သုံးဆယ့်သုံးနှစ်မြောက် မွေးနေ့ကို အိမ်မှာကျင်းပမယ်၊ မနက်ဖြန်မနက် ဘုန်းကြီး သုံးဆယ့်သုံးပါးပင့်ပြီး ဆွမ်းကပ်မယ်လေ၊ အဲဒါ မင်းကိုလာဖိတ် တာ"

မြင့်ဦးနှင့်ခင်မင်ခဲ့သော်လည်း မြင့်ဦးအိမ်သို့ သူတစ် ခေါက်မှ မရောက်ဖူးပေ။

မြင့်ဦးကလည်း အလည်မခေါ်ခဲ့သဖြင့် စပ်စပ်စုစုမရှိ သည့် သူ့အနေဖြင့် မြင့်ဦးအိမ်သို့ ရှာကြံပြီး မသွားဖြစ်ခဲ့ပါ။

"မင်းအိမ်လိပ်စာပေးခဲ့လေ၊ မနက် ငါလာခဲ့မယ်၊ အရင် အိမ်ပဲလား"

"အရင်အိမ် မင်းသိလို့လား"

"မသိဘူး"

"ကောင်းကွာ၊ အရင်က လမ်း(၅၀)မှာနေတာ၊ ခုတော့ ဦးဝိစာရလမ်းရောက်သွားပြီ"

"မင်းက သူဌေးဖြစ်သွားပြီကိုး"

"မင်းလောက်မချမ်းသာပါဘူးကွ၊ ငါ့ဦးလေးရဲ့ခြံနဲ့တိုက် ကို ပြန်ငှားထားတာပါ၊ ငါ့ဖေဖေနဲ့မေမေလည်း ခုမှငါနဲ့အတူ နိုင်ငံခြားကပြန်လာကြတာလေ"



"ဟုတ်လား"

"ဖေဖေနဲ့မေမေရယ်၊ ညီမလေးရယ်ကို စင်္ကာပူမှာ ခေါ် ထားသေးတယ်၊ ညီမက ဘွဲ့တစ်ခုထပ်ယူပြီး ခုမှ ပြန်ရောက် လာတာ"

"မင်းမှာ နှမတစ်ယောက်ရှိတယ်လို့ပဲ သိထားတာ၊ တစ်ခါ မှ သူ့အကြောင်းမမေးဖြစ်ဘူး"

"သူက ရန်ကုန်မှာ B.Sc ဘွဲ့ယူပြီးမှ ငါ့နောက်လိုက်လာ တာလေ၊ ခုစင်္ကာပူကနေ မာစတာဘွဲ့တစ်ခုထပ်ယူလာတယ်"

"ဪ. ."

"မနက်ဖြန်ကျမှ မိတ်ဆက်ပေးမယ်နော်"

"အိုကေ"

နောက်တစ်နေ့နံနက် မြင့်ဦးတို့အိမ်သို့ရောက်လာသော အခါ သူမယုံနိုင်လောက်အောင် အံ့သြနေမိပြီး ဝမ်းသာလွန်း၍ စကားရက်ဘာပြောရမှန်းပင် နားမလည်နိုင်ပေ။

သူမနှင့်ပြန်လည်တွေ့ဆုံခဲ့ရခြင်းပါ။

"ဒါငါ့နှမ မြနှင်းဧကရီမေပဲ၊ ညီမလေး သူက ကိုကို့ သူငယ်ချင်းဆွေ ဦးဇင်ယော်စိုးတဲ့၊ ရေသန့်နဲ့အချိုရည်စက်ရုံတွေ ပိုင်တဲ့သူဌေးတစ်ယောက်ပဲ"

"တွေ့ရတာဝမ်းသာပါတယ်ရှင်"

သူမ မသိဟန်ဆောင်ပြီး နှုတ်ဆက်နေသဖြင့် သူ့စိတ်တို

www.burmeseclassic.com



သွားမိသည်မဟုတ်ပါလား. . .

"ကိုယ်က ပြန်လည်တွေ့ဆုံရခြင်းအတွက် အများကြီး ဝမ်းသာတယ်၊ မြင့်ဦး. . .မင်းနှမနဲ့ငါက ခုမှသိကြတာ မဟုတ် ဘူး၊ သိကျွမ်းခင်မင်နေတာကြာပြီ၊ လက်စသတ်တော့ သူ စိတ်ပူရောက်နေတာကိုး၊ ငါ့မှာဖြင့် ရှာလိုက်ရတာ"

သူဝမ်းသာလှိုက်လှဲစွာပြောနေပုံကိုကြည့်ပြီး မြင့်ဦးအံ့ နေသည်။ မိဘတွေလည်း အံ့သြနေကြ၏။ သူမအမူအရာ သိပ်အံ့သြဟန်မပြ။

Cygnus ကား အကောင်းစားကြီးနှင့် သူ့ကိုကြည့် အားလုံးက အထင်ကြီးကြသည်။

သူမက ပြုံးရုံသာပြုံးပြီး ခပ်ညှိုးညှိုးတွေကြား အလုပ် နေလေသည်။

နောက်တစ်နေ့မှာပင် မြင့်ဦးကို ဖုန်းဆက်၍ချိန်း သူမနှင့်လက်ထပ်ရန်ကိစ္စ ဖွင့်ပြောဖြစ်ခဲ့သည်။

မြင့်ဦးအံ့သြပြီး ဘာပြန်ပြောရမှန်းမသိလောက်အော ဖြစ်နေပြီးမှ. . .

"အင်းလေ. . .ငါ့ညီမသဘောကို မေးကြည့်ဦးမယ်" ဟု ပြန်ပြောသည်။

"သူ့ကိုမမေးနဲ့ကွာ၊ သူငြင်းမှာ ငါသိပ်စိုးရိမ်နေတယ်၊ အရှုးအမူးစွဲလမ်းနေတာကွ၊ မင်းမိဘတွေကို တစ်ခါတည်း ပြောရင်ကောင်းမယ်"

"သူ့ကိုအရင်မတိုင်ပင်ဘဲ မိဘတွေကိုပြောရင် ငါ့ညီမ စိတ်ဆိုးမှာပေါ့"

"စိတ်ဆိုးပစေကွာ၊ မင်းနှမစိတ်ဆိုးလဲ ဆိုးပါစေတော့၊ မိဘတွေကိုသာ တိုက်ရိုက်ပြောပေးစမ်းပါ သူငယ်ချင်းရယ်၊ မင်းနှမကိုကောင်းကောင်းထားပါ့မယ်၊ သစ္စာရှိရှိနဲ့ကြင်နာပါ့မယ် ငါကတိပေးပါတယ်"

သူအရူးအမူးဖြစ်နေတာကြည့်ပြီး မြင့်ဦးအံ့သြနေသည်။

"သူ့မှာချစ်သူရှိနေလို့လား မြင့်ဦး"

မြင့်ဦးရုတ်တရက် မဖြေဘဲစဉ်းစားနေသဖြင့်. . .

"ဟေ့ မြင့်ဦး၊ မြန်မြန်ပြောပါကွ" ဟု လောလိုက်သည်။

"မရှိပါဘူးကွ"

"တကယ်ကံကောင်းတဲ့ ငါပါလား"

"ဒါဖြင့် မင်းအခုလိုက်ခဲ့ပါလား၊ ဖေဖေနဲ့မေမေ့ကို မင်းကိုယ်တိုင်ပြောပေတော့"

မြင့်ဦးနှင့်သူ အိမ်သို့ရောက်လာချိန်တွင် သူမအိမ်မှာ မရှိပေ။

"Beauty saloon ပြန်ဖွင့်မလို့တဲ့၊ သွားစုံစမ်းနေတယ်"

"ဖေဖေနဲ့မေမေ့ကို သားရဲ့သူငယ်ချင်းက ခွင့်တောင်း စရာရှိလို့တဲ့"







www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ"

"အန်ကယ်တို့သမီးဧကရီ့ကို ကျွန်တော်လက်ထပ်ခွ လို့ပါ။ တစ်သက်လုံး ကြင်ကြင်နာနာနဲ့စောင့်ရှောက်သွားပါ့မယ် အန်ကယ်"

"ဘယ်လို သမီးနဲ့က ချစ်သူတွေလား"

"ဟုတ်ကဲ့၊ အရင်က ချစ်ခဲ့ဖူးပါတယ်"

သည်လိုနှင့် တစ်လခန့်အကြာတွင် သူမကို လက်ထ ခွင့်ရခဲ့သည်။

မိဘများထံမှခွင့်ပြုချက်ရသည်နှင့် သူကလုံးဝအေ မဆွဲတော့ဘဲ သူမနှင့်လက်ထပ်ရန် အစီအစဉ်တကျ စီစ ခဲ့သည်။

ပြီးတော့ လက်ထပ်ခဲ့ကြ၏။ လက်ထပ်ပြီးနောက်မှ တော့ သူ့အပေါ် သူမစိမ်းကားသွားခဲ့ပြီဖြစ်ကြောင်း သူယုံကြ ခဲ့မိသည်။

ဧကရီပြောင်းလွဲသွားခဲ့ပြီမဟုတ်ပါလား. . .

ဘာကြောင့်များလဲ. . .

ဘာကြောင့်များပြောင်းလဲသွားခဲ့တာလဲ ဧကရီရယ်. . .

မိုးယံဟိန်းဇေကြောင့် ပြောင်းလဲသွားခဲ့တာများလား. . .

ဒါကြောင့်ဖြစ်နိုင်တာ သေချာသည်။

တွေးရင်း သူ့ရင်ထဲမှာ နာကျင်နေမိ၏။





မိုးယံ. . . မိုးယံ. . . မင်းတို့သားအမိကြောင့် ငါ့ဘဝ က်လျှောက်လုံးစိတ်သောကရောက်ခဲ့ရ၊ ခံစားခဲ့ရတာ မမျှသိပ် င်လောက်အောင်ပါပဲ. . .

ဒါတွေဟာ ပြီးဆုံးသွားသင့်ပြီထင်တယ်. . .

ဒါပေမယ့် ခုချိန်ထိ မင်းကငါ့နှလုံးသားကို နာကျင်ဆွေး မြေ့အောင် နှိပ်စက်နေတုန်းပါပဲလား. . .

ငါခံစားခဲ့ရသလို မင်းရင်ထဲမှာပြန်လည်ခံစားစေရမှာပါ ယ်. . .


အဲသည်အချိန်ဟာ မဝေးတော့ဘူး၊ သည်ကနေ့ညနေ လေ. . .

သူဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလိုက်ပြီးနောက် နပ်စွာပြုံးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အပိုင်း (ငါး)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

ထိုနေ့ညနေစောစောအချိန်မှာပင် သူအလုပ်မှပြန်ရောက်သာအဖြင့် ကေရီအံ့ဩနေမိ၏။

သူက အပေါ်ဆုံးထပ်သို့ဓာတ်လှေကားဖြင့် တက်လာခဲ့း အကောင်းစားသားရေသေတ္တာကြီးထဲသို့ သူ့အဝတ်တွေထည့်နေသည်။

ကေရီက ဗီရိုအနီးမှာလာရပ်ပြီး သူ့ကိုအံ့ဩသလို ကြည့်သည်။

"ဘာလုပ်နေသလဲ မိန်းမ၊ မင်းရဲ့အဝတ်တွေသေတ္တာထဲ ည့်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုနားမလည်နိုင်တာ အမှန်ရယ်ပါ။

သူဘာတွေလုပ်နေတာပါလိမ့်. . . မနေ့က သူအိမ်ပြောင်းမည်ဟုပြောခဲ့တာ တကယ်ပဲလား. . .

"မနေ့က ကိုကိုပြောထားတယ်မဟုတ်လား၊ မင်းယူသွားမယ့်အဝတ်တွေ အဆင်သင့်ပြင်ထားပါလို့"

"ဘယ်ကိုပြောင်းမှာလဲ"

"အခုသိရမှာပေါ့"

"ကျွန်မ မပြောင်းချင်ဘူး"

"ငါကိုယ်တိုင်ပြောင်းမှာ မင်းနေခဲ့လို့ရမလား ကေရီ အချိန်မရှိဘူး၊ အဝတ်တွေထည့်"

သူမဘာမှဆက်မပြောဖြစ်တော့ဘဲ သူမအဝတ်များကို သေတ္တာတစ်လုံးထဲသို့ ပစ်ထည့်နေမိ၏။

"ကဲ ညနေစာစားရအောင်"

"ကျွန်မ မစားချင်တော့ဘူး"

"ဘယ်လိုပြောလိုက်တာလဲ၊ ဘာလဲ ငါနဲ့မျက်နှာချင်းဆိုင် စားရမှာ ဝန်လေးနေပြန်ပြီလား"

"မဟုတ်ပါဘူး"

အမှန်က အိမ်ပြောင်းရမည်ဆို၍ စိတ်ရှုပ်ထွေးပြီး စား ချင်စိတ်မရှိတော့တာ အမှန်ပင်။

"ကဲ သွားကြစို့"





သူကပြောပြီး ရှေ့မှထွက်သွားသည်။

ကေရီက အောက်ထပ်သို့ဖုန်းဖြင့်လှမ်း၍မိပုကို ခေါ်လိုက်ပြီး သေတ္တာတွေသယ်ခိုင်းလိုက်၏။

သေတ္တာတွေကို မိပုနှင့်ဒေါ်နော်ဖားတို့က ကားပေါ်တင်ပေးလိုက်ကြသည်။

"ဒေါ်နော်ဖား"

"ဟုတ်ကဲ့ ပြောပါ သူဌေး"

"ကျုပ်တို့မရှိတုန်း အိမ်ကိုဂရုတစိုက်စောင့်ရှောက်ထား ကြားလား"

"ကောင်းပါပြီရှင်"

သူက ကားပေါ်တက်ပြီးမောင်းသူနေရာမှာ ဝင်ထိုင်လိုက်သဖြင့် ကေရီလည်း ကားတံခါးဆွဲဖွင့်ပြီး သူ့ဘေးမှာ ဝင်ထိုင်လိုက်ရသည်။

သူကားစက်နှိုးပြီး မောင်းထွက်လာခဲ့၏။ သူမတိတ်ဆိတ် သက်စွာပါလာခဲ့ရသည်။

သူက ကားမောင်းနေရာမှ သူမကိုမကြာခဏလှည့်ကြည့် သော်လည်း သူမသူ့ဘက် လှည့်မကြည့်မိပေ။

သူကားကို ပြည်လမ်းတစ်နေရာရှိ ခြံကျယ်ကြီးတစ်ခြံ တွေ့ဝင်လာခဲ့သည်။

ကျယ်ဝန်းလှသည့်ခြံကျယ်ကြီးထဲတွင် ကုံကော်ပင်၊ ငုပင်၊



www.burmeseclassic.com

www.burmeseclassic.com



စိန်ပန်းပင်နှင့်ပိတောက်ပင်တွေ စီတန်းပြီးအုံ့ဆိုင်းနေ၏။

ခြံကြီးက ကျယ်ဝန်းလှသဖြင့် တိတ်ဆိတ်ငြိမ်သက်မှုက ကြီးစိုးနေသည်။

ခြံကြီး၏အလယ်တွင် ကြီးမားလွန်းသည့် နှစ်ထပ်တိုက် ဟောင်းကြီးတစ်ခုက ဆီးကြိုလျက်ရှိသည်။

ခြံထဲကားကွေ့ဝင်လာကတည်းက သူမအံ့သြတွေဝေနေ မိသည်။

ခြံကြီးကကျယ်ဝန်းပြီး ပြုပြင်ထားတာလည်း မဟုတ်ဘဲ နဲ့၊ ပြီးတော့ နှစ်ထပ်တိုက်ကြီးကလည်း ဟောင်းလိုက်တာ ဆေးတောင်သုတ်မထားဘူး၊ ဘာဖြစ်လို့များ သည်နေရာကို ပြောင်းလာတာပါလိမ့်. . .

သူမနားမလည်စွာ၊ စိတ်ပျက်စွာ တွေးနေမိသည် မဟုတ် ပါလား. . .

"အံ့သြနေသလား မိန်းမ၊ ဒါကိုယ့်မေမေနဲ့ဘိုးဘွားပိုင် မြေနဲ့တိုက်ကြီးပေါ့၊ မေမေဆုံးသွားပြီး ဖေဖေကနောက်အိမ် ထောင်ပြုခဲ့ပေမယ့် ကိုယ့်မေမေရဲ့အမွေအနှစ်တွေကို သည် အတိုင်းထားရစ်ခဲ့တယ်လေ၊ ဒီခြံနဲ့ဒီအိမ်ကို ဖေဖေက ကိုယ့် နာမည်နဲ့လွှဲပေးထားတာ ကြာပါပြီ၊ ကိုယ်ဒါကြောင့် ပြန်လာ ရတာပဲ"

ပြောပြီး သူအားပါးတရပြုံးနေသည်။





"ကေရီ"

"ရှင်"

သူပြောသမျှတွေဝေစွာ နားထောင်နေမိသည်။ သူမ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်းပြီး ခေါ်လိုက်မှပင် သတိဝင်လာရသည်။

"ကဲ ပြောစမ်း၊ ဒီအိမ်ကြီးကို ကြိုက်ရဲ့လား"

"မကြိုက်ဘူး"

"ဟား ဟား ဟား ၊အင်းလေ ဘယ်ကြိုက်ပါ့မလဲ၊ အင်မ တန်ခမ်းနားပြီး အင်မတန်လှပသစ်လွင်တဲ့တိုက်ကြီးပေါ်က ဆင်းလာပြီး ဟောင်းနွမ်းပြီးခေတ်မမီတော့တဲ့ သည်လိုအိမ်မျိုး ကိုရောက်လာရတယ်ဆိုတော့. . . အဟင်း ကိုယ်နားလည်ပါ တယ်၊ ဒါပေမယ့် အိမ်ကြီးပေါ်ရောက်ရင် မင်းအတွက် တကယ် ထူးဆန်းတာကို မြင်ရမှာပါ"

သူရှည်လျားစွာ တစ်ခွန်းချင်းပြောနေသည်။

"ဘယ်လို. . ."

သူမမျက်မှောင်ကုတ်ပြီး မေးသည်။

"ဪ. . . အိမ်ကြီးပေါ်ရောက်ရင် တကယ်ထူးဆန်း တာကို မြင်ရမယ်လို့ပြောတာပါ"

ကေရီနားမလည်သလို သူ့မျက်နှာကို ငေးကြည့်နေမိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟား . . သနားစရာလေးပဲ၊ ကဲ ကားပေါ်ကဆင်း တော့လေ"

အိမ်ကြီးရှေ့ပေါ်တီကိုအောက်တွင် ကားကိုထိုးရပ်ပြီး သူပြောလိုက်သည်။

သူ့အမူအရာတွေ တစ်မျိုးထူးခြားနေသည်ကိုကြည့်ပြီး သူမရင်ထဲမှာ ပူလောင်နေမိသည်။

သူနှင့်အတူ သူမကားပေါ်မှ ဆင်းလိုက်၏။

❋ ❋ ❋



# အခန်း(၂)

ကေရီကားပေါ်မှဆင်းလိုက်ပြီး အိမ်ကြီးကိုမော့ကြည့် လိုက်မိသည်။

**ဝသန္တ**

အိမ်ကြီးအဝင်ဝတွင် သစ်သားဆိုင်းဘုတ်ပြားအဟောင်း လေးတစ်ခုကို တွေ့လိုက်ရသည်။

သူတံခါးဝရှိ ဘဲလ်တီးနေစဉ် သူမကားကိုမှီရပ်ပြီးကြည့် နေသည်။

သူ့လုပ်ရပ်တွေက ပဟေဠိဆန်လွန်းလှသောကြောင့် သူမ နားမလည်နိုင်ပါ။

အိမ်ဖော်နှင့်တူသည့် ကောင်မလေးတစ်ယောက် တံခါး



www.burmeseclassic.com

www.burmeseclassic.com



လာဖွင့်သည်။

သူကသူမကို အိမ်ထဲဝင်ရန် လက်ဟန်ပြလိုက်၍ သူမ သူ့အနီးသို့ရောက်လာသည်။

"တိုက်ကြီးထဲရောက်ရင် ကိုကို့ကျောကိုထုပြီး မင်းငို လိမ့်မယ်"

ပြောပြီး သူကလှောင်ပြုံးဖြင့် သူမကိုစိုက်ကြည့်သည်။ ပြီးတော့ သူမလက်တစ်ဖက်ကိုဆုပ်ကိုင်ပြီး တိုက်ကြီးထဲ လာခဲ့၏။

"ဧည့်သည်ရောက်လာပါပြီ မာမီ"

အိမ်ဖော်မလေးက တိုက်ကြီးအတွင်းသို့ လှမ်းအော်လိုက် သောကြောင့် တိုက်ကြီးထဲမှအသက်ခြောက်ဆယ်ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦးထွက်လာသည်။

သူကား ဒေါ်လှလှပင်ဖြစ်သည်။

"ဒါ ကျွန်တော့်ဇနီး မြနှင်းဧကရီမေပါ အန်တီ၊ အဆ နေကောင်းတယ်နော်"

သူက ဧကရီနှင့်မိတ်ဆက်ပေးပြီး ပြောလိုက်သည်။

"ကျန်းမာ့လျက်ပါ"ဟု အဘွားကြီးက ရွဲ့ပြီးဖြေလို သည်။

သူတို့ဧည့်ခန်းထဲတွင်ရပ်နေစဉ် အိမ်အပေါ်ထပ်လှေကား ထစ်တွေပေါ်မှဆင်းလာသည့် လူတစ်ယောက်ကိုတွေ့လိုက်





သည်။

"ဟင်" —

ကမ္ဘာမြေကြီး အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားရပြီ ဟုတ်ပါလား...

"ဟင်... ဧကရီ... ဧကရီပါနော်"

မိုးယံဟိန်းဇေကို မမျှော်လင့်စွာတွေ့လိုက်ရသောကြောင့် အံ့ဩတုန်လှုပ်သွားမိသည်။

ဩော်... ဒါကြောင့် အကြောင်းရှာပြီး ကိုကိုက သည်တိုက်ဟောင်းကြီးရှိရာ ပြောင်းလာတာကိုး...

ခုမှပင် သူမသဘောပေါက်သွားသည်။

"ဧကရီ"

"ဟုတ်ပါတယ် ဧကရီပါပဲ"

သူမအံ့ဩတွေဝေနေရာမှ ပြောလိုက်သည်။

ကိုကိုက သူမလက်မောင်းတစ်ဖက်ကို ခပ်ဖိဖိလေး ဆုပ် ညှစ်ပစ်လိုက်၍ မျက်ခနဲခံစားလိုက်ရသည်။

သူမမျက်နှာလေး နီမြန်းသွားသည်။

"လောကကြီးကို ခဏမေ့သွားတာလား"

သူ့အသံက ဒေါသဖြင့်တုန်နေသည်ကို သူမသတိပြု လိုက်မိသည်။

"တစ်ချိန်တုန်းကတော့ မင်းတို့နှစ်ယောက်ကိစ္စရိပ်မောင်နှံ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးလို ဆုံစည်းခဲ့ကြမှာပေါ့. . . ”

ခနိုးခနဲ့သူ့အပြောကြောင့် နှစ်ယောက်လုံးဘာလုပ်ရမ[illegible] မသိလောက်အောင် ထူထူပူပူခံစားလိုက်ကြရသည်။

မိုးယံက လေ့ကားထစ်တွေကိုနင်းပြီး တစ်လှမ်းချ[illegible] ဆင်းလာသည်။

သူမအနီးရောက်တော့ သူမမျက်နှာကို တမ်းတနာတ[illegible] စွာကြည့်ပြီး. . .

“ကျွန်တော့်ကို လာတွေ့တာလား ဇေကရီ”ဟု မေးသည[illegible]

“အို. . . မဟုတ်ဘူး၊ မဟုတ်ဘူး”

သူမအထိတ်တလန့်အော်လိုက်သံကြောင့် မိုးယံလန့်သွ[illegible] သလို ကိုယ်ကိုမတ်လိုက်၏။

“ဒီမှာ မိုးယံ”

ကိုကိုက ခါးထောက်ပြီး သူ့ကိုအကြည့်စူးစူးဖြင့် ကြ[illegible] သည်။

“ဒါငါ့ဇနီးပဲ. . . အခုဒီအိမ်ကြီးပေါ်မှာနေဖို့ ငါပြန်လာ[illegible] ခဲ့တာ နားလည်လား”

မိုးယံမျက်နှာတစ်ခုလုံး နီမြန်းသွားပြီး အံ့ဩမယုံနိုင်လ[illegible] စွာ သူမကိုလှမ်းကြည့်လိုက်၏။

သူ့နှလုံးသားတစ်ခုလုံး ဆတ်ဆတ်ခါနာကျင်သွား[illegible] မဟုတ်ပါလား. . .





တကယ်တော့ သူရန်ကုန်မြေသို့ ပြန်ရောက်လာခြင်းမှာ [illegible]ဇေကရီနှင့်ပြန်လည်တွေ့ဆုံရန် ရည်ရွယ်ပြီး ပြန်လာခဲ့ခြင်းပင်။

ဇေကရီ့ကို တောင်းပန်ရမည်. . . ပြီးတော့ လက်ထပ်ကြ [illegible]ည်ဟု သူဆုံးဖြတ်ခဲ့သည်။

ခုတော့ သူဆုံးဖြတ်ချက်တွေ ပျောက်ဆုံးလွင့်ပါးခဲ့ရပြီ။

“ဇေကရီ. . . ကိုကိုပြောနေတာတွေ တကယ်ပဲလားဟင်”

သူ့အသံက အက်ကွဲတုန်ယင်ပြီး မျက်ဝန်းနှစ်ဖက်မှာ [illegible]ရိမ်မှု၊ ဆုံးရှုံးမှုဝေဒနာတွေ ပြည့်လျှံနေ၏။

“ဇေကရီ”

“ရှင်”

“လုပ်ရက်လိုက်တာ ချစ်ရယ်၊ မောင်ကတော့ ချစ်နဲ့ [illegible]လက်ထပ်ဖို့ပြန်လာခဲ့တာပါ၊ ရောက်တဲ့နေ့ကစပြီး ဇေကရီ့ကို ရှာ [illegible]ခဲ့တယ်၊ ဒါပေမယ့် ဇေကရီပေးထားတဲ့လိပ်စာက ပြောင်းသွား [illegible]ဆိုတော့ ရှာမတွေ့ခဲ့ဘူး”

သူ့အသံမှာ နာကျင်ကြေကွဲမှုတွေ ဖုံးလွှမ်းနေ၏။

“ဒီမှာ မိုးယံ၊ မင်းရန်ကုန်ပြန်ရောက်လာပြီး ဇေကရီ့ကို [illegible]နေတဲ့အချိန်မှာ တို့နှစ်ယောက်လက်ထပ်ပြီးကြပြီကွ နားလည် [illegible]”

သူ့အသံ ဒေါသဖြင့်မာထန်နေ၏။

ဒေါ်လှလှက သူတို့ပြောနေတာတွေကို တအံ့တသြ နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်နေရာမှ သူ့သားအတွက် ရင်ထုမနာဖြစ်ပြီး. . .

"ဘယ်လိုလဲ မိုးယံ၊ မင်းချစ်သူဆိုတာ ဒီမိန်းကလေးလား ဇင်ယော်စိုးနဲ့ပတ်သက်နေတဲ့သူကို မင်းမို့စိတ်ကူးတယ်" ဟု ဝင်ပြောလိုက်၏။

"ဒါအန်တီဝင်ပြောစရာမလိုပါဘူး၊ ကျွန်တော်က ကေရီ အချစ်ဦးပဲ၊ မိုးယံနဲ့နောက်မှတွေ့တာပါ၊ ဟုတ်တယ်မဟုတ်လား ပြောလိုက်စမ်း ကေရီ"

ကေရီဘာလုပ်ရမှန်းမသိဘဲ အခက်တွေ့ပြီး ရင်ထဲမှာ တင်းကြပ်ရှုပ်ထွေးလာတော့၏။

"ကျွန်တော် ဒီလိုသာသိခဲ့ရင် ရန်ကုန်ပြန်မလာခဲ့ ဘူး ကိုကို၊ အားလုံးအတွက် စိတ်မကောင်းပါဘူး"

မိုးယံ စိတ်ထိခိုက်နာကျင်စွာ ပြောနေသည်။

"အေးအေးဆေးဆေးတော့ မင်းတို့နှစ်ယောက်အကြောင်း ငါ့ကိုပြောပြကြဦးပေါ့၊ မင်းတို့ရင်ခုန်ခဲ့ဖူးတဲ့ဇာတ်လမ်းလေး ငါ ဝိုင်းကူပြီး ခံစားပေးနိုင်အောင်လို့"

သူ့မျက်နှာကို ကေရီအံ့သြထိတ်လန့်စွာ ကြည့်နေ သည်။

သူသည်လို ဘာကြောင့်များပြောနေတာပါလိမ့်. . .

တကယ်ဆို သည်လောက်မပြောသင့်ဟု နားလည်သ သည်။





"အိုကွယ်. . . မင်းပြောနေဆိုနေပုံတွေက နားထဲမှာ အဆင်မပြေပါဘူး၊ ကလေးဆန်လွန်းမနေဘူးလား၊ ဒီမှာ သား၊ ဇင်ယော်စိုးနဲ့ ဘာမှဖက်ပြိုင်ပြောနေစရာမလိုဘူး၊ ကိုယ့်အခန်း ထဲ ကိုယ်သွား"

ဒေါ်လှလှက ထင်တာထက်ပိုပြီး စွာသူပင်။

မိုးယံကို နည်းနည်းမှထိ၍မရပေ။

ဇင်ယော်စိုးမထီတရီအမူအရာဖြင့် လှောင်ပြုံးပြုံးလိုက် သည်။

"အဟင်း ဟင်း၊ အန်တီက အရင်တုန်းကလိုပဲနော်၊ မိုးယံအပေါ် ချုပ်ကိုင်ထားတုန်းပဲလား"

"မင်းဒီကိုလာတာ ဒါတွေပြောဖို့လား"

"မှန်သင့်သလောက်မှန်လိမ့်မယ်"

သူ့အသံက ခပ်ပြတ်ပြတ်။

"အံ့ရောကွယ်၊ ဒီအချိန်ကျမှ ကလဲ့စားချေဖို့ ပြန်လာရ တယ်လို့"

ဒေါ်လှလှပြောပြီး ဧည့်ခန်းထဲရှိကုလားထိုင်ဟောင်း တစ်လုံးပေါ် ထိုင်ချလိုက်သည်။

သူက ဒေါ်လှလှကိုအရေးမစိုက်ဘဲ ကေရီ့လက်ကို ဆွဲ၍အပေါ်ထပ်သို့ တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

တိုက်ကြီးအပေါ် ထပ်ရောက်တော့ အခန်းတစ်ခန်း
သူသော့လှည့်ဖွင့်လိုက်၏။

အသက်ခြောက်ဆယ်နီးပါးအရွယ်ရှိ အိမ်ဖော်အ
သမီးကြီးတစ်ဦး သူ့အနီးမှာလာရပ်ပြီး ပြောလေသည်။

"လူကလေးပြန်လာမယ်ကြားလို့ ဒေါ်ကြီးညိုအခန်းရှင်
ထားပါတယ်"

ဒေါ်ကြီးညိုက သူ့မိခင်ရှိစဉ်ကတည်းက အလုပ်လုပ်
သည့်အိမ်ဖော်အမျိုးသမီးကြီးဖြစ်ပြီး သည်တိုက်ကြီးထဲမှာ
သူ့ဘဝကိုမြုပ်နှံထားသူရယ်ပါ။

"နေကောင်းတယ်နော် ဒေါ်ကြီးညို၊ ကျွန်တော့်ဒရိုင်ဘာ
လစဉ်ငွေမှန်မှန်လာပို့ရဲ့လား"





"ပို့ပါတယ်ကွယ်၊ ကျေးဇူးတင်ပါတွယ် လူလေး၊ လူလေး
အားဇူးကြောင့် ဒေါ်ကြီးညို မပူမပင်သုံးစွဲနိုင်တာပါ"

သူက နွမ်းပါးသောဒေါ်ကြီးညိုအတွက် လစဉ်ထောက်ပံ့
လေသည်။

"လိုအပ်တာရှိရင်ပြောနော်၊ လူလေးမိန်းမက သိပ်လှတာ
တွယ်၊ ခိုင်းစရာရှိရင် ဒေါ်ကြီးညိုကို လှမ်းခေါ်လိုက်နော်
နိုးတလေး"

"ကောင်းပါပြီ ဒေါ်ကြီးညို"

ဒေါ်ညိုအခန်းရှေ့မှ ထွက်ခွာသွားလေသည်။

သူက အခန်းထဲရှိခုတင်ဘေးတွင် သေတ္တာကိုပစ်ချ
လိုက်ပြီး သူ့မကိုယ်လေးကို ပခုံးနှစ်ဖက်မှဆုပ်ကိုင်ပြီး ထိုင်စေ
လိုက်သည်။

"မင်းသားနဲ့မင်းသမီး ပြန်ဆုံကြတဲ့ဇာတ်ဝင်ခန်းက
ည်လို့ကောင်းတယ်ကွာ သိလား"

"ဒီမှာ ဦးဇင်ယော်စိုး"

"အံမာ အခေါ်အဝေါ်တွေပြောင်းသွားပါလား"

"တကယ်ဆို ကျွန်မကိုရှင် ဒီနေရာခေါ်မလာသင့်ဘူး
တာ နားလည်သင့်တယ်"

"ခေါ်လာတော့ ဘာဖြစ်လဲ"

"ရှင်တမင်သက်သက်ခေါ်လာတာ မဟုတ်လား၊ ရှင့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်က ဘာအဓိပ္ပါယ်ရှိလို့လဲ"

သူမစိတ်ဆိုးဆိုးဖြင့် ရန်တွေ့နေမိ၏။

"မင်းရဲ့ချစ်သူဟောင်းမိုးယံနဲ့ပြန်တွေ့စေချင်လို့ပေ သူကိုမင်း လွမ်းနေတယ်မဟုတ်လား"

"ရှင်သဝန်ကြောင်ပြီး မဟုတ်တာတွေ ပြောမနေနဲ့"

"မင်းရဲ့ဒိုင်ယာရီကို ကျုပ်ဖတ်ပြီးပြီ၊ မိုးယံအကြောင်း ရေးထားတာတွေလေ၊ ဘာတဲ့. . ဟား ဟား. . လူတူမရှာ နာမည်တူမရှား သိပ်သတိရတာပဲ မိုးယံရယ်တဲ့. . . ကျုပ် အလွတ်ရနေပြီ"

သူ့စကားကြောင့် သူမတုန်လှုပ်ချောက်ချားပြီး သူ့ မုန်းတီးနာကြည်းစွာ ကြည့်လိုက်မိ၏။

"ရှင်. . . ရှင် ဘယ်လိုလူလဲ၊ ရှင်လူကြီးလူကောင်း တစ်ယောက်ဖြစ်ပြီး သူများကိုယ်ရေးကိုယ်တာကိစ္စတွေ ခိုး ကြောင်ခိုးဝှက်ဖတ်သလား"

"မင်းက ငါ့မိန်းမပဲ၊ ငါ့မိန်းမအကြောင်း ငါသိချင်လို့ ဖတ်တာ ဘာဖြစ်လဲ"

"ကျွန်မဒီအိမ်မှာ မနေဘူး၊ မေမေတို့အိမ်ပြန်တော့မယ်"

"မင်းပြန်ချင်တိုင်း ပြန်လို့မရဘူး၊ ငါထားတဲ့နေရာမှာ နေရမယ်"

"ဒီအိမ်မှာနေဖို့ မဖြစ်နိုင်ဘူး၊ ကျွန်မကို သူနဲ့ရှင် စွပ်စွဲ

နေမှာပေါ့၊ ကျွန်မသွားမယ်"

"မင်းက သူ့ကိုရင်မဆိုင်ရဲဘူးပေါ့ ဟုတ်လား၊ အဲဒီ ကောင်ရဲ့နှလုံးသားထဲမှာ ဧကရီဆိုတာရှိနေတုန်းပဲ၊ ဒါကြောင့် ငါပြန်လာတာကွ နားလည်လား"

သူ့မျက်နှာကား အံ့ဩထိတ်လန့်ဖွယ်ကောင်းလောက် အောင် ခက်ထန်မာကျောနေသည်။

"ဒါဖြင့် ရှင်ကျွန်မကိုမချစ်ဘဲ အငြိုးအတေးတွေနဲ့ အပိုင် သိမ်းပိုက်ခဲ့တာပေါ့ ဟုတ်လား"

သူရုတ်တရက်မဖြေဘဲတွေဝေနေပြီးမှ. . .

"မင်းကိုသိပ်မြတ်နိုးခဲ့တယ်လို့ အကြိမ်ကြိမ်ပြောခဲ့ဖူးပါ တယ်"

"မယုံဘူး၊ ကျွန်မမယုံတော့ဘူး"

သူမရင်ထုမနာပြောလိုက်မိပြီး မျက်နှာကိုလက်ဝါးဖြင့် အုပ်၍ငိုချလိုက်သည်။

"နေပါဦး ဘာကိစ္စမျက်ရည်ကျရတာလဲ"

"ရှင့်လုပ်ရပ်တွေက ပြင်းထန်လွန်းလို့ ကျွန်မရှူးချင်နေ ပြီ ဦးဇင်ယော်စိုး"

"ငါက မင်းရဲ့ချစ်ဦးသူလေ၊ ကိုယ်တို့နှစ်ဦးဘယ်လောက် ချစ်ကြတယ်ဆိုတာ မိုးယံသိစေချင်လို့"

"အို. . . တော်ပါတော့၊ ကလေးကလား စကားတွေ







www.burmeseclassic.com

www.burmeseclassic.com



မကြားပါရစေနဲ့တော့၊ ဒီအိမ်မှာ ကျွန်မတစ်စက္ကန့် တစ်မိနစ်တောင် မနေချင်ဘူး ဦးဇင်ယော်"

"သူနဲ့မင်း ဘာမှမသက်ဆိုင်တော့ဘူး၊ မင်းဟာ ကျော်ရဲ့ဇနီးပဲ၊ အဲဒီအသိနဲ့နေရမယ်"

"ကျွန်မကို သွားခွင့်ပြုပါ"

"ပြောမရရင် မင်းနာမယ်နော်၊ ငါ့ကိုသိပ်ဖီလာဆန့်ကျင်လုပ်မနေနဲ့၊ စိတ်မရှည်ဘူး"

သူကပြောပြောဆိုဆို သူမလက်မောင်းနှစ်ဖက်ကို ဆွဲကိုင်လှုပ်ရမ်းနေသောကြောင့် သူမအရုပ်တစ်ရုပ်လို သူ့လက်ထဲမှာ ယိမ်းထိုးနေတော့၏။

"ဒီဝသန္တဆိုတဲ့ ခြံကျယ်ကြီးနဲ့တိုက်ကြီးကို ငါပိုင်တယ်ကွ နားလည်လား၊ မိုးယံတို့သားအမိနဲ့ ဘာမှမဆိုင်ဘူး၊ ဒီအိမ်ရဲ့အရှင်သခင်မဟာ မင်းပဲ"

သူမောက်မာစွာ ပြောနေသည်။

"အို . . . ဒါတွေ ကျွန်မစိတ်မဝင်စားဘူး"

"ကျုပ်ကိုရော စိတ်ဝင်စားသလား"

"ရှင်အပိုတွေ မေးနေပြောနေတာ ဘာအဓိပ္ပါယ်ရှိလို့လဲ"

သူ့လက်ကြမ်းကြီးတွေက သူမကျောပြင်အနှံ့ကျရောက်လာပြီးနောက် သူ့ရင်ခွင်ထဲမှာ သူမလဲကျသွားတော့၏။

"ပြောစမ်း ကိုကို့ကိုချစ်တယ်လို့"





အတင်းအကြပ်တောင်းဆိုနေသည့် သူ့အသံက မချိတင်ကဲဖြစ်နေမှန်း သိသာလွန်းသည်။

သူဟာ အင်မတန်ကြမ်းတမ်းခက်ထန်ပြီး သဝန်ကြောင်လွန်းတဲ့လူတစ်ယောက်ပါလား . . .

သူ့ကိုချစ်နေတာအမှန်ဖြစ်ပေမယ့် သူ့အပြုအမူအပြောအဆိုတွေကို နာကြည်းမုန်းတီးသဖြင့် သူကျေနပ်အောင် သူမ ယိုက်လိုက်လျောလျော မပြောဖြစ်တော့ပေ။

"မနက်ဖြန် ငါအလုပ်သွားရင် မင်းဒီအခန်းထဲမှာ နေခဲ့ရမယ်၊ ငါ့ခွင့်ပြုချက်မရဘဲ ဘယ်ကိုမှထွက်မပြေးရဘူး ဒါပဲ"

သူမရင်ထဲမှာ စူးရှနာကျင်ပြီး နှလုံးသားတစ်ခုလုံး ဆွဲခြဆုပ်ညှစ်တာခံနေရသလို အက်ကွဲလာသည်။

ပူနွေးသည့်မျက်ရည်တွေက ပါးပြင်နှစ်ဖက်ပေါ် သို့ လိမ့်ဆင်းကျလာ၏။

တကယ်တော့ သူမနှလုံးသားထဲမှာ စွဲစွဲလမ်းလမ်းတမ်းတမ်းတတချစ်ခဲ့ရသူမှာ ကိုကိုသာလျှင်ဖြစ်ခဲ့သည်မဟုတ်ပါလား . . .

သို့သော် မာနကြောင့် သူမသိုဝှက်ထားခဲ့မိ၏။

ခုမှဖွင့်ဟပြောမည်ဆိုပါလျှင် . . .

သူယုံနိုင်ပါတော့မလား . . . မယုံနိုင်တော့ဘူး ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဧကရီအချစ်ဆုံးဟာ ကိုကိုပါပဲ ကိုကို ရယ်. . . ကိုကိုနဲ့ပြန်လည်ဆုံစည်းခွင့်ရဖို့ မျှော်လင့်ချက်နဲ့ ကျွန်မပြန်လာခဲ့တာပါ. . .

ပြန်လည်ဆုံစည်းခဲ့ကြတဲ့အချိန်မှာ ကိုကိုက ကျွန်မကို စိမ်းကားစွာ ဆက်ဆံခဲ့တယ်. . .

ကျွန်မနဲ့လက်ထပ်ဖို့ကိစ္စအတွက် ကျွန်မနဲ့မဆွေးနွေး တော့ဘူး. . .

ကျွန်မမိဘတွေနဲ့အစ်ကို့ကို အပိုင်ချဉ်းကပ်ခဲ့ပြီး ကျွန်မ ကို အမိအရလက်ထပ်ခဲ့တယ်နော်. . . ကိုကို့လုပ်ရပ်တွေဟာ သိပ်ရက်စက်လွန်းလှပါတယ်. . . ဒါပေမယ့် ကျွန်မရင်ထဲက မမုန်းတီးခဲ့ပါဘူး. . .

ခုတော့ ကိုကိုက မိုးယံရှိနေတဲ့အိမ်ကြီးဆီ ကျွန်မကို ခေါ်လာခဲ့ပြန်တယ်. . .

"မင်းဘာတွေစဉ်းစားနေတာလဲ ပြောစမ်း. . . ပြော စမ်း"

သူမကိုယ်လေးကို လှုပ်ရမ်းပြီး သူထပ်ကာတလဲလဲ မေး နေသော်လည်း သူမပြန်ဖြေနိုင်စွမ်းမရှိတော့ပါ. . .

နှလုံးသားထဲမှာ နာကျင်သည်ထက် နာကျင်လာမိသည်။

❀ ❀ ❀





# အခန်း(၄)

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးခေါက်သံကြောင့် သူမဝမ်းသာသွားပြီး တံခါးချက် ဖြုတ်လိုက်သည်။

"ဟင်. . ."

ဒေါ်လှလှကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် ငြိုသွားမိ၏။

မနက်စောစော သူအလုပ်သွားသည့်အချိန်မှစ၍ သူမ အခန်းအောင်းနေခဲ့ခြင်းပါ။

ဗိုက်ထဲတွင် ဂွီဂွီမြည်အောင်ဆာလောင်မွတ်သိပ်နေ သော်လည်း အခန်းထဲမှမထွက်ဝံ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက အိမ်မှထွက်သွားကာနီး မှာခဲ့သည်။

နေ့လယ် ကိုကိုတစ်ခေါက်ပြန်လာခဲ့မယ်ကွ၊ နှစ်ယော
အိပ်ခုတင်လှလှတစ်လုံးနဲ့ မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထော
စောင်တွေအသစ်တစ်စုံထပ်ဝယ်လာခဲ့မယ်၊ ငါပြန် မလာမခ
မင်းဒီအခန်းထဲက မထွက်ရဘူး နားလည် လား. . .

နေ့လယ်စာစားရန် အချိန်ရောက်နေပြီဖြစ်သော်လည
သူပြန်မရောက်သေးသဖြင့် သူမမျှော်နေခြင်းဖြစ်သည်။

"အခန်းထဲဝင်ခဲ့လို့ ရမလား"

"ဪ. . . ရပါတယ် အန်တီ"

သူမမျက်နှာချိုချိုဖြင့် ပြောလေသည်။

"ထိုင်ပါ အန်တီ"

အခန်းထဲရှိ ဆိုဖာဆက်တီဟောင်းတစ်လုံးတွင်ထိုင်
သူမညွှန်ပြလိုက်၏။

ဒေါ်လှလှက ဆိုဖာတစ်လုံးတွင်ဝင်ထိုင်လိုက်ပြီး သူ
အကဲခတ်ကြည့်နေသည်။ ပြီးမှ. . .

"သမီးက မောင်ဇင်ယော်စိုးနဲ့ဘယ်တုန်းက လက်
လိုက်တာလဲ၊ အန်တီက သတင်းစာမဖတ်ဖြစ်တာကြ
ဒါကြောင့် မသိလိုက်ပါဘူးကွယ်"

"နှစ်ပတ်ကျော်. . သုံးပတ်လောက်ရှိပြီဆိုပါတော့. . .
အန်တီ"





"သမီးက သိပ်လှပြီး ဆွဲဆောင်မှုသိပ်ရှိတဲ့မိန်းကလေးပဲ၊
သမီးလေးနဲ့အန်တီ့သားမိုးယံတို့ လွဲသွားခဲ့ရတဲ့အတွက် စိတ်
ကောင်းဖြစ်မိတယ်ကွယ်၊ တကယ်ပါ"

"ရှင်"

ဒေါ်လှလှစကားကြောင့် သူမအံ့ဩပြီး ဘာပြောရမှန်း
သိလောက်အောင် ထူပူသွားသည်။

"သားလေးကပြောပြလို့ အားလုံးသိပြီးပါပြီကွယ်"

"ဟုတ်ကဲ့. . . ဒီအကြောင်းတွေ မပြောပါနဲ့တော့ အန်တီ
ယ်၊ ကိုကိုပြန်လာတော့မှာ"

သူမထိတ်လန့်စွာ တောင်းပန်လိုက်မိ၏။

"မောင်ဇင်ယော်စိုးကို လက်ထပ်လိုက်တယ်ဆိုတော့
မီးက သူ့အကြောင်းဘယ်လောက်သိထားလို့လဲကွယ်"

"ရှင်"

"ဒီလိုပါ၊ သူ့အကြောင်းတော်တော်များများသိထားသင့်
ယ်ထင်လို့ပါ။ သူက သမီးနဲ့ချစ်ခဲ့တယ်လို့ပြောခဲ့တာ တကယ်
ား"

"ဟုတ်. . . ဟုတ်ပါတယ် အန်တီ၊ ကိုကို့အကြောင်းတွေ
ဖြစ်နေလို့လဲ ပြောပါဦး"

"သမီးသိထားတာတွေ အရင်ပြောလေ"

"ဟုတ်ကဲ့၊ ကျွန်မသိထားတာကတော့ ဦးဇင်ယော်စိုးဟာ



www.burmeseclassic.com

www.burmeseclassic.com



တိကျပြတ်သားတယ်၊ မာနကြီးတယ်၊ အလုပ်ကြိုးစားတယ်
မရှုပ်ပွေဘူး၊ လူပျို့လူလွတ်ဆိုတဲ့ဂုဏ်နဲ့အနေတည်ခဲ့တဲ့ သူ…
တစ်ယောက်ပါ"

ကေရီ့စကားကြောင့် ဒေါ်လှလှအားပါးတရပြုံးလိုက်…
သည်။ ပြီးတော့ မသိမသာမဲ့လိုက်၏။

သက်ပြင်းလည်း ရှိုက်နေသည်။

"သားကြီးက စိတ်လည်းထက်တယ်၊ အစွဲအလမ်းကြီး…
တယ်၊ စိတ်မှတ်လည်းကြီးတာပဲ၊ သားငယ်နဲ့သမီးချစ်သူ…
ဖြစ်ခဲ့ဖူးလို့ သူမကျေမနပ်ဖြစ်နေတာ"

"ဒီအကြောင်းတွေကို ပြန်ပြောနေဖို့ မသင့်တော်ပါဘူး
အန်တီ"

"ဟုတ်လား၊ အန်တီကတော့ သမီးသိအောင်ရင်ဖွင့်…
လို့ပါ၊ သားငယ်အပေါ် အငြိုးအတေးတွေနဲ့ သူတစ်သက်…
ပြန်မလာချင်တော့ဘူးဆိုတဲ့ ဒီအိမ်ကြီးဆီကို ပြန်လာတာ
ကွယ်"

"ကဲပါ အန်တီ၊ ပြောစရာကုန်ရင် သွားပါတော့…
ကိုကိုပြန်လာရင် ကျွန်မကိုဆူလိမ့်မယ်"

သူမတောင်းပန်လိုက်၏။

"ကောင်းပြီလေ၊ မပြောတော့ပါဘူး၊ ကဲ . . . နေ့လယ်…
စားဖို့ အချိန်လွန်နေပြီ၊ သွားကြစို့"





"ကျွန်မ . . . မဆာသေးပါဘူး အန်တီ"

သူမဆာနေလျက်နှင့် ငြင်းလိုက်ခြင်းပါ။

"ဘယ်နဲ့ဒီအချိန်ကြီး ထမင်းမဆာသေးဘူးလို့ မိန်းက
…ေးရယ်၊ ဇင်ယော်စိုးကမှာထားခဲ့သလား၊ အပြင်မထွက်ရ
…လို့"

သူမဘာမှမဖြေဘဲ စိတ်ရှုပ်ထွေးစွာ ငိုင်နေမိ၏။

"ဒါဖြင့် သည်အခန်းထဲ ထမင်းပို့ခိုင်းလိုက်ရမလား ပြော"

"ကိစ္စမရှိပါဘူး အန်တီ၊ ကိုကိုပြန်လာမှပဲ စားတော့မယ်
…"

"အင်း . . . မင်းကြည့်ရတာ ဇင်ယော်စိုးကို အတော်
…ကြောက်ရွံ့လေးစားရတဲ့အခြေအနေပါလားကွယ်၊ ကဲ . . . ကဲ
…န်တီသွားမယ် သမီး"

သူမစိတ်ရှုပ်ထွေးစွာဖြင့် ခုတင်ပေါ် ပစ်လှဲချလိုက်မိသည်။

"ဟိတ် ချာတိတ်"

သူ့အခန်းထဲ ရုတ်တရက်ဝင်လာသောကြောင့် သူမ
…ပြီး ထထိုင်လိုက်သည်။

"မျက်နှာလည်း မကောင်းပါလား၊ ဘာလဲ ကိုကို့ကို စောင့်
…တာကြာလို့လား"

"အင်း"

"ကိုကိုပစ္စည်းတွေဝယ်နေလို့ပါကွာ၊ အလုပ်သမားတွေ



www.burmeseclassic.com

www.burmeseclassic.com



ခုတင်နဲ့မွေ့ရာတွေ သယ်လာပြီ၊ လာ သွားကြည့်ရအောင်

သူမနဖူးပြင်ကို နမ်းရှိုက်ပြီးပြောနေရာမှ သူမလက်ဖ ဖက်ကို အသာဆုပ်ကိုင်ပြီး အခန်းထဲမှထွက်လာခဲ့ကြ၏။

လှေကားထစ်တွေပေါ် နင်းဖြတ်ပြီးဆင်းလာခဲ့ကြ အောက်ထပ်ဧည့်ခန်းကျယ်ကြီးထဲတွင်ထိုင်ပြီး တီဗီကြည့် သည့် မိုးယံကိုလှမ်းတွေ့လိုက်ရသည်။

မိုးယံကမော့အကြည့် သူမနှင့်မိုးယံတို့နှစ်ဦး မျက် ချင်းဆုံသွားကြသည်။

သူမမျက်လုံးတွေ လွှဲဖယ်ပစ်လိုက်သော်လည်း ယော်စိုးက သူမနှင့်မိုးယံအကြည့်ချင်းဆုံသွားကြတာကို မြင်တွေ့သွားသည်။

မိုးယံမျက်နှာလွှဲသွားသည်။ သို့သော် ကိုကိုက မကျေ

"ဟော့ မိုးယံ၊ ကိုယ်တို့ဒီအိမ်ကြီးပေါ် ပြောင်းလာပြီ တော့ အိပ်စရာမွေ့ရာလိုတယ်ကွ၊ ဒါကြောင့် အကောင်း အိပ်ရာခန်းနားတွေ ကိုယ်ဝယ်လာပြီလေ၊ စုစုပေါင်း ကု စရိတ်က ဆယ်သိန်းကျော်တယ် ဟား ဟား"

မိုးယံကြားအောင် အော်ပြောပြီး တမင်ကြွားလုံး နေသည့် သူ့ကိုသူမစိတ်အတော်ဆိုးနေမိသော်လည်း





မပြောဝံ့ပေ။

အိမ်အပေါ်ထပ်သို့ သယ်ယူသွားသည့် မွေ့ရာ၊ ခြင် ထောင်၊ စောင်နှင့်ခေါင်းအုံးအကောင်းစားများကို ငေးကြည့် ပြီး မိုးယံမျက်စိမျက်နှာမထားတတ်အောင်ဖြစ်နေသည် မဟုတ် ပါလား. . .

ဒေါ်လှလှကတော့ ကြိတ်ပြီးမျက်စောင်းခဲနေသည်။

www.burmeseclassic.com

# အခန်း(၅)

ကျယ်ဝန်းသောခြံကျယ်ကြီးထဲတွင် မိုးယံတစ်ယောက်တည်း လမ်းလျှောက်နေမိသည်။

ခြံကျယ်ကြီးထဲတွင် စိန်ပန်းနှင့်ကုံ့ကော်ပင်ကြီးများအုံ့ဆိုင်းနေကြပြီး ထိုအပင်ကြီးများ၏ပင်စည်တွင် ဖယောင်းပန်းအချို့ကပ်လျက်ပွင့်နေကြ၏။

သစ်ခွရုံလေးရှိရာဘက် သူလျှောက်လာခဲ့ပြီး ကြည့်နေမိသည်။

တစ်ချိန်က သူနိုင်ငံခြားတွင် အလုပ်သွားရောက်မလုပ်ခင်အချိန်များကဆိုလျှင် ထိုသစ်ခွရုံလေးတစ်ခုလုံး သစ်ခွရောင်စုံများ ဖူးပွင့်လျက်ရှိ၏။

ခုတော့ သစ်ခွပန်းအချို့သာ ကျန်ရှိတော့သည်မဟုတ်





ပါလား. . .

သူ့မိခင်က အသက်အရွယ်ရလာပြီမို့ သစ်ခွပန်းများကို မပြုစုနိုင်တော့ပေ။

သူသည် သစ်ခွပန်းများကို ငေးကြည့်ရင်းအတိတ်မှအကြောင်းအရာအချို့ကို သတိရနေမိသည်။

- - - "မေက သစ်ခွဆိုအဖြူရောင်မှ ကြိုက်တာလေ၊ ကိုမိုးယံပေးတဲ့သစ်ခွက ခရမ်းရောင်ဆိုတော့ မေမကြိုက်ဘူး"

- - -"နောက်နေ့တွေမှာ မေကြိုက်တဲ့. . . အဖြူရောင်သစ်ခွလေးတွေပဲ ပေးမယ်နော် မေ. . . "

စက်ဘ်ပူတွင် မေနှင့်ဆုံခဲ့ကြပြီး ချစ်သူတွေဖြစ်ခဲ့စဉ်က မေ့အတွက်အဖြူရောင်သစ်ခွပွင့်များ နေ့စဉ်ပေးခဲ့ရလေသည်။

"ကျွန်တော်က သစ်ခွကြိုက်တယ်၊ ရန်ကုန်ခြံကြီးမှာ သစ်ခွရုံလေးဆောက်ထားတယ် မေ၊ ဒါပေမယ့် အလှဆုံးသစ်ပွင့်ကိုပဲ ပန်စေချင်တယ်၊ မိန်းမကောင်းပန်းပန်တစ်ပွင့်ပန်တဲ့ ဟုတ်ဘူးလား မေ"

သူမဆုံကေသာတွင် သစ်ခွအဖြူရောင်ပွင့်လေး ပန်ဆင်ပေးရင်း သူပြောခဲ့တာပြန်လည်သတိရနေမိသည်။

"မောင်က စက်ဘ်ပူကနေ L.A ကိုကူးဖို့စီစဉ်နေတယ် မေ၊ LA မှာမောင့်မေမေရဲ့အစ်ကိုရှိတယ်၊ အဲဒီမှာ အခြေအပိုင်နေတော့မယ်လို့ စိတ်ကူးထားတာ၊ မေလည်း မောင်နဲ့လက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီးရင် တစ်ခါတည်းအပြီးလိုက်ခဲ့ရမယ်နော် မေ"

"မေ. . . အင်း. . . စဉ်းစားဦးမယ်၊ ကျွန်မက ကိုယ့်တိုင်း ပြည်ချစ်စိတ်ကြီးတယ်ရှင့်၊ သူများတိုင်းပြည်မှာ လာနေရတာ မပျော်ပါဘူး၊ ခဏတာပဲ ကောင်းပါတယ်"

"တကယ်ပြောနေတာလား မေရယ်"

"တကယ်ပေါ့၊ အခုစက်ာပူမှာ ကျွန်မကျောင်းလာတက် နေတာ၊ ကျောင်းပြီးရင် ရန်ကုန်ပြန်တော့မယ်"

"မောင်က L.A သွားမှာဆိုတော့ မောင်တို့နှစ်ယောက် ဝေးကြရတော့မှာလား"

"ဝေးကြရမှာပေါ့"ဟု မေက အလေးအနက်မထားသလို ပြန်ပြောခဲ့သည်။

သည့်နောက်ပိုင်းမှာတော့ မေက သူ့အစ်ကို၊ မိဘများ နှင့်အတူ ရန်ကုန်သို့ပြန်သွားခဲ့ပြီး သူကကျန်ရစ်ခဲ့သည်။

L.A သို့ သူမသွားဖြစ်တော့ဘဲ ရန်ကုန်သို့ပြန်လာခဲ့ပြီး သူမနှင့်တွေ့ဆုံရန် ကြိုးစားခဲ့သည်။

သူမပေးထားခဲ့သည့်လိပ်စာအတိုင်း သူသွားရောက် သော်လည်း ထိုတိုက်ခန်းတွင် သူမတို့မနေထိုင်တော့ကြောင်း နှင့် သုံးနှစ်ကျော်ကြာခဲ့ပြီဖြစ်ကြောင်းသိခဲ့ရ၏။

သူမစက်ာပူသို့ ရောက်မလာမီနေထိုင်ခဲ့သည့်တိုက်ခန်း ဖြစ်နေသည်။



သည်လိုနှင့် သူမကိုရှာဖွေရင်း နေ့တွေတစ်ရက်ပြီး တစ် ရက်ကုန်ဆုံးခဲ့၏။

တွေ့မယ့်တွေ့တော့ သူမက သူ့ကိုကိုနှင့်အတူ အိမ်သို့ တိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့သည် မဟုတ်ပါလား. . .

ကားတစ်စီးခြံထဲကွေ့ဝင်လာပြီး ကားတံခါးဖွင့်သံ၊ ပြီး သော့ ကားပေါ်မှ ဇင်ယော်စိုးဆင်းလာသည်။

သူက အပြာနုရောင်ဘောင်းဘီရှည်ကို ရှပ်လက်တိုအဝါ နှင့်တွဲဝတ်ထားသည်။

ကားသော့ကို ဟန်ပါပါလွှဲကိုင်နေရာမှ ဘောင်းဘီအိတ် ထဲထည့်လိုက်ပြီး ဟန်းဖုန်းကိုဖွင့်လိုက်၏။

"ဟဲလို. . . ပလိစ် ဧကရီ"

"- - - - - - -"

"ဟုတ်တယ်၊ ကိုကိုပြန်ရောက်နေပြီ၊ ညနေစာစားဖို့ dining room ကို မင်းလာခဲ့. . ."

တစ်ဖက်မှပြန်ပြောသံကိုနားစွင့်ပြီး ဖုန်းပိတ်လိုက်သည်။ တော့ မိုးယံအနီးသို့လျှောက်လာသည်။

"ဟော့ကောင် မိုးယံ"

"ဘာကိစ္စရှိလို့လဲ ကိုကို"

"ကိစ္စရှိမှပြောရမှာလားကွ မိုးယံ၊ မင်းပုံစံက အိမ်မျိုး လား၊ ဘာလဲ ဘဝင်မြင့်နေပြီလား"

www.burmeseclassic.com



"ဒီလိုမဟုတ်ပါဘူး ခင်ဗျာ"

"ဒီနေ့ညနေစာအတွက် ငါဝယ်လာခဲ့တယ်ကွ၊ ဘဲ[illegible] ခေါက်ဆွဲကြော်၊ ယိုးဒယားဟင်းချို . . . အားလုံးဟိုတယ်[illegible] တွေချည်းပဲ"

"ဟုတ်လား"

"တို့အားလုံး ပျော်ပျော်ပါးပါးစားကြတာပေါ့"

"ကျွန်တော်နောက်မှပဲ စားတော့မယ်"

"တို့ဇနီးမောင်နှံနဲ့အတူတူစားဖို့ဝယ်လာတာပဲကွ၊ [illegible] မေမေပါခေါ်လိုက်၊ ငါစောင့်နေမယ်နော်"

စကားဆုံးသည်နှင့် သူလှည့်ထွက်သွားပြီး ကား[illegible] စားစရာများကိုယူနေသည်။ ပြီးတော့ အိမ်ကြီးထဲဝင်သွားသ[illegible]

မိုးယံဘာလုပ်ရမှန်း မဆုံးဖြတ်နိုင်ဘဲ ငေးကြောင်နေ[illegible] ပြီးမှ အိမ်ထဲလိုက်ဝင်လာခဲ့သည်။

"မေမေ"

ဧည့်ခန်းထဲတွင်ထိုင်နေသည့် သူ့မိခင်ဒေါ်လှလှအနီး[illegible] ရပ်ပြီး ခေါ်လိုက်၏။

"ဘာလဲ သား"

"ကိုကိုက သားတို့နဲ့အတူညနေစာစားဖို့လာခေါ်[illegible]

"ဟုတ်လား၊ မေမေ့ကိုလဲ ခုနကပဲပြောသွားတယ်၊ [illegible] ချင်လို့လား"



"အားနာလို့ပါ မေမေ"

"ဟိုကလေးမလေးနဲ့ မျက်နှာချင်းဆိုင်နေရဦးမှာပေါ့၊ သူလေးလဲ တစ်နေ့လုံး အခန်းထဲက အပြင်ထွက်ခွင့်မရဘူး၊ သနားစရာကွယ်"

"ကေရီ့ကိုကျွန်တော်သနားတယ် မေမေ၊ ဒါပေမယ့် စကားတောင်မပြောဝံ့ဘူး"

ထိုစဉ် လှေကားထစ်များအတိုင်းအောက်ထပ်သို့ သူမ ဆင်းလာတာတွေ့လိုက်ရ၏။

အဝါနုရောင်ဝတ်စုံလေးဖြင့် ဆံပင်ကိုဖျားလျားချပြီး ခေါင်းတွင် အနီရောင်ကျောက်ဘီးကုတ်လေးကို နောက်လှန် တပ်ဆင်ထားသည့် သူမပုံစံလေးက နုဖတ်ငယ်ရွယ်နေသည်။

သူမမျက်လွှာချပြီး ထမင်းစားခန်းရှိရာသို့ လျှောက်သွား တာ မျက်စိတဆုံးငေးကြည့်နေမိသည်။

"ကဲ . . . ညနေစာစားဖို့ သွားကြစို့ မေမေ"

သူ့မိခင်နှင့်အတူ ထမင်းစားခန်းထဲဝင်လာခဲ့ကြသည်။

ထမင်းစားပွဲတစ်ဖက်တွင် သူမတို့ဇနီးမောင်နှံယှဉ်တွဲ လျက် ထိုင်နေကြ၏။

ဇင်ယော်စိုးက သူ့မျက်နှာကို အပြုံးတစ်မျိုးဖြင့် လှမ်း ကြည့်နေသဖြင့် မိုးယံ မချင့်မရဲ အနေခက်နေမိသည်။

- - - ခုချိန်မှာတော့ ကိုယ့်အချစ်ဆုံးရဲ့ပိုင်ဆိုင်သူဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဖြစ်နေပြီလေ. . .

"ကဲ. . ညနေစာစားကြစို့၊ အန်တီအရင်ထည့်ပါ"

ဒေါ်လှလှထံ ဘဲကင်ပန်းကန်လှမ်းပေးပြီး သူပြောလိုက်သည်။

ဒေါ်လှလှက ဘဲကင်တစ်တုံးယူပြီး ပန်းကန်ကိုပြန်ချထားလေသည်။

ဇေကရီမျက်နှာကို ဣန္ဒြေမပျက်အောင်အတတ်နိုင်ဆုံး ကြိုးစားနေရသည်။

သူတို့နှစ်ယောက်ကြားမှာထိုင်ပြီး ညနေစာစားနေရသည့်အဖြစ်ကို စိတ်ထဲတင်းကြပ်ပြီး ငိုချင်နေမိသည်မဟုတ်ပါလား. . .

"ဇေကရီ စားလေ. . . ဘာတွေစဉ်းစားနေတာလဲ၊ မိုးယံကြည့်ရတာလဲ မရွှင်မပျနဲ့ ဘာဖြစ်နေကြတာလဲကွ၊ စားကြလေ. . . ကဲ ထည့်ကြ"

မိုးယံနှင့်ဇေကရီတို့နှစ်ဦး သူ့စကားကြောင့်ခေါက်ဆွဲပန်းကန်ကို လက်လှမ်းလိုက်ကြရာ လက်ချင်းဆုံသွားကြသည်။

နှစ်ယောက်လုံးစိတ်လှုပ်ရှားပြီး လက်တွေပြန်ရုတ်လိုက်ကြသည်။

တစ်ချိန်လုံး သံသယမျက်ဝန်းများဖြင့် အကဲခတ်နေသည့်သူ့ကြောင့်ဇေကရီ့ရင်ထဲမှာ တင်းကြပ်လွန်းမက တင်းကြပ်နေမိ





သလို ထမင်းပင်စားချင်စိတ်မရှိတော့ပေ။

မိုးယံက ဣန္ဒြေမပျက်ဟန်ဆောင်ပြီး ညနေစာကိုပြီးအောင်စား၍ ခပ်မြန်မြန်ပင် စားပွဲမှထသွားလေသည်။

ဇေကရီထမင်းတစ်ပန်းကန် မကုန်နိုင်သဖြင့် သူအကဲခတ်ကြည့်နေရာမှ ဇေကရီ့လက်ကိုဆွဲဖယ်ပစ်လိုက်၏။

"မစားနဲ့တော့ကွာ၊ ကိုယ်ကြည့်နေတာကြာပြီ၊ မင်းဘာဖြစ်နေတာလဲ၊ ထမင်းတောင်မစားနိုင်ဘူးလား"

"နေမှမကောင်းတာ"

"ဘယ်လို"

"အဆာလွန်ပြီး ခေါင်းသိပ်ကိုက်နေတယ်၊ အိမ်မှာဆိုရင် ညနေ(၅)နာရီထိုးတာနဲ့ ညနေစာစားရတာ၊ ခုညနေ ခြောက်နာရီခွဲနေပြီလေ"

"ဒါမင်းရဲ့ဆင်ခြေပေးစကား အကုန်ပဲလား"

"ဟုတ်တယ်"

"မင်းက ငါ့ကိုရွဲ့နေတယ်ပေါ့၊ ငါအသည်းယားနေတာကြာပြီ၊ စိတ်ရှိလက်ရှိရိုက်ပစ်ချင်တယ်"

ဒေါ်လှလှကိုမေ့သွားပြီး ဇေကရီ့ကိုစိတ်ဆိုးမာန်ဆိုး ဆူပူဆန့်မဲနေသောကြောင့် ဒေါ်လှလှစိတ်တိုသွားပြီး. . .

"မင်းကလဲကွယ်. . . ဒါထမင်းဝိုင်းကွယ့်၊ ဆူဆူပူပူလုပ်ချင်ရင်လဲပြီးမှ လုပ်ရောပေါ့"ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ အန်တီ၊ ကျွန်တော်စိတ်တိုသွားလို့ပါ"

ကေရီ ဇွန်း၊ ခက်ရင်းများလွှတ်ချလိုက်ပြီးထိုင်ရာမှ ထ
လိုက်မိသည်နှင့် သူက. . .

"ငါစားလို့ မပြီးသေးဘူးကွ၊ ထိုင်နေစမ်း"

"ဟုတ်"

ကေရီပြန်ထိုင်လိုက်ရသည်။

"မင်းအလုပ်သွားတဲ့အချိန်ကစပြီး သူ့ခမြာ တစ်နေကုန်
အခန်းအောင်းနေရတာဆိုတော့ ကြာရင်အညောင်းမိပြီး ဖျား
နေတော့မှာပဲ၊ ကြည့်လဲပြောပါဦးကွယ်"

ဒေါ်လှလှ ဂရုဏာသက်စွာပြောလိုက်မိသည်။ အမှ
တကယ်လည်း ကေရီ့အပေါ် ဂရုဏာဖြစ်နေမိတာအမှန်။

ချောချောလှလှ၊ ပညာလည်းတတ်၊ လိမ္မာရေးခြား
လည်းရှိသော ဇနီးချောလေးရထားပါလျက် ဝန်တိုမိစ္ဆာဖြစ်
အကြောင်းမဲ့ အခန်းထဲလှောင်ထားသလိုဖြစ်နေသည့်ကို
အတွက် နည်းနည်းလေးမှ စိတ်ထဲမကျေနပ်ပေ။

ဒေါ်လှလှထမင်းစားပြီးထွက်သွားသည်အထိ ဇင်ယော်
ကမပြီးဘဲ စိမ်ပြေနပြေစားနေရာမှ သူမကို မကျေမနပ်ကြည့်
နေသည်။



# အခန်း(၆)

"ကဲ ရှင်းစမ်းပါဦး၊ မင်းရင်ထဲက ခံစားချက်တွေ"

"ကျွန်မဘာကိုရှင်းရမှာလဲ"

သူနှင့်သူမတို့နှစ်ဦး အိပ်ခန်းထဲပြန်ရောက်သည်နှင့်
သနာဖြစ်တော့၏။

"မင်းက ထမင်းမစားနိုင်လောက်အောင် ရင်ခုန်နေတုန်း
ား"

"ဘာကိုရင်ခုန်ရမှာလဲ"

"ဘာကိုရင်ခုန်နေတယ်ဆိုတာ မင်းသိမှာပေါ့"

"ရှင်ဘာဖြစ်လို့ သူနဲ့ကျွန်မညနေစာစားရအောင် ခေါ်ရ
လဲ၊ ဒီလောက်သံသယများနေတဲ့လူက ကျွန်မတို့ကို ထမင်း
တစ်ဝိုင်းတည်း အတူမထိုင်ခိုင်းသင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမအသံက ဒေါသဖြင့်အနည်းငယ်တုန်ရီနေသည်။

သူမကိုကြည့်ပြီး သူအနည်းငယ်အံ့အားသင့်နေသည်။

သို့သော် သူ့စိတ်ကိုနည်းနည်းမှမလျှော့ချင်။

"ဟော့. . ဒီမှာ၊ မင်းတို့နှစ်ယောက်ကို တမင်ဆုံစည်းခွ

ပေးလိုက်တာကွ နားလည်လား"

"ဘာသဘောလဲ"

"မင်းတို့ရဲ့အတွင်းသဘော ရှင်းမရှင်းသိချင်လို့ပေါ့"

"ရှင်ကျွန်မအပေါ်မှာ သံသယဝင်နေတုန်းပဲလား"

"မိုးယံက မင်းရဲ့ချစ်သူဖြစ်ခဲ့ဖူးတဲ့သူဆိုတော့ ကျုပ်သံ

ယဝင်တာလွန်သလား၊ တကယ်ဆိုကျုပ်က မင်းရဲ့ချစ်ဦးသူ

မိုးယံကိုမင်းမချစ်သင့်ဘူး"

"သူ့ကိုကျွန်မ တကယ်မချစ်ခဲ့ပါဘူး၊ ခင်မင်ရင်းနှီးရာ

တဆင့် ချစ်မိသလိုဖြစ်သွားခဲ့တာပါ"

"ဟား ဟား ဟား ဟား ခုမှဒီစကားမျိုးပြောနေလဲ အဲ

ကျုပ်နောက်ကွယ်မှာ မင်းဘာသာဒီကောင်နဲ့ ချစ်သူတွေဖြ

တာ ခွင့်မလွှတ်နိုင်စရာပဲ"

သဝန်တိုစွာပြောနေသည့် သူ့မျက်နှာကြီးက တဖြ

ဖြည်း နီမြန်းလာ၏။

"အမှန်တွေပြောနေတာ မယုံလဲမတတ်နိုင်တော့ဘူ

သေချာတာကတော့ ရှင်နဲ့ကျွန်မ မကြာခင်ဝေးသွားကြ





မယ်ဆိုတာပဲ"

"အံမယ်. . . မင်းစကားက ဘာအဓိပ္ပါယ်လဲ၊ ကြီးကျယ်

လှချည်လား၊ မင်းက ငါ့ကိုပစ်ပြီး ဟိုကောင်နဲ့လက်တွဲဖို့

စိတ်ကူးနေပြီထင်တယ်"

"ရှင်ထင်သလောက် ကျွန်မသဘောမလွယ်ဘူးရှင့်၊ နား

လည်လား၊ တကယ်တော့ ရှင်ဟာ ရှုပ်ကြောင်ကြောင်လုပ်ရပ်တွေ

နဲ့ ရှင့်ကိုယ်ရှင်လှည့်စားနေတာ၊ အကောင်းဆုံးက ကျွန်မတို့

နှစ်ယောက် အိမ်ပြန်ကြပါစို့"

"ဘယ်အိမ်ကိုပြန်မှာလဲ၊ ကျုပ်ရဲ့ခမ်းနားလှပတဲ့ငါးထပ်

တိုက်ကြီးဆီကိုလား"

"ဟုတ်တယ်၊ အဲဒီနေရာကိုပဲ"

"မပြန်ဘူးကွ နားလည်လား၊ ဒီအိမ်မှာပဲ မင်းနေရမယ်"

"မပြန်လဲပြီးတာပဲ၊ ဒါပေမယ့် ကျွန်မဒီအိမ်မှာနေနိုင်တဲ့

နေ့အထိပဲနေမယ်၊ သည်းမခံနိုင်တဲ့တစ်နေ့ ဒီအိမ်ကြီးပေါ်က

ဆင်းသွားလိုက်မယ်ဆိုတာ ရှင်မြဲမြဲမှတ်ထားလိုက်

ပါ"

"ကိုကိုဒီနေ့အလုပ်သွားတုန်း မင်းခြံထဲဆင်းသေးသ

လား"

"မဆင်းဘူး"

"မိုးယံကိုလက်ထပ်ဝံ့ရင် ငါကိုယ်တိုင်မင်းကိုကွာရှင်းပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

သူစကားဆုံးသည်နှင့် သူ့ပါးပြင်တစ်ဖက် စပ်ဖျင်းပူထူသွားသည်။ သူက သူမ၏ညာလက်ဝါးကိုဖမ်းဆုပ်ကိုင်ပြီး တွန်းပစ်လိုက်သည်။

"တောက်... မင်းက ငါ့ကိုရိုက်တယ်ပေါ့ ဟုတ်လား အတော်မိုက်ရိုင်းပါလား"

"ရှင်မိုက်ရိုင်းလို့ ကျွန်မကလဲ မိုက်ရိုင်းရတာပါ"

"ဒီလောက်လူပါးဝတဲ့မိန်းမ ကဲကွာ... ကဲကွာ"

ကေရီ့ကျောပြင်လေးကို သုံးလေးချက်ဆင့်ပြီးထုနေသည်မို့ သူမခံပြင်းနာကြည်းပြီး ရှိုက်ငိုနေမိသည်။

"ရှင်ဒီလောက်နှိပ်စက်နေမယ့်အစား ကျွန်မကိုသတ်ပစ်လိုက်ပါလား"

"ပြောစမ်း... ကျုပ်နဲ့မိုးယံ ဘယ်သူ့အပေါ် အချစ်ပိုခဲ့သလဲဆိုတာ"

"မဖြေချင်ဘူး၊ ရှင့်ရဲ့သဝန်တိုပြုစုမှုတွေ လွန်ကဲနေတဲ့ ယောဒီမျက်နှာကြီးကို ကျွန်မလုံးဝမမြင်ချင်တော့ဘူး နားလည်လား"

"မင်းက ကိုယ့်ကိုလူရမ်းကားကြီးလို့ယူဆနေပြီလား"

သူမရင်ထဲတွင် နာကျင်မှုခံစားချက်က ထုထည်ကြီးမားသည်ထက် ကြီးမားလာတော့၏။





- - - ကျွန်မအချစ်ကိုထပ်ပြီး မတောင်းခံတော့ဘဲ အတင်းအကြပ်လက်ထပ်ဖို့ ကြိုးစားခဲ့သလို ရှင့်ရင်ခွင်ထဲ ရောက်လာပြန်တော့လည်း ကျွန်မနာကျင်ကြေကွဲစေမယ့် အဖြစ်မျိုးကို ဘာကြောင့်များလုပ်နေရတာပါလိမ့်...

ဇင်ယော်စိုးနှင့်သူမတို့နှစ်ဦးပြောဆိုနေသံများကို မမျှော်လင့်စွာကြားခဲ့မိသူကတော့ မိုးယံပင်ဖြစ်သည်။

သူတို့နှစ်ဦး၏အိပ်ခန်းနှင့်ကပ်လျက် စာကြည့်ခန်းထဲသို့ဝင်လာပြီး စာအုပ်တစ်အုပ်လာရှာနေစဉ် တစ်ဖက်ခန်းမှ ထားသံများကို ကောင်းစွာကြားခဲ့ရခြင်းဖြစ်၏။

ထိုနေ့ည တစ်ညလုံး မိုးယံအိပ်မပျော်နိုင်ပါ။

မိမိအသည်းနှင့်မျှချစ်ခဲ့ရသည့် ကေရီ့အပေါ် ဇင်ယော်သော ဤမျှသံသယဝင်နေသည်မှာ ရက်စက်လွန်းရာကျသည်။

ဇင်ယော်စိုး၏အငြိုးတကြီး သဝန်ကြောင်စကားများကကြားရက်စရာမရှိ။

ဒီလူ့ရင်ခွင်မှာ ကေရီတစ်သက်လုံး ပျော်ရွှင်နိုင်ပါ့မလား..

သူ့အိပ်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်းအထိ ထိုင်မသာ ခံစားနေရသည်မဟုတ်ပါလား...

ပြီးတော့ ခြံထဲဆင်းလာ၏။ ခြံကျယ်ကြီးထဲရောက်တော့ [illegible]ဝင်ကြီးကိုမှီပြီး ရပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လရောင်က မှုန်ပျပျဖြင့် ခြံထဲသို့ထိုးဆင်းဖျာကျနေသည်။

မောင်စိတ်မကောင်းပါဘူး ဇေကရီရယ် . . .

ဇေကရီ့အခန်းရှိရာသို့လှမ်း၍ မော့ကြည့်လိုက်မိသည်။

ဝရန်တာတွင်ရပ်ပြီး လရောင်ကိုကြည့်နေသည့်ဇေကရီ ရုတ်တရက် သူ့ကိုမမြင်။

ပြီးမှ သူရပ်နေသည့်ဘာဒ်ပင်ကြီးအောက်သို့ အကြည့်များရောက်လာသည်။ သူတို့နှစ်ဦးမျက်လုံးချင်းဆုံမိသွားကြပြီး တစ်ဦးကိုတစ်ဦး အတန်ကြာစူးစိုက်ကြည့်နေမိကြသည်။

ပြီးမှ ဇေကရီက သူမအကြည့်ကို လွှဲဖယ်ပစ်လိုက်ပြီး အခန်းထဲပြန်ဝင်သွားတော့သည်။

သူတစ်ယောက်တည်း ဘာဒ်ပင်ကြီးကိုမှီပြီး သက်ပြင်းရှိုက်ရင်း ကျန်ရစ်ခဲ့တော့၏။

# အခန်း(၉)

ဇေကရီတစ်ယောက်တည်း အခန်းထဲတွင် ဝတ္ထုဖတ်နေရာမှ ကိုယ်လက်များညောင်းညာပြီး အခန်းထဲတွင် လမ်းလျှောက်နေမိသည်။

ပြတင်းပေါက်နားမှာလာရပ်ပြီး အပြင်လေကို တဝရှူရှိုက်လိုက်မိသည်။

ဘာလိုလိုနှင့် သည်အခန်းထဲမှာ အထီးကျန်စွာ အခန်းအောင်းနေခဲ့ရသည်မှာ ရက်သတ္တသုံးပတ်ခန့်ရှိခဲ့ပြီဖြစ်သည်။

သူမလက်တွေကိုကြည့်မိတော့ အသားတွေအတော်ပင်ဖြူဖွေးနေတာကို တွေ့လိုက်ရတော့၏။

- - - အင်း . . . ငါလည်း အခန်းအောင်းနေတာကြာပြီ အသားတွေတောင်ဖြူလာပြီ၊ ဘယ်နေ့ဘယ်ရက်အထိ

www.burmeseclassic.com

www.burmeseclassic.com



သည်အိမ်ကြီးထဲမှာ နေရဦးမှာပါလိမ့်. . .

သည်ကနေ့ နေ့လယ်ကတည်းက မိုးယံအပြင်ထွက်သွားတာတွေ့လိုက်ရသဖြင့် သူမခြံထဲဆင်းပြီး ခေတ္တလမ်းလျှောက်ရန် စိတ်ကူးလိုက်မိသည်။

သူမခြံကျယ်ကြီးထဲသို့ဆင်းလာပြီး သစ်ခွရုံလေးအနီးတွင် လမ်းလျှောက်နေသည်။

ဆယ်မိနစ်ခန့်ကြာတော့ အပြာရောင်ပတ်ပလစ်ကာကားလေး ခြံကျယ်ကြီးထဲ ကွေ့ဝင်လာတာတွေ့လိုက်ရသည်။

မိုးယံအပြင်မှ ပြန်လာခြင်းဖြစ်သည်။

မိုးယံက ကားကိုအိမ်ရှေ့ပေါ်တီကိုအောက်တွင် ရပ်လိုက်ပြီး ကားပေါ်မှဆင်းသည်။

ပြီးတော့ သူမထံသို့ တစ်လှမ်းချင်းလျှောက်လာနေသည်။

ဟင်. . .

သူမခြေဖျားလက်ဖျားတွေ ထုံကျင်သွားပြီး ဘာလုပ်မှန်းမသိလောက်အောင် စိတ်လှုပ်ရှားနေမိသည်။

မိုးယံနှင့်စကားမပြောရဘူး. . . တဲ့၊ ခပ်ဝေးဝေးနေမည်. . . တဲ့။

ဇင်ယော်စိုးပိတ်ပင်တားမြစ်ထားတာတွေကို သူမထပ်တလဲလဲ ကြားယောင်နေမိသည်မဟုတ်ပါလား. . .

မိုးယံကိုကွေ့ရှောင်ပြီး အိမ်ကြီးထဲပြန်ဝင်ရန် သူမခြေ





လှမ်းပြင်လိုက်၏။

သို့သော် မိုးယံက သူမရှေ့မှကာဆီးရပ်လိုက်သည်။

"ကျွန်တော်ပြောစရာရှိလို့ပါ ဧကရီ၊ ခဏလေး သည်းခံပြီး နားထောင်ပေးပါလား"

ဧကရီက သူ့မျက်နှာကို နားမလည်နိုင်သလို ကြည့်နေသည်။

"စက်ာပူကနေ ဧကရီပြန်သွားတဲ့နေ့ကစပြီး ကျွန်တော့်ရင်ထဲမှာ ဟာပြီးကျန်ရစ်ခဲ့တယ်၊ L.A ကိုသွားဖို့ ကျွန်တော် အထပ်ထပ်စဉ်းစားခဲ့ပါသေးတယ်၊ ဒါပေမယ့် ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးဆိုတာ ကျွန်တော်နားလည်ခဲ့ရတယ်၊ ဧကရီနဲ့ ဝေးရမယ့်အဖြစ်ကိုကြောက်တယ်၊ ရန်ကုန်မှာပဲနေပြီး ဧကရီနဲ့ ဆက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဒါကြောင့် ကျွန်တော်ရန်ကုန်ကို ပြန်လာခဲ့တာပါ"

သူတစ်လုံးချင်း ပြောပြနေသည်။ သူ့အသံက ထိန်းထားသည့်ကြားမှ ဝမ်းနည်းထိခိုက်မှုဖြင့် အက်ကွဲခြောက်ကပ်နေသည်။

"သည်အကြောင်းတွေကို ကျွန်မတို့နှစ်ယောက်လုံး မေ့ထိုက်ကြရအောင်၊ တကယ်တော့ ကျွန်မနဲ့ကိုမိုးယံ ကံမဆုံဘူးသို့ပဲ ဆိုကြရမယ်၊ ကဲ. . . ကျွန်မအိမ်ထဲဝင်တော့မယ်နော်၊ တော်ကြာ သူပြန်လာရင် ကျွန်မကိုအထင်လွဲလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး ကေရီ၊ ခဏလေး"

ပြောပြီး မိုးယံသစ်ခွရုံထဲသို့ ပြေးဝင်သွား၏။ ပြီးတော့ အလှဆုံးအဖြူရောင်သစ်ခွပန်းတစ်ပွင့်ကို ခူးယူခဲ့မိသည်။

ထိုစဉ် ဇင်ယော်စိုး၏ကား ခြံထဲသို့ကွေ့ဝင်လာပြီး ထိုး ရပ်လိုက်သည်။ ကားပေါ်မှဆင်းလိုက်ပြီး သူမအနီးသို့ လျှောက် လာသည်။

"ချစ်လေး"

ကေရီ့မျက်နှာလေးက ကျားရှေ့မှောက်ချော်လဲသည့် ယုန်သူငယ်လိုဖြစ်သွားသည်။

"ခြံထဲဆင်းပြီး ဘာလုပ်နေတာလဲ ချစ်လေး"

"ကျွန်မအခန်းထဲမှာချည်းပဲအောင်းနေရတာ ညောင်းလို့ လမ်းလျှောက်နေတာပါ"

"ညောင်းရင် အခန်းထဲမှာလျှောက်ပေါ့၊ ငါ့ခွင့်ပြုချက် မရဘဲ မင်းဘာကြောင့်ခြံထဲဆင်းလာရသလဲ ကေရီ"

"ကျွန်မပြောပြီးပြီလေ၊ အခန်းထဲမှာ လေကောင်းလေ သန့် မရှူရတာ ကြာပြီလို့"

"တော် မကြားချင်ဘူး၊ မင်းကိုငါ ဘာပြောထားသလဲ တယ်လေ ငါကွာ"

သူမမျက်နှာကိုရိုက်ရန် သူ့လက်ဖြင့်ရွယ်လိုက်ပြီး မရိုက်တော့ဘဲ သက်ပြင်းမှုတ်ထုတ်လိုက်သည်။





သူမအမူအရာ ကတုန်ကယင်လေးကို လှမ်းကြည့်ပြီး မိုးယံရင်ထဲမှာ နင့်သွားသည်။

သူမကိုပန်းပေးရန်ခူးယူလာခဲ့ပြီးမှ မပေးရသေးပေ။ သို့သော် လက်ထဲတွင်ကိုင်ထားသည့်သစ်ခွပန်းခိုင်ကိုလည်း လွှင့်ပစ်ရမှာ အခက်. . သူမကိုပေးရန်လည်း မဖြစ်နိုင်တော့ သည်မို့ ဝေခွဲမရဘဲ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိသည်။

"မင်းက ကိုယ့်စကားကို နားမထောင်တော့ဘူးပေါ့၊ ကိုယ့်အချစ်ကိုတန်ဖိုးမထားဘူးပေါ့ ဟုတ်လား"

"ကိုကိုပြောနေတာတွေ ကျွန်မသိပ်နားမလည်ဘူး"

"နားမလည်ရင် အခန်းထဲရောက်မှ မင်းကိုကိုယ်ပြောပြမယ်"

ကေရီ့ပခုံးကိုပွေ့ဖက်ပြီး အိမ်ကြီးထဲသွားရန် ခြေလှမ်း ပြင်လိုက်သည်။

ဇင်ယော်စိုးက အရပ်မြင့်မားပြီး ယောကျ်ားပီသ၍ အချိုး အဆက်ကျကာ ထွားကျိုင်းတောင့်တင်းသည့်ယောကျ်ားတစ်ဦး ဖြစ်၍ သူမနှင့်ယှဉ်ရပ်နေတော့ မလိုက်ဖက်လှပေ။

မိုးယံရင်ထဲမှာ စူးနစ်နာကျင်နေမိသည်။

မိမိချစ်ရသူကို ယခုလို ပိုင်စိုးပိုင်နင်းပွေ့ဖက်ထားတာ မြင်ရတော့ ရင်ထဲမှာ တစ်မျိုးခံစားရသည်မဟုတ်ပါလား. .

သို့သော် သူဘာမှမတတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရသူကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီပဲလေ. . .

ဇင်ယော်စိုးအိမ်ကြီးထဲဝင်ရန် လှည့်ထွက်လာရင်း သူ့မျက်လုံးများက သစ်ခွရုံဘက်သို့ ရုတ်တရက်အကြည့်ရောက်သွား၏။

မိုးယံကိုမြင်တော့ သူ့အကြီးအကျယ်အံ့ဩသွားပြီး ခြေလှမ်းတွေ ရပ်တန့်သွားသည်။

သူ့မလက်တစ်ဖက်ကို တင်းကြပ်စွာဆုပ်ကိုင်ထားပြီး မိုးယံအနီးသို့ဆွဲခေါ်လာခဲ့သည်။

"ဒါဘာသဘောလဲ၊ မင်းတို့နှစ်ယောက်ခြံထဲဆင်းပြီး အလွမ်းသယ်နေကြတယ် မဟုတ်လား"

"ဘယ်လိုပြောလိုက်တာလဲ ဦးဇင်ယော်စိုး၊ ကျွန်မဘာသာလမ်းလျှောက်တာပါ၊ မိုးယံက အခုမှအပြင်က ပြန်ရောက်လာတာ"ဟု ပျာပျာသလဲပြောလိုက်သည်။

သူက မိုးယံတစ်ကိုယ်လုံးကိုကြည့်ပြီး အကဲခတ်နေရာမှ မိုးယံလက်ထဲတွင်ကိုင်ထားသည့်အဖြူရောင်သစ်ခွခက်လေးကို မြင်တွေ့သွားသည်။

"ဟော့ကောင် မိုးယံ၊ မင်းလက်ထဲက ပန်းကဘယ်သူ့ကိုပေးဖို့ခူးလာတာလဲ ပြောစမ်း"

သူ့အမေးကို မိုးယံရုတ်တရက်မဖြေ။

သူ့ခိုးလူမိခံရသည့်မျက်နှာမျိုးဖြင့် မိုးယံမျက်နှာတစ်ခုလုံးနီမြန်းသွားသည် မဟုတ်ပါလား. . .

"ပြောစမ်း. . . မင်းက ဘာကိစ္စ ဧကရီကို ပန်းပေးရတာလဲ၊ မင်းနဲ့ဧကရီ ခုချိန်ထိ သံယောဇဉ်တွယ်တာနေကြတုန်းပဲလား"

သူ့အသံက သံသယဖြင့်တုန်ယင်ပြီး သူ့မျက်ဝန်းများက ကြောက်ခမန်းလိလိ စူးရှတောက်ပြောင်နေသည်။

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ဘာသာပန်းခူးနေတာပါ"

"ဘယ်သူ့အတွက်ခူးတာလဲ၊ ဘာအတွက်ခူးတာလဲ"

"ကျွန်တော်ပန်းအိုးထိုးမလို့"

မိုးယံသတ္တိကြောင်စွာ လိမ်ညာလိုက်မိသည်။

သူချစ်သည့်မိန်းကလေးအပေါ် သံသယဝင်အထင်လွဲမှာကို မလိုလား. . .

"မင်းတို့နှစ်ယောက်ကြည့်ရတာ ဇာတ်လမ်းတွေသိပ်မရှင်းဘူး၊ ဟော့ ဧကရီ၊ မင်းကိုငါ မုန်းသွားပြီ နားလည်လား"

စကားဆုံးသည်နှင့် ဧကရီ့အနီးမှ ခြေလှမ်းကျဲဖြင့် သူလှည့်ထွက်သွားသည်။

ဧကရီရပ်နေရာမှ မိုးယံကိုစိတ်နာသလိုလှမ်းကြည့်ပြီး ဇင်ယော်စိုးနောက်သို့ပြေးလိုက်သွားသည်။

လှေကားအနီးရောက်တော့ သူကသူ့မလက်မောင်းလေးအက်ကိုဆုပ်ကိုင်ပြီး အပေါ်ထပ်သို့ ဒရောသောပါးတက်လာခဲ့၏။







www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရောက်သည်နှင့် သူမကိုယ်လေးကို စိတ်ရှိလက်ရှိဆွဲခါလှုပ်ရမ်းပြီး ဆိုဖာတစ်လုံးပေါ် တွန်းပစ်လိုက်သည်။

"ကျွန်မရှင်းပြပါရစေ ကိုကို"

"မရှင်းနဲ့. . . မရှင်းနဲ့၊ ကျုပ်ဘာတစ်ခွန်းမှမကြားချင်တော့ဘူး၊ တကယ်တော့ မင်းဟာကျုပ်အသည်းကို ဓားထက်ထက်နဲ့မွှန်းနေတဲ့မိန်းမ၊ ဒီကောင်နဲ့မင်းကို သံသယမရှင်းလို့ဒီအိမ်ကိုကျုပ် တမင်တကာပြန်လာခဲ့တယ်ဆိုတာ နားလည်လား၊ ခုတော့ မြင်ကွင်းက ရှင်းနေပြီလေ"

"ကိုကိုအထင်လွဲနေတာပါ၊ သူနဲ့ကျွန်မ ဘာမှမပတ်သက်ကြဘူး၊ ရှင်းရှင်းလေးပါ"

"သူက မင်းကိုပေးဖို့ပန်းခူးနေပြီး မင်းကသူ့အနီးမှာရှိနေတဲ့မြင်ကွင်းဟာဘယ်လိုမှမရိုးသားဘူးဆိုတာ ကိုယ်နားလည်တယ် မိန်းကလေး၊ မညာချင်ပါနဲ့နော်၊ မင်းကိုကိုယ် အများကြီး နားလည်သွားပြီ"

"ရှင်က ကျွန်မကိုနားလည်တယ် ဟုတ်လား၊ ရှင့်ကိုလည်း ကျွန်မက နားလည်ပါတယ်၊ ရှင်ဟာ တကယ့်ကို သဝန်ကြောင်ပြူးစူပြီး ရက်စက်တတ်တဲ့လူတစ်ယောက်ပဲ၊ ရှင့်ရင်ထဲမှာဖြစ်နေတဲ့ သံသယတွေကိုကြီးထွားလာအောင် ဖန်တီးနေတဲ့လူတစ်ယောက်ပဲ၊ သည်အိမ်ကြီးထဲမှာ ကျွန်မနေနေရတာ ဘာအဓိပ္ပါယ်မှမရှိဘူး၊ ရှင့်ကိုချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ကျွန်မ





သည်းခံပြီးနေနေတယ်ဆိုတာ ရှင်နားမလည်ဘူး မဟုတ်လား"

သူမအမှန်ကိုပြောနေပေမယ့် သူက မယုံကြည်နိုင်သူတစ်ယောက်လို သံသယများနေဆဲပင်။

"ကျုပ်ကိုချစ်တယ် ဟုတ်လား၊ ခင်ဗျားလေးရဲ့ယုံတမ်းစကားတွေကို ဆောင်းရေလနဲ့အတူ လွင့်မျောပစ်လိုက်စမ်းပါ၊ ပြီးတော့ မင်းနဲ့ဝေးရာကို ကျုပ်ထွက်သွားတော့မယ်၊ မင်းကို ကွာရှင်းပေးမယ်"

"ကျွန်မလည်း ရှင်နဲ့ဝေးရာကိုထွက်သွားတော့မယ်၊ ရှင့်လို သဝန်ကြောင်တဲ့လူနဲ့ ကွာရှင်းခွင့်ရမယ်ဆိုတော့ ဝမ်းသာလိုက်တာ"

"ဘာ. . . ငါနဲ့ကွာရှင်းရမှာ ဝမ်းသာတယ် ဟုတ်လား"

သူက သူမမျက်နှာကို သူ့လက်တစ်ဖက်ဖြင့် ဆွဲမော့လိုက်ပြီး မျက်နှာကိုခပ်စိမ်းစိမ်းစိုက်ကြည့်နေရာမှ ဟန်ပါပါ ရယ်သည့်ထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။

ပြီးမှ သူမကိုယ်လေးကို ရင်ခွင်ထဲနစ်မြုပ်သွားမတတ် ဆီးကျုံးဖက်ပွေ့ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

မိုးယံအိပ်မပျော်ပါ။

နေ့လယ်ခင်းက ပြဿနာဖြစ်ခဲ့ရသောကြောင့် သူ့နှလုံးသားတစ်ခုလုံး နာကျင်ကြေကွဲနေမိသည်။

ဇင်ယော်စိုးက သူနှင့်လက်ထပ်ထားပြီးဖြစ်သည့်မိန်းကလေးတစ်ယောက်အပေါ် ဤမျှသံသယမဝင်သင့်ဟု ထင်သည်။

ခုတော့ သံသယဖြင့် အငြိုးတကြီးပြုမူပြောဆိုပုံတွေက စိတ်ပျက်စရာကောင်းလှသည်။

ကေရီ့အဖြစ်တွေကိုမြင်ရတော့ မောင့်ရင်ထဲမှာဖြေရာ အောင် နာမိတယ် ကေရီရယ်. . .



သူမနှင့်ပတ်သက်လာလျှင် အရာရာသည်သူ့အတွက် လှပမြတ်နိုးဖွယ်ရာများပင်ဖြစ်ခဲ့သည်။

မမေ့ရက်နိုင်စရာ အတိတ်အကြောင်းအရာများက ပီပြင်လာ၏။

သူ့စိတ်အစဉ်က အတိတ်အကြောင်းအရာများဆီသို့ ပြေးလွှားနေမိသလို သူတို့နှစ်ဦး၏အတိတ်မှအရိပ်တို့ ပီပြင်ထင်ရှားလာခဲ့သည်ဟုဆိုရပါလျှင်. . .

❀ ❀ ❀

ထိုနေ့က Singapore တွင် ရာသီဥတုသာယာလျက်ရှိ၏။

မိုးယံအလုပ်အားရက်မို့ Sentosa ကျွန်းသို့ အပျင်းပြေသွားရောက်လည်ပတ်ရန် တစ်ယောက်တည်း ထွက်လာခဲ့သည်။

Sentosa ကျွန်းသို့ Cable car ကားဖြင့်သွားနိုင်ပြီး ကားတစ်စီးတွင် လူလေးယောက်ခန့် စီးနိုင်သည်။

သူစီးလာသည့် Cable car ပေါ်တွင် သူနှင့်မိန်းကလေးသုံးဦးတို့ ပါလာခဲ့ကြ၏။

ထိုမိန်းကလေးသုံးဦးအနက် နှစ်ဦးမှာ မြန်မာမိန်းကလေးများဖြစ်ကြောင်း သူတို့ပြောနေသည့်စကားသံများအရ သိခဲ့၏။

www.burmeseclassic.com



"အရင်တုန်းက Sentosa ကျွန်းကိုရောက်ဖူးသလား"

"ရောက်ဖူးတယ်၊ သုံးလေးခေါက်ရှိပြီ၊ ကေရီကော... အရင်က ရောက်ဖူးသလား၊ ဒါပထမဦးဆုံးပဲလား"

"ကေရီက ဒါပထမဦးဆုံးပဲလေ၊ စင်ကာပူကိုရောက်တာ တစ်နှစ်ပြည့်တော့မယ်၊ ဒါပေမယ့် ကျောင်းတက်ပြီး စာကျက်နေရတာနဲ့ မလာဖြစ်ခဲ့ဘူး၊ အခုကျောင်းပိတ်ရက်မှပဲ နိုနို့ အတူလိုက်လာခဲ့တာလေ"

Sentosa ကျွန်းဆီသို့ဆက်သွယ်ထားသည့် ကောင်းကင်ကြိုးဖြင့် cable car ကိုမောင်းနှင်နေခြင်းဖြစ်သည်။

သူတို့အားလုံး cable car ပေါ်တွင်လိုက်ပါလာခဲ့ကြရင်း အောက်သို့ ငုံ့ကြည့်နေမိကြ၏။

"ဟော. . . ဟော အောက်ကပင်လယ်ထဲမှာ ပင်လယ်ကူးသင်္ဘောအချို့နဲ့ passenger သင်္ဘောကြီးတွေရပ်ထားတာ ကိုမြင်ရတယ်"ဟု နိုနိုက အောက်သို့လက်ညှိုးညွှန်ပြရင်း ပြော လိုက်သည်။

မိုးယံက ထိုမိန်းကလေးနှစ်ဦးကိုကြည့်ပြီး သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။

"ကျွန်တော်လည်း ရွှေပါပဲ၊ ရွှေမြန်မာပေါ့ ဟဲ ဟဲ ခင်ဗျားတို့လည်း မြန်မာပြည်ကကျောင်းလာတက်တဲ့မြန်မာ လေးတွေပဲမဟုတ်လား"





"ဩော်. . . ဟုတ်လား၊ ရှင်က မြန်မာတစ်ယောက်ကိုး၊ ခုလို ဆုံတွေ့ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်"ဟု နိုနိုက ဖော်ရွေစွာပြောလိုက်၏။

နိုနိုသည် ဆံပင်တိုတိုနှင့် အသားညိုသည့် မြန်မာမိန်း ကလေးတစ်ဦးဖြစ်၏။

နိုနို့ကို သူစိတ်မဝင်စားပေ။

နိုနိုနှင့်အတူတွဲထိုင်နေသည့် ကေရီ့ကို မြင်မြင်ချင်း သူစိတ်ဝင်စားခဲ့မိသည် မဟုတ်ပါလား. . .

သူမအလှကား မြင်မြင်ချင်းပင် စွဲမက်စရာကောင်းလှ သည်။

"ကျွန်တော်တို့ အတူတူလည်ပတ်ကြတာပေါ့"

"အိုကေ"ဟု နိုနိုက ပြန်ပြောသည်။

"ကျွန်တော့်နာမည် မိုးယံဟိန်းဇော်ပါ"

သူက သူ့နာမည်ကိုပြော၍ မိတ်ဆက်လိုက်သည်မို့ နိုနိုက အလိုက်ရှင်မြူးသောအမူအရာလေးဖြင့်. . .

"ကျွန်မနာမည် နိုနိုပါ၊ သူကကျွန်မနဲ့အတူ Singapore မှာ ကျောင်းတက်နေတဲ့ မြနှင်းကေရီမေ"

"ဟုတ်ကဲ့ အခုလို သိကျွမ်းရတာ ဝမ်းသာပါတယ်၊ ကျွန်တော်တို့အားလုံး ခုချိန်ကစပြီး မိတ်ဆွေတွေဖြစ်သွားကြ ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



Sentosa ကျွန်းသို့ ရောက်သောအခါ ကျွန်းပေါ်တွင် လျှောက်လည်ကြသည်။

Sentosa ကျွန်းပေါ်တွင် Sight seeing car ဖြင့် အတူတကွ လည်ပတ်ခဲ့ကြ၏။

ကျွန်းပေါ်ရှိအဆောက်အဦများက ခေတ်မီလှပပြီး သစ်ပင်များကို အလှစိုက်ပျိုးထားသည်မှာ စိမ်းစိမ်းစိုစိုနှင့် သာယာလှပနေသည်။

Sight seeing car ဖြင့်လည်ပတ်ပြီးသောအခါ ကမ်းခြေတစ်နေရာဆီသို့ လျှောက်လာခဲ့ကြ၏။

"ဒီနေရာလေးက သာယာလိုက်တာနော်"ဟု ကေရီက ပြောလိုက်၏။

"ဒီနေရာလေးကနေလှမ်းကြည့်ရင် Singapore strait (စင်္ကာပူရေလက်ကြား)ကိုမြင်နေရတယ်"ဟု မိုးယံကလက်ညှိုးညွှန်၍ပြလိုက်သည်။

သူမက စင်္ကာပူရေလက်ကြားရှိရာ လှမ်းမျှော်၍ကြည့်လိုက်သည်။

"အုန်းသီးစားမလား မျောက်ကလေးတွေက တက်ခူးပေးလိမ့်မယ်"

"ဘယ်လို...မျောက်က အုန်းသီးခူးပေးမယ် ဟုတ်လား"



မိုးယံစကားကြောင့် သူမအံ့ဩသွားပြီး ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ မျောက်တွေကတက်ခူးပေးတာ"ဟု နိုနိုကပါ ပြောလေသည်။

"ကဲ...လာ၊ အုန်းစိမ်းရေ သောက်ကြရအောင်၊ ကျွန်တော်တိုက်မယ်"

အုန်းစိမ်းဝယ်သောက်နိုင်သည့်နေရာသို့ သူတို့အားလုံး ရောက်လာခဲ့ကြပြီး အုန်းစိမ်းလေးလုံး မှာလိုက်သည်။

သူတို့နှင့်အတူပါလာသည့် စင်္ကာပူတရုတ်မလေးမေယွင်သည်လည်း ပျော်နေသည်။

အုန်းစိမ်းရောင်းသည့်ဆိုင်မှ အုန်းစိမ်းကို မျောက်များအားခူးယူစေပြီး မျောက်များခူးပေးသည့်အုန်းစိမ်းများကို ထိပ်မှ ဓားဖြင့်ဖောက်ပေးလိုက်သည်။

ပြီးတော့ straw လေးများ တပ်ပေးလိုက်၏။

အုန်းစိမ်းရေကိုအားပါးတရသောက်ရင်း မျောက်က အုန်းသီးခူးပေးသည့်အဖြစ်ကို ကေရီ့စိတ်ထဲအတော်ပင် ထူးဆန်းနေလေသည်။

"ပျော်သလား မေ၊ ကျွန်တော်ကတော့ မေဆိုတဲ့နာမည်လေးတစ်လုံးကို အကြိုက်နှစ်သက်ဆုံးမို့ မေလို့ပဲခေါ်ပါရစေ၊ ရပါမယ်မဟုတ်လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



" Of course ! "

Sentosa ကျွန်းတွင် ညနေစောင်းသည်အထိ လည်ပတ်ပြီးကြသောအခါ cable car ဖြင့် ပြန်လာခဲ့ကြသည်။

Cable car ပေါ်တွင် မိုးယံက Digital camera လေးဖြင့် လေးယောက်လုံးကို movie ရိုက်ယူခဲ့သည်။ ပြီးတော့ တစ်ယောက်နှင့်တစ်ယောက် လိပ်စာကတ်ချင်း လဲလှယ်ခဲ့ကြ၏။

"နောက်တစ်ပတ် weekend မှာ Bird park (ငှက်ပန်းခြံ) ကိုအလည်သွားကြမလား၊ ကျွန်တော်လာခေါ်မယ်"ဟု မိုးယံကပြောလိုက်တော့ သူမတို့အားလုံး ပျော်ရွှင်စွာခေါင်းညိတ်လိုက်ကြသည်။

❀ ❀ ❀ ❀ ❀ ❀

ထိုနေ့ညတစ်ညလုံး မိုးယံသူမကို အိပ်မက်မြင်မက်နေမိ၏။

မြင်မြင်ချင်း ချစ်မိတယ်ဆိုတာ ဒါမျိုးပဲဖြစ်လိမ့်မယ်ထင်တယ် မေ. . .

မေ့ကိုမြင်မြင်ချင်း ကျွန်တော်ဘယ်လိုစွဲလမ်းမြတ်နိုးနေမိမှန်းမသိဘူး. . . မေကော ကျွန်တော့်ကို သတိရနေရဲ့လား. . .

နောက်တစ်နေ့မိုးလင်းသည်နှင့် မေ့မိုဘိုင်းလ်နံပါတ်





သူခေါ်လိုက်သည်။

"ဟယ်လို. . . မေလား၊ ကျွန်တော်ပါ"

"ဟုတ်တယ်၊ ကျွန်မပါပဲ"

"ကျွန်တော့်ကို မှတ်မိတယ်မဟုတ်လား မေ"

"မှတ်မိပါတယ် ကိုမိုးယံ၊ စောစောစီးစီး ဘာကိစ္စဖုန်းဆက်ရတာလဲ"

"သတိရနေလို့ ဖုန်းဆက်လိုက်တာပါ မေ၊ ညက တစ်ညလုံး ကျွန်တော်ကောင်းကောင်းအိပ်မပျော်ဘူး၊ ကျွန်တော့်ရဲ့ အိပ်မက်တွေထဲမှာ မေကစိုးမိုးနေတယ်"

"ရှင်ကမြင်မြင်ချင်းစွဲလမ်းတတ်တယ်နော်၊ ဒါမျိုးတွေ နှီးနေပါပြီ"

"ဒီလိုမပြောပါနဲ့ မေ၊ ကျွန်တော်က ဘယ်မိန်းကလေးနဲ့မှ ခင်ခင်မင်မင်မရှိခဲ့ဖူးဘူး၊ မေတို့ကိုတွေ့လိုက်မှ ရွှေမြန်မာအချင်းချင်းဆိုပြီး ခင်မင်ရင်းနှီးခဲ့တာပါ၊ ကျွန်တော်ဖုန်းဆက်တာ မေစိတ်အနှောင့်အယှက်ဖြစ်သွားသလား"

သူ့အသံက စိုးရိမ်ပူပန်မှုများလွှမ်းကဲနေမှန်း သိသာလှပါသည်။

မေက အားနာတတ်သူမို့. . .

"အို. . . သည်လိုမဟုတ်ပါဘူး၊ မေတနောက်တာပါ"

"ကောင်းပြီလေ၊ Sunday ရောက်ရင် ကျွန်တော်လာခေါ်



www.burmeseclassic.com

www.burmeseclassic.com



မှယ်နော်"

"အိုကေ"

စကားဆုံးသည်နှင့် သူဖုန်းပိတ်လိုက်၏။

တနင်္ဂနွေနေ့သို့ရောက်သောအခါ Bird park သို့ သူတို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

ထိုနေ့မှာပင် မေ့ကိုချစ်ကြောင်း ချစ်ခွင့်ပန်ခဲ့မိသည်။

မေက ရုတ်တရက်မတုန့်ပြန်။ မေ့အချစ်ကိုရရန် တစ်နှစ်တိတိ သူစောင့်ခဲ့ရသည်။

တစ်နှစ်ခန့်ကြာခဲ့ပြီးမှပင် မေက သူ့ကိုချစ်သည်ဟု အဖြေပေးခဲ့သည်။

သည့်နောက်မှာတော့ သူနှင့်မေတို့နှစ်ဦး မကြာခဏ တွေ့ဆုံဖြစ်ခဲ့ကြ၏။

မေက ဣန္ဒြေရှင်မိန်းမသားမို့ သူ့ကိုအထူးတလည် အခွင့်အရေးမပေးခဲ့သလို သူကလည်း လက်မထပ်ရသေးသည့် ချစ်သူအပေါ် အခွင့်အရေးမယူခဲ့ပေ။

သည်လိုနှင့် တစ်နှစ်တိတိကြာမြင့်ခဲ့သည်။

ထိုနေ့က စက်ဘူတွင် မိုးဖွဲဖွဲရွာနေသည်။

သူနှင့်မေတို့နှစ်ယောက် ကားမှတ်တိုင်တွင် ကားရပ်စောင့်နေကြရင်း သူက တစ်ခုသတိရပြီး မေ့လက်ကိုဆွဲ၍ ပြေးထွက်ခဲ့၏။

"ဘယ်သွားမလို့လဲ မောင်"

"လိုက်ခဲ့စမ်းပါ မေရယ်၊ သည်နေ့ မေ့ကိုလက်ဆောင် မပေးရသေးဘူး မဟုတ်လား"

Floral shop လေးရှိရာသို့ ရောက်လာခဲ့ကြပြီး သူက မေ့အတွက် အဖြူရောင်သစ်ခွပန်းတစ်ခိုင်ဝယ်ပေးလေသည်။

"ဩော်. . . မောင်ကလဲ၊ ခဏ. . ခဏပန်းဝယ်ရင် စိုက်ဆံကုန်တာပေါ့"

"မောင်က သစ်ခွကြိုက်တယ်၊ ရန်ကုန်ကခြံကြီးထဲမှာ သစ်ခွရုံလေးဆောက်ထားတယ် မေ၊ ဒါပေမယ့် အလှဆုံး တစ်ပွင့်ကိုပဲပန်စေချင်တယ်၊ မိန်းမကောင်းပန်းပန်တစ်ပွင့်တန် တဲ့ ဟုတ်ဘူးလား မေ"

www.burmeseclassic.com



သူက အဖြူရောင်သစ်ခွပန်းတစ်ပွင့်ကိုချွေယူလိုက်ပြီး သူမဆံကေသာတွင် ပန်ပေးလိုက်၏။

"ကဲ ဘတ်စ်ကားစီးဖို့ သွားကြစို့"

ဘတ်စ်ကားမှတ်တိုင်နား ပြန်လျှောက်လာခဲ့ကြသည်။

"မေ"

"ပြောလေ မောင်"

"ညနေအလုပ်ဆင်းရင် မေ့ကိုလာကြိုမယ်နော်"

"အင်း"

"ဒီည ကိုယ်တို့ကမ်းနားလမ်းဘက် လျှောက်ကြရအောင်"

"အိုကေ"

ထိုနေ့ညတွင် နှစ်ယောက်အတူ ကမ်းနားလမ်းဘက် လမ်းလျှောက်ထွက်ခဲ့ကြပြီး အပြန်တွင်ကော်ဖီရှော့ပ်တစ်ခုထဲ ဝင်၍ ကော်ဖီသောက်ကြသည်။

"မေ. . ."

"မောင်"

"မေ့ကိုသိပ်ချစ်တယ်၊ အရင်က မေ့မှာချစ်သူရှိဖူးလား"

မေက ဘာမှမဖြေ။ သူက မေမဖြေချင်မှန်းသိ၍ မမေးတော့ပေ။

"မောင်တို့လက်ထပ်ကြရအောင်"





"အို စောပါသေးတယ်"

"မေကျောင်းပြီးပြီဆိုတော့ ဘာဆက်လုပ်မလဲ၊ L.A သွားမလား"

သူ့အမေးကို သူမကချက်ချင်းပင် ခေါင်းခါရမ်းလိုက်၏။

"ကိုကိုက ရှေ့လကုန်သင်္ဘောဆင်းတော့မယ်၊ သည်တစ်ခါ သင်္ဘောဆင်းရင် ရန်ကုန်ပြန်နားလိမ့်မယ်၊ ဖေဖေနဲ့ မေမေလည်း ရန်ကုန်ပြန်ကြမှာလေ၊ မေလည်း ရန်ကုန်ပြန်တော့မယ်"

"မောင်က L.A မှာ အလုပ်လုပ်နေတဲ့ အစ်ကိုဝမ်းကွဲဆီ သွားမယ်"

"ဟုတ်လား"

"ဟိုမှာ အလုပ်ရှာလုပ်မလားလို့၊ မေပါတစ်ခါတည်း လိုက်ခဲ့ပါလား"

"မေရန်ကုန်ပြန်ပြီး အလုပ်လုပ်မှာလေ"

"ဘာအလုပ်လဲ မေ"

"မေက Beauty saloon ဖွင့်တယ်၊ ခုခဏ ပိတ်ထားခဲ့ရတာ၊ ရန်ကုန်ပြန်ရောက်တဲ့အခါ မေ့ဆိုင်လေးပြန်ဖွင့်မလားလို့"

"L.A ကို လိုက်ခဲ့ပါ မေ"

"မဖြစ်သေးဘူးထင်တယ်"

"ဟိုမှာ လက်ထပ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မေက ကိုယ့်တိုင်းပြည်ပြန်ပြီး အခြေတကျနေတော့မယ် မေ့ကိုချစ်ရင် မောင်လည်း ပြန်လိုက်ခဲ့ပါလား"

"ကျွန်တော် L.A သွားချင်သေးတယ် မေ၊ ဒါဖြင့် မောင်တို့နှစ်ယောက်ဇာတ်လမ်း ဘယ်လိုဖြစ်လာမလဲ မေ ကွဲကွာသွားကြတော့မှာလား"

သူ့အသံက ဆို့ဆို့နင့်နင့်. . .

သူမနှင့်ပတ်သက်သမျှ သူအသည်းနုရှာသည်မဟုတ်ပါ လား. . .

သို့သော် သူနှင့်အတူ Los Angeles မှာ သွားနေဖို့ မေ စိတ်ကူးမရှိပေ။

သည်လိုနှင့်သူမပြန်မည့်ရက်က နီးလာသည်။

သူက သူမကိုမပြန်ဘဲ သူနှင့်အတူလိုက်ခဲ့ရန် အထပ် ထပ်အခါခါပြောခဲ့၏။

နှစ်ယောက်သဘောထားကွဲလွဲရာမှ ချစ်သူနှစ်ဦး လမ်း ခွဲခဲ့ကြ၏။

❀ ❀ ❀

# အခန်း(၉)

"တူ. . . တူ. . . တူ. . . တူ"

ရုတ်တရက်သူ၏ mobile phone မြည်သံကြောင့် ပျံ့ လွင့်နေသည့် သူ့အတွေးသံသရာမှ သူလန့်နိုးသွားရသည် မဟုတ်ပါလား. . .

"ဟယ်လို"

"သား အိပ်မပျော်သေးဘူးလား၊ သားရဲ့အခန်းမီးလင်း နေလို့ မေမေဆက်လိုက်တာပါကွယ်"

"ဟုတ်တယ် မေမေ၊ သားအိပ်မပျော်သေးဘူး"

"ဒါဖြင့်ရင်လဲ supper (ညလယ်စာ)တစ်ခုခုစားကြရ အောင် လား၊ မေမေ pudding (ပူတင်း)ဖုတ်ထားတာ ရှိတယ်၊ ဓမ္မဆာကြွပ်ကြွပ်လေးကြော်ပေးလို့လဲရတယ်၊ ကော်ဖီခါးခါး

www.burmeseclassic.com



လေးနဲ့ ညလယ်စာစားလိုက်ပါလား"

"ကောင်းပြီ မေမေ၊ ဒါဖြင့်ရင် ကျွန်တော်ထမင်းစားခန်းထဲလာခဲ့မယ်နော်"

"မေမေထမင်းစားခန်းထဲမှာ စောင့်နေမယ်နော်၊ OK နော်သား"

သူဖုန်းပိတ်လိုက်ပြီး ထမင်းစားခန်းထဲထွက်လာခဲ့သည်။

သူတို့သားအမိ supper စားရန် ပြင်ဆင်နေကြစဉ် အိမ်အပေါ်ထပ်မှဆင်းလာသည့် သူမကိုတွေ့လိုက်ကြရသောကြောင့် သူအံ့အားသင့်သွားသည်။

ဒေါ်လှလှ ဧကရီ့ကိုကြည့်ပြီး. . .

"မအိပ်သေးဘူးလား ဧကရီ၊ အိပ်မပျော်သေးရင် အန်တီတို့နဲ့အတူ supper စားပါလား"

"မစားတော့ပါဘူး အန်တီရယ်၊ ကိုယ်နွေးနေလို့ ဆေးသောက်ချင်တာနဲ့ ရေနွေးနည်းနည်းလာယူတာပါ"

"ဒီမှာ ဓာတ်ဘူး၊ ယူသွားလေ၊ မိန်းကလေးတို့တပြောင်းလာတာမကြာသေးဘူးဆိုတော့ အခန်းထဲမှာသုံးဖို့ဓာတ်ဘူးတွေဘာတွေ မဝယ်ရသေးဘူးပေါ့၊ အန်တီဈေးသွားတဲ့နေ့ကြုံရင် ဝယ်လာပေးမယ်လေ"

ဧကရီရေနွေးဓာတ်ဘူးကိုလှမ်းယူနေစဉ် ထမင်းစားခန်းထဲသို့ ဇင်ယော်စိုးရောက်လာသည်။





"ချစ်လေး. . . မင်းပျောက်သွားလို့ ကိုယ်လိုက်ရှာနေတာ၊ လက်စသတ်တော့ မင်းကဒီရောက်နေတာကိုး၊ ဘာလာလုပ်တာလဲ၊ အောက်ထပ်ဆင်းချင်ရင် ကိုယ့်ကိုပြောမှပေါ့၊ ကိုကိုလန့်နိုးလာတဲ့အချိန် မင်းကိုမမြင်ရတော့ ရင်ထဲမှာထိတ်ခနဲဖြစ်သွားတာပဲ"

"ဆေးသောက်မလို့ ရေနွေးလာယူတာပါ ကိုကို"

သံသယမကင်းသည့် သူ့မျက်ဝန်းများကို အားလုံးကနားလည်နေမိကြသည်။

ဒေါ်လှလှက သူ့သံသယကင်းရှင်းစေရန်ကြားမှဝင်ပြီးရှင်းပြလိုက်သည်။

"ဟုတ်တယ် မောင်ဇင်ယော်၊ ဧကရီဖျားနေတယ်တဲ့၊ ဒါကြောင့် ဆေးသောက်ဖို့ ရေနွေးလာယူတာ၊ အန်တီတို့သားအမိ supper စားဖို့ လုပ်နေတုန်း သူရောက်လာတာပဲ"

ဒေါ်လှလှစကားကြောင့်ဧကရီ့အတွက် သူစိုးရိမ်ပူပန်သွားပြီး ဧကရီ့မျက်နှာကို သူ့လက်ဖြင့် ပါးပြင်ချင်း နဖူးချင်းထိကပ်၍စမ်းကြည့်လိုက်သည်။

"ဟုတ်တယ်၊ မင်းဖျားနေပြီ ဧကရီ၊ မင်းဖျားနေတဲ့အကြောင်း ကိုယ့်ကိုအရင်ဆုံးအသိပေးသင့်တာပေါ့၊ ကိုယ်အိပ်ပျော်နေလို့ သတိမပြုခဲ့မိပါလိမ့်၊ တစ်ညလုံး ကိုယ့်ရင်ခွင်ထဲမှာရှိနေတဲ့မင်းလေး ကိုယ်တွေ့ပူနေတာ ကိုယ်သိသင့်တယ်၊ ဆောရီး



www.burmeseclassic.com

www.burmeseclassic.com



ပဲ ချစ်လေးရာ၊ ကော်ဖီပူပူလေးနဲ့ဆေးသောက်လိုက်ရင် ပိုကောင်းမယ် ထင်တယ်၊ မင်းအတွက် ကော်ဖီပူပူလေး ကိုယ်ဖျော်ပေးမယ်၊ ကဲ. . . ကဲ ဒီမှာ ခဏထိုင်နေဦး ဟုတ်လား"

မိုးယံရှေ့မှာမို့ ပိုပိုသည်းသည်းလေးယုယပြ၊ မျက်နှာချင်းထိကပ်၍ အခါခါစမ်းသပ်ပြနေပြီးမှ ကော်ဖီဖျော်ရန် သကြားပုလင်းနှင့်နို့ဆီပုလင်းတွေလှမ်းယူနေသဖြင့် ဒေါ်လှလှက. . .

"အန်တီဖျော်ပေးပါ့မယ်ကွယ်"ဟုပြောပြီး သူမအတွက် ကော်ဖီတစ်ခွက်ဖျော်ပေးလိုက်သည်။

ဒေါ်လှလှဖျော်ပေးသည့် ကော်ဖီပန်းကန်ကိုလှမ်းယူ၍ သူကမှုတ်၍ သူမလက်ထဲပါလာသည့်ဆေးဖြင့် တိုက်နေသည်။

သူတို့နှစ်ဦးကို မိုးယံက မချိပြုံးဖြင့်ကြည့်နေရသည်။

မမြင်ချင်သော်လည်း သည်းခံမျိုသိပ်၍ ကြည့်နေရသည် မဟုတ်ပါလား. . .

မမြင်မတွေ့ချင်သော်လည်း တစ်အိမ်တည်းနေရတာ တော့ မျက်နှာလွှဲထား၍လည်း မဖြစ်နိုင်။

သူ့ရှေ့မှာ တမင်ယုယနေသည့် ဇင်ယော်စိုး၏အ... သည့်လုပ်ရပ်များကို မနာလိုမရှုစိမ့်နိုင်သလို ညလယ်စာ... ချင်စိတ်ပင်မရှိတော့ဘဲ ရင်ထဲမှာ ပြည့်ကြပ်လာသည်။





"ကဲ လာ ချစ်လေး၊ အိမ်ပေါ်တက်ကြစို့၊ လျှောက်နိုင်ပါ့မလား၊ မလျှောက်နိုင်ရင် ကိုကိုပွေ့ချီသွားမယ်လေ"

"အို. . လျှောက်နိုင်ပါတယ် ကိုကိုရဲ့၊ ဒီလောက်မဖြစ်ပါဘူး"

သူမက မိုးယံတို့သားအမိကိုအားနာပြီး ထမင်းစားခန်းထဲမှ ခြေလှမ်းခပ်သွက်သွက်ဖြင့် ထွက်သွားမှပင် ဇင်ယော်စိုးသည်း သူမနောက်မှလိုက်သွားလေသည်။

"ကဲ. . သား ညလယ်စာ စားချင်စိတ်ရှိသေးရဲ့လား"

"ကိစ္စမရှိပါဘူး မေမေ၊ မေမေဖုတ်ထားတဲ့ပူတင်းလေးက မွှေးပါတယ်၊ စမူဆာတော့ မကြော်ပါနဲ့တော့၊ ညဘက် ကြီး မေမေညှော်နေပါ့မယ်"

သားအမိနှစ်ယောက် ကော်ဖီပူပူနှင့်ပူတင်းကို ညလယ်စာအဖြစ် စားလိုက်ကြသည်။

"ကဲ သားရေ၊ အိပ်ပျော်အောင်ကြိုးစားပြီး အိပ်နော်၊ ဟိုကိစ္စတွေ ခေါင်းထဲသိပ်မထည့်နဲ့ ဟုတ်ပြီလား"

"သားအတွက် မစိုးရိမ်ပါနဲ့ မေမေ"

"ကောင်းပြီ သား၊ Good night"

သားအမိနှစ်ယောက် ကိုယ့်အခန်းရှိရာ ကိုယ်လာခဲ့ကြပြီး အိပ်ရာဝင်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃၀)

ရက်များတရွေ့ရွေ့ကုန်ဆုံးကြွေလွင့်သွားပြီး တစ်လနီး ခန့်ကြာမြင့်ခဲ့ပေပြီ။

နှင်းစက်နှင်းပေါက်များ တဖွဲဖွဲကျနေသည်။

နှင်းစက်နှင်းပေါက်တို့ကို သယ်ဆောင်ပြီး ဝှေ့ဝဲလာသော လေအေးကြောင့် ချမ်းစိမ့်စိမ့်ခံစားနေရ၏။

သည်ကနေ့ည သူမအိပ်မပျော်နိုင်။ ခုတလော ညည အိပ်မပျော်နိုင်ဘဲ အတွေးများနေခဲ့သည်မဟုတ်ပါလား. . .

သူမအိပ်မပျော်နိုင်သဖြင့် အိပ်ရာထဲမှထလာခဲ့ပြီး ခန်းတံခါးကိုတွန်းဖွင့်၍ ဝရန်တာသို့ထွက်လာခဲ့သည်။

သူမရပ်နေစဉ် Westlife boyband ၏More Than W သီချင်းသံသဲ့သဲ့ကို ကြားနေရသည်။





♬ ♬ ♬ How easy it would be to show me
how you feel
More than words ...
is all you have to do to make it real ...
Then you wouldn't have to say
that you love me cos I'd already known

ထိုသီချင်းကို သူမ မမှတ်မိဘဲနေပါ့မလား. . .

စကော့ပူတွင် မိုးယံနှင့်သူမတို့အတူတူ မကြာခဏ နားထောင်ခဲ့ကြသည့် သီချင်းရယ်ပါ။

နှစ်ယောက်လုံး ထိုအခွေကိုကြိုက်သဖြင့် CD တစ်ယောက်တစ်ချပ်စီ ဝယ်ထားခဲ့ကြ၏။

ထိုစီဒီချပ်ကို မိုးယံဖွင့်နေတာဖြစ်လိမ့်မည်။

ဝရန်တာတွင်ရပ်၍ သူမသီချင်းသံကို နားစွင့်နေမိသည်။

"ချစ်လေး"

ဝရန်တာသို့ ကိုကိုထွက်လာသဖြင့် သူမအံ့ဩတုန်လှုပ်သွားသည်။

သူက ကေရီ့နားမှာလာရပ်ပြီး. . .

"ခုချိန်ထိမအိပ်သေးဘူးလား ချစ်လေး"

"အိပ်မပျော်တာနဲ့ ဒီနေရာလေးမှာ လာရပ်နေတာပါ ကိုကို"

ကိုကိုက ကေရီ့ကို စူးစမ်းသလိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ကြည့်နေမှန်းသိ၍ သူမ မလုံမလဲဖြစ်သွားရ သည်။

"ဒီလောက်အေးတဲ့ညမျိုးမှာ အနွေးထည်မဝတ် ဘာ မဝတ်နဲ့ မချမ်းဘူးလား ဧကရီ"

သူမလက်မောင်းများကိုဆုပ်ကိုင်စမ်းသပ်ရင်း သူပြော လိုက်သည်။

♬ ♬ ♬ What would you do . . . .

If my heart was torn in two

More than words ... to show you feel

that your love for me is real - - -

တငြိမ့်ငြိမ့်ထွက်ပေါ်နေသည့် သီချင်းသံကို ကိုကိုပါ သတိပြုမိသွားပြီး အဓိပ္ပါယ်ပါပါပြုံးလိုက်သည်။

"ချစ်လေးအိပ်မပျော်တာ ဟိုကောင်ဖွင့်နေတဲ့ သီချင်း သံကို နားထောင်နေလို့ထင်တယ်"

သူမကြိုတင်မျှော်လင့်ထားသည့်အတိုင်း ကိုကိုစွပ်စွဲနေ ပြီမို့ သူမ မသက်မသာ သက်ပြင်းရှိုက်နေမိသည်။

"ကိုကိုပြောတာ ဟုတ်သလား ဧကရီ"

"မဟုတ်ပါဘူး ကိုကို၊ ဧကရီအိပ်မရလို့ပါ"

"ဧကရီ့စိတ်ထဲမှာ သူရှိနေ့တုန်းပဲလား".

"ဧကရီ့ကို ဒီလိုမထင်ပါနဲ့ ကိုကို"

"မထင်ပါဘူး၊ ဒါပေမယ့်ကိုကို့မျက်စိရှေ့မှာ မြင်နေ





တာတွေက ဧကရီ့အပေါ် သံသယဖြစ်စရာတွေပဲလေ"

"ကိုကို"

"ဘာလဲ"

"ချစ်လေးအတတ်နိုင်ဆုံးကောင်းအောင်နေပါတယ်၊ ဒါပေမယ့် ကိုကိုက အမြဲအထင်လွဲနေတယ်"

"အထင်မလွဲစေချင်ရင် အထင်မလွဲအောင်နေပေါ့"

ဧကရီငိုချင်နေမိသည်။

စိတ်ထဲတွင် အလိုလိုတင်းကြပ်လာပြီး မျက်ရည်များပင် စို့ဝဲလာမိသည်။

ကိုကို့ကို ရှင်းပြရန် ခက်လိုက်တာ. . . .

"ချစ်လေးကြောင့် ကိုကိုတစ်နေ့မှစိတ်မချမ်းသာဘူးကွ ဆိုလည်းလား"

"ကိုကိုစိတ်ချမ်းသာချင်ရင် ချစ်လေးတို့အိမ်ပြန်ကြပါစို့၊ အိမ်မှာဆက်နေနေတာ ဘာမှအဓိပ္ပါယ်မရှိဘူး"

"ကိုယ်ဒီအိမ်မှာနေနေတာ ဘာရည်ရွယ်ချက်လို့ ချစ်လေး ထင်သလဲ"

"နားမလည်နိုင်ဘူး ကိုကို"

သီချင်းသံကရပ်မသွားဘဲဖွင့်ထားဆဲမို့ ဖင်ယော်စိုးဆက် နားထောင်နေရင်း ရင်ထဲတွင် ကသိကအောက်ဖြစ်သည် ထက်ဖြစ်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



- - - မိုးယံဖွင့်ထားတဲ့ သီချင်းကိုအိပ်မပျော်နိုင်တဲ့ ဇာကရီကနားထောင်နေတာ ဘာသဘောလဲ. . .

ဇာကရီ့ကို သူဘယ်လောက်ချစ်တယ်ဆိုတာ သူအသိဆုံးပါ။

"ပြောစမ်း ဇာကရီ၊ ဟိုကောင်ဖွင့်ထားတဲ့သီချင်းကို မင်းက နားထောင်ပြီး အိပ်မပျော်နိုင်ဘူး၊ အိပ်ခန်းထဲမှာ ကိုကို့တစ်ယောက်တည်းထားပစ်ခဲ့တယ် မဟုတ်လား၊ မင်းရင်ထဲမှာ သူရှိနေသေးသမျှ ငါမပျော်နိုင်တော့ဘူး နားလည်လား"

"အိမ်ပြောင်းရအောင် ကိုကို၊ ကျွန်မတို့အိမ်ပြန်ရောက်ရင် ပြဿနာတွေအားလုံး ရှင်းသွားလိမ့်မယ်၊ ကိုကိုဘာကြောင့် ဒီအိမ်ကြီးမှာဆက်ပြီးနေနေရတာလဲ"

"ဟုတ်တယ်၊ ဒီအိမ်ကြီးမှာနေရတာ ကိုယ့်အတွက် ဘာမှအဓိပ္ပါယ်မရှိတော့ဘူးဆိုတာ ကိုယ်နားလည်ခဲ့ပြီး တကယ်တော့ ကိုယ်က မိုးယံတို့သားအမိကိုစိတ်ဆင်းရဲစေချင်လို့ ဒီအိမ်မှာလာပြန်နေတာ၊ ကိုယ်ပဲစိတ်ဆင်းရဲနေရတယ် ကြာတော့ ကိုယ်မခံစားနိုင်တော့ဘူး သိလား ဇာကရီ"

"ဒါဖြင့် ဇာကရီတို့အိမ်ပြန်ကြဖို့ ကိုကိုဆုံးဖြတ်လိုက်ပါ ဆေး ဟုတ်လား"

"ဟုတ်တယ်၊ ကိုယ်တို့အတွက် အိမ်ပြန်တာထက် အကောင်းဆုံးပဲ"





သူက သူမနားနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ပိတ်လိုက်ပြီး သူမမျက်နှာလေးကို သူ့ပခုံးပေါ် မှောက်ချလိုက်သည်။

မိုးယံဖွင့်နေသည့်သီချင်းကို နားမထောင်စေချင်သည့် သဘောရယ်ပါ။

"ကဲ. . ကိုယ်တို့အခန်းထဲဝင်ကြစို့၊ ဒီမှာ ကြာကြာရပ်နေရင် အအေးမိပြီးဖျားလိမ့်မယ်"

အခန်းထဲရောက်တော့ သူမကနှစ်ယောက်အိပ်ခုတင်ကြီး၏ တစ်ဖက်စွန်းမှာ ခွေခွေကလေးအိပ်ပျော်သွားသည်။

သူက ရုတ်တရက်အိပ်မပျော်ဘဲ အတွေးနယ်ချဲ့နေသည်။

မိုးလင်းခါနီးမှပင် သူအိပ်ရာဝင်ရန် ခုတင်ပေါ် ပစ်လှဲလိုက်၏။

သူမဆံပင်များက ပြေလျော့ကျပြီး အိပ်ရာထက်မှာ ဝဲနေသည်။

အချိန်တိုင်း ကြည့်မဝတိုင်းသိပ်လှနေသည့် သူမကြောင့် သူ့ရင်ထဲမှာ လှိုက်ဖိုနေမိ၏။

မိုးယံဖွင့်ထားသည့်သီချင်းသံကလည်း ယခုမှပင် ရပ်သွားသည်။

တစ်ညလုံး သီချင်းမဖွင့်ရန် မိုးယံကိုတားမြစ်ရမည်ဟု စဉ်းစားနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် ဧကရီကစောစောနိုးလာခဲ့ပြီး သူကအတော်နေမြင့်မှပင် နိုးလာခဲ့သည်။

သူအိပ်ရာမှ နိုးလာသည်နှင့်. . .

"ချစ်လေး. . . ရေမိုးချိုးပြီး အလှပြင်ထား၊ ကိုကိုနဲ့ အတူအပြင်သွားကြရအောင်"ဟု ပြောသည်။

"ဘယ်သွားမလို့လဲ ကိုကို"

"ကိုယ်တို့ဒီနေ့နေ့လယ်စာကို အပြင်မှာအတူတူစားကြမယ်၊ ပြီးတော့ စက်ရုံတွေသွားကြည့်တဲ့ဆီ ချစ်လေးကိုပါ ခေါ်သွားမလို့"

သူစိတ်လိုလက်ရပြောနေ၍ သူမဘာမှမပြောဘဲ ခေါင်းညိတ်လိုက်၏။

သူပြောသည့်အတိုင်း ရေချိုးခန်းဝင် ရေမိုးချိုးပြီး အလှပြင်နေ၏။

ခရမ်းရောင်ထက်အောင်ဆင်တူ ပိုးသားဝတ်စုံပုံဆန်းလေးကို ဝတ်လိုက်ပြီး လက်ကိုင်အိတ်၊ ဖိနပ်များကိုပါ ဆင်တူရွေးယူလိုက်သည်။

ခရမ်းစွဲတစ်ဆင်စာကိုပါ ဆင်မြန်းလိုက်သောကြောင့် သူမရုပ်ရည်လေးက နဂိုရှိသည်ထက် အဆပေါင်းများစွာတိုး၍ ချောမောလှပသွားသည်မဟုတ်ပါလား. . .

"ဟာကွာ. . . ဒီလိုပြင်ဆင်ထားမှ ကိုယ့်မိန်းမက ပိုပြီး



လှသွားတယ်"

သူမပခုံးကိုဖက်၍ ဂုဏ်ယူဝင့်ကြွားသောမျက်နှာဖြင့် အောက်ထပ်သို့ဆင်းလာသည်။

♫♫♫ ♫♫♫ ♫♫♫

လှေကားတစ်ဝက်သို့ရောက်သည်နှင့် သီချင်းသံကြောင့် သူမျက်မှောင်ကုတ်သွားပြီး ခြေလှမ်းများပါရပ်တန့်သွားသည်။

လှေကားပေါ်တွင်ရပ်လိုက်ပြီး အောက်ထပ်ဧည့်ခန်းကျယ်ကြီးထဲတွင်ထိုင်နေသည့် မိုးယံကို မျက်နှာထားတင်းတင်းဖြင့် စိုက်ကြည့်နေသည်။

သူမက အံ့သြနားမလည်စွာ သူ့မျက်နှာကိုမော့ကြည့်ပြီး စိုးရိမ်ထိတ်လန့်သွားမိသည်။

"ဘာဖြစ်လို့လဲဟင် ကိုကို၊ သွားကြစို့"

သူက သူမပခုံးကိုဖက်ထားရာမှ လက်ကိုရုပ်လိုက်ပြီး ရှေ့မှဆင်းသွားသည်။ ပြီးတော့ မိုးယံအနီးမှာသွားရပ်လိုက်၏။

"ဟေ့ကောင် မိုးယံ"

"ပြောပါ ကိုကို၊ ဘာကိစ္စရှိလို့လဲ"

"ကိစ္စဟုတ်လား၊ မင်းဒီသီချင်းကိုဖွင့်နေတာ ဘာသဘောလဲ၊ ငါ့ကိုတမင်စောင်းချိတ်ပြီး ဖွင့်နေတာလား"

"အို. . . မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ဘာသာ သီချင်းခွေအသစ်ထွက်လို့ ဝယ်ပြီးနားထောင်နေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင့် မိုးယံ၊ မင်းဘာမှ ရှင်းပြမနေနဲ့၊ ဧကရီနဲ့ ပတ်သက်ပြီး မင်းရင်ထဲမှာ မရှင်းသေးဘူးဆိုတာ ငါနားလည်တယ်ကွ သိလား၊ တယ်လေ ငါ. . . ဆွဲထိုးလိုက်ရ"

သူက မိုးယံအင်္ကျီကော်လာစကိုဆောင့်ဆွဲလိုက်ပြီးမှ ဒေါသကိုချုပ်ထိန်းလိုက်သည်။

ဧကရီက သူ့အနီးရောက်လာပြီး. . .

"အို. . . ကိုကိုကလဲ၊ ဘာဖြစ်လို့ ဒီလောက်ရန်လိုနေရတာလဲ သွားကြပါစို့"

"ငါက ရန်လိုတာမဟုတ်ဘူး၊ မင်းတို့က မရိုးသားတာ နားလည်လား"

"သီချင်းနားထောင်တာပဲ ကိုကိုရယ်၊ အတွေးမခေါင်ချင်စမ်းပါနဲ့"

"မင်းက ဘာကိစ္စ မိုးယံဘက်က ဝင်ပြောနေရတာလဲ လာစမ်းကွာ သွားမယ်"

သူစိတ်ဆိုးဆိုးဖြင့် သူမကိုယ်လေးတို့ ကြမ်းတမ်းစွာ ဆွဲခေါ်သွားလေသည်။

ပေါ်တီကိုအောက်ရောက်တော့ သူမခလုတ်တိုက်ပြီး ဒူးထောက်လဲကျသွား၏။

သို့သော် သူကမထူဘဲ ကားပေါ်တက်သွားသဖြင့် သူမ ဘာသာအားယူထရပ်လိုက်ပြီးမှ ကားပေါ်သို့တက်လိုက်ရသည်။

"မင်းက မင်းအကောင်သနားအောင် ချော်လဲပြနေရသေးလား၊ မူယာမာယာများနေလိုက်တာ လွန်ပါရော"ဟု တတွတ်တွတ် အပြစ်ပြောလေသည်။

မိုးယံက သူတို့နှစ်ဦးကိုလှမ်းကြည့်ပြီး သက်ပြင်းရှိုက်နေမိ၏။

ဪ. . . ဧကရီ. . . ဧကရီ. . .

သဝန်ကြောင်လွန်းတဲ့ ကိုကို့ကိုရွေးချယ်ခဲ့တာ မှားမနေပြီထင်တယ်. . .

မင်းအတွက် ကိုယ်စိတ်မကောင်းပါဘူး ဧကရီရယ်. . .

ထိုနေ့တစ်နေ့လုံး ဇင်ယော်စိုးမကြည်သာတော့ပါ။

နေ့လယ်စာ အတူတူစားခဲ့ကြသော်လည်း စကားမပြောဖြစ်ကြတော့ဘဲ နှစ်ယောက်လုံး တိတ်ဆိတ်ငြိမ်သက်နေမိကြသည် မဟုတ်ပါလား. . .

ညနေအိမ်ပြန်လာသည့်အချိန်အထိ မပြုံးမရယ်နိုင်ဘဲ သူ့မျက်နှာက သုန်သုန်မှုန်မှုန်ဖြစ်နေဆဲပင်။




ဘာဂုဏ်စာပေ
www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

နောက်တစ်နေ့ညနေ။

သူမမီးဖိုထဲတွင် အလုပ်ရှုပ်နေ၏။

ဒေါ်လှလှပင် သူမကိုကြည့်ပြီး အံ့ဩနေလေသည်။

"ဘာတွေဝင်လုပ်နေတာလဲ ကေရီ"

"သင်္ဘောသီးသုပ်မလို့ပါ အန်တီ"

"မောင်ဇင်ယော်စိုးက သင်္ဘောသီးသုပ် စားချင်လို့

လား"

"သူစားချင်လို့ မဟုတ်ပါဘူး။ ကေရီစားချင်လို့ပါ၊ သင်္ဘော

သီးသုပ်ဆိုတာမျိုးက restaurant တွေမှာသွားဝယ်စားလို့

မရဘူး၊ ကိုယ်တိုင်အားရပါးရသုပ်စားမှ ကောင်းတာ

ဒါကြောင့်လုပ်နေတာ"



စကားတပြောပြောနှင့် သင်္ဘောသီးအခွံနွှာနေရာမှ လက်ကိုဓားရှသွားသည်။

"အား. . ."

"ဟင်. . . မိန်းကလေး၊ ဘာဖြစ်သွားတာလဲ၊ လက်ကို ဓားရှသွားပြီထင်တယ်"

ဒေါ်လှလှက သူမအနီးရောက်လာပြီး ဓားရှသွားသည့် ဘယ်လက်ကို ဆုပ်ကိုင်၍ကြည့်လိုက်သည်။

"ဟယ်. . . လက်ညှိုးမှာရှသွားတာပါလား၊ သွေးတွေ ထွက်လာပြီ၊ လာ. . လာဆေးခန်းသွားရအောင်"

"ကိစ္စမရှိပါဘူး အန်တီ၊ နည်းနည်းလေးရှသွားတာပါ၊ Hansaplast ကပ်လိုက်ရင် ကောင်းသွားပါလိမ့်မယ်"

ဒေါ်လှလှက သွေးမြင်လျှင်လန့်တတ်သူမို့ စိုးရိမ်ပူပန်ပြီး သားဖြစ်သူကို အော်ခေါ်လိုက်သည်။

"သားရေ မိုးယံ၊ ဆေးသေတ္တာလေးအမြန်ယူပြီး လာခဲ့ ပါဦးဟေ့"

မိုးယံက အနီးသို့ အပြေးတစ်ပိုင်းဖြင့်ရောက်လာပြီး. . .

"ဘာဖြစ်လို့လဲ မေမေ"ဟု မေးလိုက်သည်။

"ဒီမှာ ကေရီ့လက်ဓားရှသွားလို့ လုပ်ပါဦး"

"ဟုတ်လား၊ ဧည့်ခန်းထဲကိုထွက်ခဲ့ကြလေ၊ ကျွန်တော် ဆေးသေတ္တာသွားယူလိုက်ဦးမယ်"

ပြောပြီး မိုးယံပြေးထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှလှနှင့်ဇေကရီက ဧည့်ခန်းထဲထွက်လာခဲ့ကြသည်။

ခဏကြာတော့ မိုးယံအိမ်ပေါ်ထပ်မှပြန်ဆင်းလာပြီး သူ့လက်ထဲတွင် ဆေးသေတ္တာလေးပါလာခဲ့သည်။

"ဘယ်နားထိသွားသလဲ ဇေကရီ"

"ဘယ်ဘက်လက်ညှိုးကိုရှသွားတာပါ"

မိုးယံက ဇေကရီ့ကိုအရက်ပျံတို့ပေးမည်ပြုတော့ ဇေကရီငြင်းလိုက်၏။

"ဇေကရီ့ဘာသာ ဆေးထည့်ပါ့မယ်"

Spirit ဆွတ်ထားသောဂွမ်းကိုလှမ်းယူပြီး ဇေကရီပြောလိုက်သည်မို့ မိုးယံဘာမှမပြောတော့ပေ။

သို့သော် Hansaplast ကပ်ခါနီးတော့ သူကိုယ်တိုင်ကပ်ပေးရန် သူကပြောသည်။

" Hansaplast ကိုတော့ ဇေကရီ့ဘာသာကပ်လို့ရမှာမဟုတ်ဘူး၊ ကျွန်တော်ပဲ ကပ်ပေးပါ့မယ်"

ဇေကရီငြင်းမည်ပြုစဉ် သူက ဓားရှထားသည့် ဇေကရီ့ဘယ်လက်ကိုဆွဲယူပြီး Hansaplast ကပ်ပေးလိုက်၏။

ထိုစဉ် အိမ်ရှေ့သို့ ရုတ်တရက် ထိုးဆိုက်လိုက်သည့်ကားသံကိုကြားလိုက်ရသည်မို့ ဇေကရီလက်ကို ရုန်းလိုက်မိသည်။

"နေဦးလေ ဇေကရီ၊ ကပ်လို့မပြီးသေးဘူး"

ဇေကရီ့လက်ကို Hansaplast ကပ်ပေးနေစဉ် ဧည့်ခန်းထဲဝင်လာသောဇင်ယော်စိုးကို တွေ့လိုက်ကြရသည်။



အိမ်ထဲဝင်ဝင်ချင်း မြင်တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ဇင်ယော်စိုးထောင်းခနဲဒေါသထွက်သွား၏။

"ဒါဘာလုပ်နေကြတာလဲ"

ဟိန်းခနဲထွက်ပေါ်လာသည့် သူ့အသံကြောင့် ဇေကရီရော မိုးယံပါ အံ့ဩထိတ်လန့်သွားကြသည်။

မိုးယံဆုပ်ကိုင်ထားသည့် သူမလက်ကို ကမန်းကတန်းရုန်းပစ်လိုက်မိသည်။

"ဟော့. . မေးနေတာပြောကြလေ၊ ဘာလုပ်နေကြတာလဲလို့"

မိုးယံဘာပြောရမှန်းမသိသလို ဇေကရီလည်း ကြောက်ရွံ့ထိတ်လန့်ပြီး ပြောမထွက်။

ဒေါ်လှလှက ကြားမှဝင်ပြောလိုက်ရသည်။

"ဇေကရီ့လက်ဓားရှသွားလို့ Hansaplast ကပ်ပေးနေတာပါကွယ်"

"ဘာ. . ."

ဇင်ယော်စိုးအသံက ကျယ်လောင်လွန်းလှ၏။ ပြီးတော့ ဒေါသကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေလေသည်။

ပြီးတော့ ဇေကရီ့နား ချက်ချင်းရောက်လာပြီး ဇေကရီ့ပုခုံးစွန်းဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး မေးလိုက်သည်။

"မင်းက ဘာကြောင့်ဓားရှရတာလဲ ပြောစမ်း"

www.burmeseclassic.com



"ဟို. . . သင်္ဘောသီးသုပ်မလို့ သင်္ဘောသီးအခွံခွာရင်း
နဲ့. . ."

"မားရှုရင် ဆေးခန်းသွားပြပါလား၊ ဘာကြောင့် ဒီကောင်
ကိုဆေးထည့်ခိုင်းနေရတာလဲ၊ မင်းကိုက အယုယခံချင်နေတာ
မဟုတ်လား ဇေကရီ"

"အို. . မဟုတ်ဘူး မဟုတ်ဘူး"

သူ့စကားကြောင့် ဇေကရီရှက်ရွံ့ထူပူသွားသလို မိုးယံ
ဒေါ်လှလှတို့လည်း မျက်နှာပျက်သွားကြသည်။

"ပြောစမ်း ဇေကရီ၊ မင်းတို့ရင်ထဲက ခံစားချက်တွေ မ
သိပ်နိုင်လောက်အောင်ဖြစ်နေကြပြီလား"

"အဲဒီလိုမဟုတ်ပါဘူး ကိုကိုရယ်"

" Hansaplast ကပ်ဖို့ သူ့ဘာသာကပ်ရခက်လို့ ကျွ
တော်ကပ်ပေးလိုက်တာပါ"

"မင်းပါးစပ်ပိတ်ထားစမ်း၊ ငါဒီလောက်သဝန်တို
သိလျက်နဲ့ ငါ့မိန်းမနဲ့လာပြီး ပတ်သက်နေတာ ဘာသဘော

သူ့အသံက ဒေါသဖြင့် တုန်ယင်နေပြီး မျက်ဝန်းမျာ
သံသယဖြင့် မီးဝင်းဝင်းတောက်နေသည်မို့ အားလုံးအံ့သြ
လန့်နေကြသည်။

"သင်္ဘောသီးသုပ် ဟုတ်လား၊ စားချင်ရင် ငါပြန်
အပြင်ထွက်ပြီး ဝယ်စားလဲရရက်နဲ့ တောက်"

ဇေကရီ့ကို မကျေမနပ်ကြည့်ပြီး ဆူပူမာန်မဲနေသ
ဒေါ်လှလှကြားဝင်လိုက်သည်။





"အိုကွယ်. . . သူ့ခမြာ တစ်ခါတလေစားချင်လို့နေမှာ
ပေါ့၊ ဆိုင်ကဝယ်စားတော့ ကိုယ်တိုင်သုပ်သလို ဘယ်ကောင်း
ပါ့မလဲ၊ မဆူပါနဲ့တော့ကွယ်"

"အန်တီဝင်မပြောပါနဲ့၊ ကျွန်တော့်မိန်းမ ကျွန်တော်
ဆူတာ ဘာဖြစ်လဲ"

"ငါက မိန်းကလေးကိုသနားလို့ပါ၊ မင်းကတစ်နေ့လုံး
အခန်းထဲမှာပဲ နေခိုင်းတာကရော ကိုယ်ချင်းမစာဘူးလား"

"ခင်ဗျားပါးစပ်ပိတ်ထားပါ၊ လင်မယားကြား ဝင်မပါနဲ့၊
ပြီးတော့ ခင်ဗျားသားမိုးယံကို ထိန်းထားစမ်းပါ"

သူစိတ်ဆိုးလွန်း၍ ကြမ်းတမ်းသည့်စကားများ နှုတ်မှ
ထွက်သွားသည်။

"ကိုကို. . . အန်တီ့ကို သည်လိုမပြောပါနဲ့၊ ကျွန်မတို့ အိမ်
ကြရင်ကောင်းမယ်"

"မပြန်ဘူး၊ တမင်လာနေတာ"

"ဒါဖြင့် ဇေကရီတစ်ယောက်တည်းပဲ သွားတော့မယ် ကိုကို"

ဇေကရီစိတ်ရှုပ်ထွေးနေသည့်အမူအရာဖြင့်ပြောပြီး ချာခနဲ
လှည့်ထွက်သွားသဖြင့် သူကလက်မောင်းတစ်ဖက်ကို လှမ်းဆွဲ
ထားလိုက်သည်။ ပြီးတော့. . .

"မင်းက မင်းအကောင်ရှေ့မှာ ငါ့ကိုအာခံနေတယ်ပေါ့
ဟုတ်လား"

"Meaningless (အဓိပ္ပါယ်မရှိ)လိုက်တာ ကိုကိုရယ် ဇေကရီ
သွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဧကရီရှုန်းပစ်လိုက်သည်။ သူက ဒေါသမိုးမွှန် သဝန်တိုစိတ် ငယ်ထိပ်တက်ပြီး သူမမျက်နှာပေါ် လက်တစ်ဖက်ကျရောက်သွားတော့၏။

ဧကရီ့မျက်နှာလေး လည်ထွက်သွားပြီး ကိုယ်ခန္ဓာပါ ယိမ်းယိုင်သွားလေသည်။

"ဟင်. . . ဘယ်လိုလုပ်လိုက်တာလဲ ကိုကို၊ ခင်ဗျား အတော်ရက်စက်ပါလား"

မိုးယံက မမျိုသိပ်နိုင်တော့ဘဲ ဝင်ပြောလိုက်၏။

ဒေါ်လှလှက ဧကရီ့ကိုထိန်းမတ်ပြီး ဖက်ထားလိုက်သည်။

"မင်းတို့သားအမိကြည့်ရတာ ဧကရီ့အပေါ် အတော် သနားဂရုဏာဖြစ်နေပုံရတယ်၊ တစ်သက်လုံးကြည့်ရှုစောင့် ရှောက်ခွင့်မရတာ သနားစရာပဲ၊ ကျွတ်. . . ကျွတ်. . . အားလုံး သနားတယ်ကွာ"

သူ့အသံက သရော်လှောင်ပြောင်မှုများပြည့်နေပြီး မျက်နှာကြီးက မုန်းစရာကောင်းလောက်အောင် မာကျော ခက်ထန်နေသည်မဟုတ်ပါလား. . .

"ဒီမှာ မောင်ဇင်ယော်စိုးရဲ့၊ သူများသားသမီးယူပြီး သည်လိုပဲ နှိပ်စက်နေရသလားကွယ့်၊ မင်းစိတ်ဓာတ်ထ အောက်တန်းကျလိုက်တာ"

"ဟုတ်ပါတယ် ကိုကို၊ ဧကရီ့မှာ ဘာအပြစ်မှမရှိဘဲ အသက်ရှူခွင့်လေးတောင်မရလောက်အောင် ကိုကိုနှိပ်စက် နေတာတော့ လွန်လွန်းပါတယ်၊ ဒီအိမ်ကြီးပေါ် ပြောင်းလာ တာကိုက ဧကရီနဲ့ကျွန်တော့်ကို အပြစ်ရှာဖို့ရည်ရွယ်ချက်ပဲ ဟုတ်လား"

"မှန်တာပေါ့ကွ၊ မင်းကိုစိတ်ဆင်းရဲစေချင်တာ"

"ဒါဖြင့်လဲ ကိုကိုတို့ပဲနေခဲ့ကြပါ၊ ကျွန်တော်တို့သားအမိ အိမ်ပြောင်းတော့မယ်"

"မင်းမှာ ဘယ်အိမ်ရှိသေးလို့လဲ"

"ဒီလောက်အထင်မသေးပါနဲ့ ကိုကို၊ ကျွန်တော့်မှာ အမေ့အတွက်အိမ်ခန်းတစ်ခန်းတော့ ဝယ်ပေးနိုင်တဲ့စွမ်းရည် ရှိပါသေးတယ်"

"ဒါဖြင့်လဲ သွားပေါ့ကွာ"ဟု သူခပ်မဲ့မဲ့ပြောသည်။

"ကဲ မေမေ၊ ပစ္စည်းတွေသိမ်းကြပါစို့၊ ကျွန်တော်တို့ သားအမိဆင်းသွားကြမှပဲ သူတို့ပြဿနာအေးမယ်"

မိုးယံဆုံးဖြတ်ချက်ချလိုက်ပြီး လှည့်ထွက်သွားသည်နှင့် ဧကရီက တားဆီးလိုက်သည်။

"အို. . . မဟုတ်ဘူး၊ မဟုတ်ဘူး၊ မိုးယံတို့သားအမိ ဆင်းသွားစရာမလိုပါဘူး၊ ဧကရီပဲထွက်သွားပါ့မယ်၊ ဧကရီ့ ကြောင့် ခုလိုဖြစ်နေကြရတာပါ"

ဧကရီအိမ်ထဲမှ ကသောကမျော ပြေးထွက်ခဲ့မိသည်။ ယခုတစ်ရက်မို့ အားလုံးအံ့ဩငေးကြောင်နေမိကြပြီးမှ ဇင်ယော်







www.burmeseclassic.com

www.burmeseclassic.com



စိုးက သူမနောက်မှလိုက်လာခဲ့၏။ ပြီးတော့ မိုးယံ. . .

"ဟေ့ ဇကရီ၊ စိတ်လိုက်မာန်ပါ မလုပ်နဲ့" .

ဇင်ယော်စိုးအော်ပြောလိုက်သော်လည်း ဇကရီလုံးဝလှည့်မကြည့်တော့ပေ။

သူမအပေါ် စော်ကားမော်ကားပြောနိုင်လွန်းသည့် ကိုကို့အသံကို ကြားလိုစိတ်ပင် မရှိတော့ပါ။

ကိုကို့အချစ်က ရက်စက်မှုနှင့်ပြင်းထန်လှသည်မို့ မခံစားနိုင်တော့ပါ။

သူမအိမ်ပြောင်းလာပြီးနှစ်ရက်ခန့်အကြာတွင် ကိုကိုက သူမကားကိုယူထားပေးခဲ့သည်မို့ အဖြူရောင်စူပါဆလွန်းကားလေးက တိုက်ရှေ့ခပ်လှမ်းလှမ်းမှာ အဆင်သင့်ရှိနေသည်မဟုတ်ပါလား. . .

သည်အိမ်ရောက်လာကတည်းက အခန်းအောင်းနေရသဖြင့် တစ်ခါမျှ ကားမမောင်းဖြစ်တော့ပေ။

ကားတံခါးဆွဲဖွင့်ပြီး ဒက်ရှ်ဘုတ်ထဲမှ spare key ကိုထုတ်လိုက်၏။ ပြီးတော့ မောင်းထွက်ခဲ့သည်။

"ဟေ့ ဇကရီစိတ်လိုက်မာန်ပါ မလုပ်နဲ့၊ ရပ်လိုက်စမ်း"

ဇင်ယော်စိုးအော်ဟစ်ပြီး တားဆီးလိုက်သော်လည်း ဇကရီ့ကားက ခြံထဲမှအရှိန်ပြင်းပြင်းမောင်းထွက်သွားပေပြီ။

"ဒုက္ခပါပဲ. . . ဇကရီ. . ဇကရီ"

မိုးယံဆိုင်ကယ်ပေါ်တက်ပြီး စက်နှိုးလိုက်သလို ဇင်ယော်စိုးက သူ့ Cygnus ကားကြီးဖြင့် ဇကရီ့နောက်မှ အပြိုင်လိုက်





လာခဲ့ကြ၏။

ဇကရီ့စိတ်တွေ ရှုပ်ထွေးပင်ပန်းနေသည်။ အသည်းနှလုံးတစ်ခုလုံး နာကျင်ကြေကွဲနေမိသည်မဟုတ်ပါလား. . .

- - - ဇကရီသွားတော့မယ် ကိုကိုရယ်. . . သွားပါရစေတော့ရှင်. . . ဇကရီ့အချစ်ကို မယုံနိုင်တော့သလို ဇကရီ့အပေါ် သံသယတွေအမျိုးမျိုးဝင်နေတဲ့ ကိုကို့ရင်ခွင်ထဲမှာ ဇကရီမနေပါရစေနဲ့တော့ ကိုကို. . .

ကိုကိုဆိုးခဲ့သမျှ အမိပ္ပါယ်မဲ့ခဲ့သမျှ ကိုကို့အပေါ် ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ သည်းခံခဲ့ပါတယ်. . .

တကယ်တော့. . . တကယ်တော့ မိုးယံရှိနေတဲ့အိမ်ကြီးဆီ ကိုကိုပြန်ပြောင်းလာတာကိုက အဓိပ္ပါယ်မရှိခဲ့တာ. . အပြုံးအတေးကြီးလွန်းခဲ့တာပါ. . .

ဇကရီသစ္စာရှိခဲ့ပါတယ် ကိုကို၊ တစ်နေ့လုံး အခန်းအောင်းပြီး ပျင်းရိငြီးငွေ့စွာ နေခဲ့ရတဲ့ရက်များစွာကို စက္ကန့်နဲ့ဆွဲဆန့်လိုက်မယ်ဆိုရင် ဇကရီ့နှလုံးသားတွေ သိပ်တင်းကြပ်နေရပါပြီ. . .

ဇကရီ့ပါးပြင်နှစ်ဖက်ပေါ်သို့ မျက်ဝန်းနှစ်ဖက်မှ မျက်ရည်တွေ စီးကျလာသည်။

"ဇကရီ. . . ဇကရီ၊ သတိနဲ့မောင်း"

မိုးယံဆိုင်ကယ်က ဇကရီ့ကားဘေးရောက်လာပြီး အော်ပြောလိုက်သောကြောင့် သူမဖျတ်ခနဲလှည့်ကြည့်ပြီး မျက်နှာလွှဲပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



- - - ပြဿနာထပ်ဖြစ်ချင်လို့ လိုက်လာတာလား မိုးယံ. . ဟု စိတ်ထဲမှ မေးနေမိသည်။

ထိုစဉ် သူတို့နှစ်ဦးကိုကျော်ပြီး ဇင်ယော်စိုး၏Cygnus ကားကြီးက ကျော်တက်လိုက်သည်။

ဧကရီ့နှလုံးသွေးတွေပြောင်းဆန်အောင် လှုပ်ရှားနေသည်၊ တည်ငြိမ်မှုရအောင် ကြိုးစား၍မရနိုင်။

ကိုကို့ကားကိုမြင်တော့ ပိုပြီးသတိလက်လွတ်ဖြစ်နေမိ[illegible] ကားကို အရှိန်မြှင့်ပြီး ကျော်တက်ရန် ကြိုးစားလိုက်သည်။

စိုးထိတ်ကြောက်လန့်မှုက သူမကိုဝါးမျိုထားပြီး ကိုကို့[illegible] အဝေးဆုံးကိုပြေးချင်နေသည်။

ထိုစဉ် ရှေ့မှ ဟီးနိုးကားကြီးတစ်စီးအရှိန်ဖြင့်လာနေ[illegible] ကို တွေ့ရ၏။

သူမကားကို လီဗာစွတ်တင်ပြီး ရှေ့သို့ကျော်တက်[illegible] အခါခါကြိုးစားနေသောကြောင့် ဇင်ယော်စိုးက သူမကား[illegible] မှနေ၍ သူ့ကားဖြင့်ကာဆီးပြီးမောင်းနေရသည်။

တစ်နေရာအရောက်. . .

"ဂျိမ်း. . . ဒိန်း. . . ဒိန်း"

ဇင်ယော်စိုး၏ Cygnus ကားကြီးနှင့် ဟီးနိုးကား [illegible]





တဆတ်ိုက်မိပြီး Cygnus ကားကြီး လည်ထွက်သွားသည်။

"ဟင် ကိုကို. . . အမလေး"

သူမကားလေးပါ လမ်းဘေးတစ်နေရာတွင် ပရမ်းပတာ ထိုးရပ်သွားရသည် မဟုတ်ပါလား. . .

ကိုကို့ကားရှိရာ သူမရုတ်တရက်မသွားဝံ့ဘဲ ကျောက်ရုပ် တစ်ရုပ်လို ငြိမ်သက်တွေဝေနေမိသည်။

"ကိုကို. . . ကိုကိုရယ်. . . ဧကရီ့ကြောင့် ခုလိုဖြစ်ရတာ. . . ဧကရီကြေကွဲနေရပြီ ကိုကို"

မိုးယံက ဆိုင်ကယ်ရပ်ပြီး ကိုကို့ထံပြေးသည်၊ ပြီးတော့ လူငေ့တွေဝိုင်းအုံလာကြပြီး ဆူဆူညံညံအသံတွေကြားနေရသည်။

"လာလေ ဧကရီ၊ ကိုကို့ကို ဆေးရုံသွားပို့ရမယ်"

မိုးယံက သူမလက်တစ်ဖက်ကို အတင်းအကြပ်ဆွဲခေါ် လာတာကိုပဲ သတိရသည်။ သူမစိတ်ထိခိုက်ပြီး ကြောက်ရွံ့ ထိတ်လန့်လွန်းသဖြင့် အိပ်မက်ထဲတွင် လမ်းလျှောက်နေသလို သတိကင်းမဲ့နေသည် မဟုတ်ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

သူနှစ်ရက်ခန့်သတိလစ်နေပြီးမှ သတိပြန်ရလာသည်။

သူမျက်လုံးများကို အသာဖွင့်ကြည့်လိုက်တော့ စိုးရိမ်ပူပန်နေသည့်မျက်နှာလေးကို မြင်တွေ့လိုက်ရသည်မဟုတ်[illegible]လား. . .

"ကိုကိုသတိရပြီနော်၊ မျက်လုံးတွေ မြင်ရတယ်နော် ကို[illegible]

"မြင်ပါတယ်"

သူ့အသံက အားလျော့နေပြီး လေသံမျှသာ. . .

"ကိုကို့အနားမှာ ဇကရီရှိနေတယ်နော် ကိုကို၊ [illegible] ကိုချစ်တယ်မဟုတ်လားဟင် ကိုကို"



သူက သူမစကားတွေကိုနားမလည်နိုင်သည့်မျက်ဝန်းများဖြင့် ငေးကြည့်နေသည်မို့ သူမစိုးရိမ်ပူပန်နေမိသည်။

သူ့ဒဏ်ရာက ခေါင်းနှင့်ခါးကိုထိထားသည်မှာ အပြင်းထန်ဆုံးရယ်ပါ။

သည်တော့ မျက်လုံးများကွယ်သွားနိုင်သလို အတိတ်မေ့သွားနိုင်၏။ ခါးကြောင့် ခြေထောက်များအကြောသေသွားပြီး လမ်းမလျှောက်နိုင်သည့် ဘဝမျိုးလည်းရောက်သွားနိုင်သည်ဟု ဆရာဝန်တွေက ပြောပြခဲ့သည်မို့ သူ့အတွက် စိုးရိမ်ပူပန်နေမိခြင်းပါ။

"မင်းဘယ်သူလဲ၊ ကျုပ်မသိဘူး"

ကိုကို့နှုတ်မှစကားကြောင့် ဇကရီ့တစ်ကိုယ်လုံးတုန်လှုပ်ချောက်ခြားသွားလေသည်။

"ဇကရီဆိုတာ ကိုကို့ဇနီးပါ၊ ကိုကိုလုံးဝမမှတ်မိတော့ဘူးလား ကိုကိုရယ်"

"မင်းက ကျုပ်ဇနီးဟုတ်လား ဟား ဟား ဟား ၊ ဟုတ်မှလဲပြောစမ်းပါ၊ မင်းလောက်လှတဲ့မိန်းကလေးဟာ ကျုပ်လို ဒုက္ခိတတစ်ယောက်ရဲ့ဇနီးဆိုတာဖြစ်နိုင်ပါ့မလားဟင်၊ ကျုပ်ခြေထောက်တွေက လုံးဝလှုပ်မရတော့ဘူး"

သူက အံ့ဩမယုံနိုင်လွန်းစွာပြောနေသည်။

ဇကရီ့မျက်ဝန်းနှစ်ဖက်မှ မျက်ရည်စက်များက ကိုကို့

www.burmeseclassic.com



ရင်ဘတ်ပေါ် တစ်စက်ချင်းကျနေ၏။

"ကျုပ် . . . ကျုပ်ဘာမှမသိတော့ဘူး၊ ဘာတစ်ခုမှမသိဘူး၊ ထွက်သွားစမ်း၊ ကျုပ်အနားက ခုချက်ချင်းထွက်သွားပါ"

"ကိုကိုရယ်"

သူမကြေကွဲဆို့နစ်စွာ ကြိတ်၍ရှိုက်ငိုနေမိသည်။

"ကံကြမ္မာက ရက်စက်လိုက်တာနော်၊ ကိုကိုနဲ့ကေရီ့အပေါ် ရက်စက်လိုက်တာရှင်"

အက်ကွဲဆို့နင့်စွာ ပြောနေမိသည်။

သံသယဆိုတဲ့သဝန်တိုမှုဟာ အချစ်ဆိုတဲ့အရာကို ဝါးမျို ပစ်ခဲ့ပြီ ကိုကို . . .

ဆေးရုံတွင် တစ်လခန့်ကုသခဲ့ပြီးမှ ဆေးရုံမှဆင်းခွင့်ရလေသည်။

မိုးယံက သူနေကောင်းစပြုလာသည့်ရက်မှစ၍ ဆေးရုံသို့ ရောက်မလာတော့ပေ။

သူဆေးရုံမှဆင်းလာချိန်တွင် မိုးယံတစ်ယောက် ရန်ကုန်မြေ၌ မရှိတော့ပါ။ L.A သို့ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။



# အခန်း(၁၃)

ကိုကိုကို သူ့ငါးထပ်တိုက်ကြီးရှိရာ ခြံကျယ်ကြီးဆီသို့ သူမပြန်ခေါ်လာခဲ့သည်။

ခြံကျယ်ကြီးထဲတွင် ကားကိုရပ်လိုက်ပြီး အသင့်ယူဆောင်လာသည့် wheel chair ပေါ် သူ့ကိုထိုင်စေသည်။

သူ့ကုမ္ပဏီမှဝန်ထမ်းအချို့ ကြိုဆိုနှုတ်ဆက်ကြ၊ ကူညီနေကြသော်လည်း အားလုံးကို သူကမမှတ်မိသလို စကားတည်းမပြော။

ခေတ်မီလှပ၍ ခမ်းနားကျယ်ဝန်းလှသည့် ငါးထပ်တိုက်ကြီးကို သူမော့ကြည့်လိုက်၏။

" Winter "(ဆောင်း)



www.burmeseclassic.com

www.burmeseclassic.com



သူ့တိုက်အိမ်ကြီးနဖူးစည်းမှာ သူကိုယ်တိုင်တပ်ဆင်စေခဲ့သည့် ရွှေရောင်ဆိုင်းဘုတ်ကြီး . .

တိုက်ကြီး၏ပဥ္စမထပ်ဆီသို့ lift ဖြင့်ရောက်လာခဲ့ပြီး အိပ်ခန်းကျယ်ကြီးထဲဝင်လာခဲ့သည်။

ပန်းနုရောင်ဇာကန့်လန့်ကာတစ်ထပ်၊ ပိုးကန့်လန့်ကာတစ်ထပ်ဖြင့် ပြင်ဆင်ထားသည့်အိပ်ခန်းကျယ်ကြီးက လှပသပ်ရပ်နေဆဲ၊ လတ်ဆတ်နေဆဲပင်။

"ကိုကို့ကို ဇကရီပြစရာရှိတယ်နော်"

ဇကရီမှန်တင်ခုံအံဆွဲထဲမှ ကတ္တီပါဘူးလေးကိုထုတ်ယူပြီး အထဲမှရွှေဆွဲကြိုးလေးကိုပြလိုက်သည်။

ရွှေကြိုးတွင် စိန်လော့ကက်လေးက ဝင်းလက်ပြီး တဖိတ်ဖိတ်တောက်နေသည်။

"ဒါကျွန်မတို့ ပထမဆုံးချစ်သူတွေဖြစ်ခဲ့တဲ့အချိန်မှာ ကိုကိုဆွဲပေးခဲ့တာလေ၊ မှတ်မိလား ကိုကို"

သူမက ရွှေကြိုးလေးကို လည်တိုင်တွင်ဆွဲလိုက်ရင်း နူးညံ့သိမ်မွေ့စွာမေးနေ၏။

သူအတန်ကြာတွေဝေနေပြီးမှ ခေါင်းခါရမ်းလိုက်သည်။ သူမကြေကွဲနာကျင်သွားရပြီ။

"ဟင် . . . တကယ်မမှတ်မိတော့ဘူးလား ကိုကိုရယ်





အဟင့် ဟင့်၊ ဇကရီကြေကွဲရပါပြီ ကိုကို_ ဇကရီလေ ကိုကို့တစ်ယောက်ကိုပဲ အသည်းနင့်အောင်ချစ်ခဲ့ရတာပါရှင်"

သူ့ရင်ခွင်ထဲတိုးဝင်ပြီး သူမတသိမ့်သိမ့်ငိုရှိုက်နေမိသည် မဟုတ်ပါလား . . .

- - - သည်စကားတွေကို ဘာဖြစ်လို့များ ခုချိန်ကျမှ ပြောရတာလဲ ချစ်လေးရယ်၊ ကိုကို့ခြေထောက်တွေ မသန်စွမ်းနိုင်တော့ဘဲ ဒုက္ခိတဘဝရောက်တော့မှပဲ ဖွင့်ပြောရသလား ကလေးရယ် . . . မင်းကလေး ကိုကိုနဲ့ဝေးရာကို သွားပါတော့ကွာ . . . သွားပါတော့၊ မင်းပျော်ရွှင်အောင် ကိုကိုမစွမ်းဆောင်နိုင်တော့ဘူးကွယ် . . .

"ကိုကို"

"ဘာလဲ"

"ဒီအိမ်ကြီးဟာ ဟေမန္တလေ၊ 'ဆောင်း'လို့ကိုကိုနာမည်ပေးခဲ့တယ်၊ မှတ်မိသလားဟင်"

"မမှတ်မိဘူး၊ အံ့ဩနေတာက ကျုပ်ဟာဒီလောက်ပဲ ကြွယ်ဝချမ်းသာတဲ့လူတစ်ယောက်လား ဟား ဟား"

"ကိုကိုဟာ တကယ့် Boss တစ်ယောက်ပဲ၊ Capital (အရင်းအနှီး)တွေအများကြီးပိုင်ဆိုင်ထားတဲ့လူပဲ၊ လူချမ်းသာတစ်ယောက်ပါ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကျုပ်ကိုချစ်တယ်တဲ့လား"

"သိပ်ချစ်ခဲ့ပါတယ် ကိုကိုရယ်၊ ကိုကိုကသာ မိုးယံဆိုတဲ့လူနဲ့အထင်လွဲခဲ့တာပါ၊ ခုသူလဲ Los Angeles ကိုထွက်သွားပါပြီ၊ သူ့မေမေလည်း ရိပ်သာဝင်သွားပြီလေ"

"မိုးယံ ဟုတ်လား၊ သူထွက်သွားတော့ မင်းစိတ်ထိခိုက်နေလား"

"အို . . ရင်ထဲဘာမှမရှိပါဘူး၊ အတိတ်မေ့နေတဲ့ ကိုကို့အတွက်ပဲ ယူကျုံးမရဖြစ်နေမိတာပါ ကိုကို၊ ဧကရီလေ သိပ်ခံစားနေရပါတယ် ကိုကိုရယ်"

"ဒီမှာ မိန်းကလေး၊ ကျုပ်နဲ့ဝေးဝေးနေပါ"

"ရှင်"

"မင်းဟာ ကျုပ်မိန်းမဆိုတာ မယုံဘူး၊ ခုထွက်သွားစမ်းပါ၊ ကျုပ်စည်းစိမ်ကိုမက်လို့ မင်းတမင်ဖက်တွယ်ပြီး ပြောနေတာလား"

သူ့အသံက မာကျောကျယ်လောင်ပြီး မျက်နှာကြီးတတင်းမာနေသည်မို့ သူမကြောက်ရွံ့ထိတ်လန့်နေမိသည်။

"မင်းမိဘတွေရှိလား"

"ဟုတ်ကဲ့"

"အဲဒီပြန်တော့"

"အို"





"ကျုပ်တစ်ယောက်တည်း အေးအေးဆေးဆေးနေပါရစေ၊ ကျုပ်ဟာ ဘဝမေ့နေတဲ့လူတစ်ယောက်၊ ပြီးတော့ ခြေထောက်တွေမသန်တော့ဘူး၊ ကျုပ်ဘဝက ရှုပ်ထွေးခက်ထန်နေသလို ကျုပ်ရင်ထဲမှာ မွန်းကြပ်နာကျင်နေတယ်ဆိုတာ မင်းနားလည်ရဲ့လား"

သူ့မျက်ဝန်းတွေထဲမှာ စိမ်းကားမှုတွေပြည့်လျှံနေသည်ဟု ဧကရီထင်မှတ်နေမိ၏။

"ထွက်သွားစမ်း၊ မင်းကိုကျုပ်အနားမှာ နေခွင့်မပြုနိုင်ဘူး၊ ငွေဘယ်လောက်ယူမလဲ၊ ကျုပ်ကိုကွာရှင်းပေးရမယ်၊ နားလည်လား"

"ကိုကို . . . ကိုကိုဘာတွေပြောနေတာလဲ"

"ကျုပ်ပြောနေတာ ရှင်းပါတယ်၊ ကျုပ်ဘဝနဲ့ကျုပ် တစ်ယောက်တည်းအေးအေးဆေးဆေးနေပါရစေ"

ဧကရီစိတ်ထိခိုက်ကြေကွဲပြီး မျက်ဝန်းနှစ်ဖက်မှ မျက်ရည်တွေစီးကျလာသည်။

"ကိုကို့ကို ဧကရီပြုစုပါရစေ၊ စောင့်ရှောက်ပါရစေ ကိုကို၊ အနားမှာနေခွင့်ပြုပါ"

"မလိုချင်ဘူး၊ မင်းမသွားရင် ငါသွားမယ်"

သူက wheel chair ကိုတွန်းပြီး စိတ်လိုက်မာန်ပါအမူအရာဖြင့် အခန်းထဲမှထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို. . . ကိုကို"

သူခတ်လှေကားဖြင့် အောက်ထပ်သို့ဆင်းသွားသဖြင့် ကေရီလည်း သူ့နောက်မှလိုက်ဆင်းလာခဲ့သည်။

ကေရီအောက်သို့ရောက်တော့ သူတခြံထဲထွက်သွားပေပြီ။ Wheel chair ကိုတွန်းပြီး ရေကူးကန်ဘက်သွားနေ၏။

"ကိုကို. . . ကိုကို"

ကေရီသူ့နောက်ပြေးလိုက်လာပြီး ရေကူးကန်ရှိရာသို့ Wheel chair လေးကို တွန်းလာပေးသည်။

"သွားတော့ မိန်းကလေး၊ မင်းထွက်မသွားရင် ကိုယ်ခြေဦးတည့်ရာထွက်သွားတော့မယ်"

"ဘာဖြစ်လို့လဲ ကိုကိုရယ်"

"ကိုယ့်စိတ်တွေ ရှုပ်ထွေးနေလို့ပေါ့"

"ကေရီ့ကို မမုန်းပါနဲ့နော်၊ ကိုကို့ကို သိပ်ချစ်ခဲ့တဲ့ ကေရီပါ ကိုကို"

ကေရီက သူ့ wheel chair လေးရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ကြင်နာစွာပြောတော့ သူကကေရီ့မျက်နှာလေးကိုစိတ်နာသလို စူးစူးစိုက်စိုက်ကြည့်နေသည်၊ ပြီးမှ. . .

"ဟား ဟား ဟား ဟား"

"သတိထားပါဦး ကိုကိုရယ်"

"ကျုပ်မရူးဘူးကွ နားလည်လား ကေရီ"





"ရှင်"

ကေရီအံ့ဩနားမလည်နိုင်စွာ ကိုကို့မျက်နှာကိုငေးကြည့်နေမိသည်မဟုတ်ပါလား. . .

"မင်းထွက်သွားအောင် ကျုပ်တမင်ဖန်တီးပြီးပြောနေတာကွ နားလည်လား၊ ကျုပ်အတိတ်မမေ့ပါဘူး၊ ဒါပေမယ့်ခြေထောက်တွေမသန်စွမ်းတော့တဲ့ဒုက္ခိတတစ်ယောက်တော့ ဖြစ်ခဲ့ရပြီ"

"ကေရီ့ကို ခွင့်လွှတ်ပါ ကိုကို၊ ကေရီ့ကြောင့် ကိုကိုခုလိုဖြစ်ခဲ့ရတာပါ"

ကေရီ့အသံက ကြေကွဲမှုဖြင့်အက်ကွဲတုန်ယင်နေသည်။

"မင်းကြောင့် ကျုပ်ဒီဘဝရောက်ခဲ့ရတယ်ဆိုတာ နားလည်ရင် ထွက်သွားစမ်းပါ၊ မင်းမျက်နှာကို ကျုပ်မကြည့်ပါရစေနဲ့တော့"

"တကယ်ပဲ နာကြည်းသွားပြီလား ကိုကိုရယ်"

"နာကြည်းတယ်ကွာ၊ မင်းကြိုက်သလောက်ယူပြီး ထွက်သွားပါတော့၊ ကိုယ်ပေးမယ်"

"ကေရီဘာမှမလိုချင်ပါဘူး ကိုကို၊ ကိုကို့အသည်းနှလုံးကိုအပိုင်ရခဲ့ဖူးပြီပဲရှင်၊ လူ့ထက်ပိုပြီး ဘယ်အရာမှ တန်ဖိုးမရှိပါဘူး ကိုကို၊ ကေရီ့ကို တကယ်နာကြည်းနေပြီလားဟင်"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကေရီသွားပါတော့မယ် ကိုကို၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ ထွက်သွားပါတော့မယ်၊ နှုတ်ဆက်ခဲ့ပါတယ် ကိုကိုရယ်၊ ကေရီ့ရင်ထဲမှာ ကိုကိုအမြဲတမ်းရှိနေမှာပါ"

စကားဆုံးသည်နှင့် သူမမျက်ရည်များကိုလက်ဖမိုးနှင့် ဖက်ဖြင့် သုတ်ပစ်လိုက်ပြီး ချာခနဲလှည့်ထွက်သွားတော့၏။

သူ မတားဆီးမိအောင် မျိုသိပ်ချုပ်ထိန်းထားရတာ ရင်ပွင့်မတတ်ခံစားနေရသည်မဟုတ်ပါလား. . .

ကေရီ့ခြေသံများက သူနှင့်တဖြည်းဖြည်း ဝေး၍ဝေး၍ သွားတော့၏။

- - - သွားတော့ ကေရီ. . . သွားတော့ကွယ်၊ ကိုကို ခွင့်မြှုပါတယ်၊ တကယ်တော့ ကိုကို့ဘဝက မင်းနဲ့မတန်တော့ ပါဘူး၊ မင်းကိုစွန့်လွှတ်ပေးသင့်ပြီဆိုတာ ကိုကိုနားလည်ပါ တယ်. . .

ဒါပေမယ့် ကေရီ့ကို ကိုကိုသိပ်ချစ်ပါတယ်၊ ဝေးလည်း မဝေးချင်ပါဘူး၊ ကိုကိုရင်ပွင့်မတတ်ခံစားနေရပါပြီ. ကေ အသည်းတွေတစ်ဖွဲ့ချင်း ကြွေနေရပါပြီ. . .

သူတစ်ယောက်တည်း အထီးကျန်စွာ Wheel chai ပေါ်ထိုင်နေမိရင်း မျက်ဝန်းနှစ်ဖက်မှ မျက်ရည်တွေပြည့်လျှံ လာသည်။

တစ်ယောက်တည်း ဘယ်လောက်ကြာကြာကြိတ်ငို





ငိုရှိုက်နေမိမှန်း မသိ။ ရင်ထဲမှာ တလိမ့်လိမ့်တက်ပြီး ဆို့နင့် လွှန်းမက နာကျင်လာမှပင် သတိပြန်ဝင်လာရသည် မဟုတ် ပါလား. . .

"ပြန်လာခဲ့ပါ ကေရီရယ်၊ ပြန်လာခဲ့ပါတော့၊ ချစ်လေး ဘယ်မှမသွားပါနဲ့တော့၊ ကိုကို့ဆီပြန်လာချင်တယ်ဆိုရင် ပြန်လာ ပါ ချစ်လေးရယ်၊ ပြန်လာခဲ့ပါကွာ. . ."

သူအရူးတစ်ယောက်လို ပေါက်ကွဲစွာအော်ပြောလိုက် မိသည်။

"ဟင် တကယ်လား၊ ကိုကို တကယ်လားဟင်"

ကေရီက ခရေပင်ကြီးကွယ်ရပ်နေရာမှ ပြေးထွက်လာ ပြီး လှိုက်မောတုန်ယင်စွာ မေးလေသည်။

"ဟင်. . . ချစ်လေး၊ ပြန်လာတယ်နော်"

သူအံ့ဩဝမ်းသာလွန်းသဖြင့် သူမတစ်ကိုယ်လုံးကို တင်း ကြပ်စွာ ဖက်ပွေ့ထားမိသည်။

"ကိုကို့ကို စိတ်မချလို့ ခြံဝရောက်မှပြန်လာခဲ့ပြီး ချောင်း ကြည့်နေခဲ့တာပါ ကိုကို"

"ကြည့်စမ်း. . ကြွင်နာတတ်လိုက်တဲ့ မိန်းမ"

"တကယ်ပဲ ပြန်လာခွင့်ပြုတယ်နော် ကိုကို"

"ပြန်လာမယ်ဆို လာခဲ့ပါ ချစ်လေး၊ ကိုကိုက ပိုပြီးချစ်ခဲ့ ရတဲ့သူပါကွာ"

www.burmeseclassic.com



ချစ်သူနှစ်ဦး မခွဲခွာနိုင်တော့ပါ။ တစ်ဦးကိုတစ်ဦး တင်းကြပ်စွာဖက်ထွေးထားမိကြပြီး မှတ်သိပ်သောအနမ်းများဖြင့် မျက်နှာနှစ်ခုထိကပ်သွားကြသည့်အချိန်တွင် ရင်ခုန်သံတွေ ပိုမြန်သွားရသည်မဟုတ်ပါလား. . .

ရွှင်လန်းချမ်းမြေ့ကြပါစေ...

စုလှဖြူ

am: 7:20

6th August, 2005.



www.burmeseclassic.com